ကရင်အသံ

Karen Information Center

လူ့အခွင့်အရေး
တိုင်းရင်းသားအခွင့်အရေး
ဒီမိုကရေစီအရေး

ဖေဖော်ဝါရီလ ၂၀၁၇ ခုနှစ် | The Karen News | အတွဲ (၄)၊ အမှတ် (၆)

ပြည်ထောင်စုသား အားလုံးနှင့်အတူ ကဏ္ဍစုံတွင် ပါဝင်ကြရန် ပအိုဝ်းတိုင်းရင်းသားများအား PNLO ဥက္ကဋ္ဌတိုက်တွန်း

ဧနှစ်ဝါရီ ၂၃ ရက်၊ ၂၀၁၇ ခုနှစ်
ကဆောဝါး

တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်–NCA လက်မှတ်ရေးထိုးထားသည့် ပအိုဝ်းအမျိုးသား လွတ်မြောက်ရေး အဖွဲ့ချုပ်–PNLO အနေဖြင့် နိုင်ငံရေး ဆွေးနွေးပွဲတွင် ပါဝင်ခွင့် ရရှိလာပြီ ဖြစ်သည့်အတွက် ပြည်ထောင်စုသား အားလုံးနှင့်အတူ ပအိုဝ်းတိုင်းရင်းသားများ အနေဖြင့် ကဏ္ဍစုံတွင် ပါဝင်ဆွေးနွေးပေးကြရန် PNLO ဥက္ကဋ္ဌ ခွန်မြင့်ထွန်းက တိုက်တွန်း ပြောဆိုလိုက်သည်။

ဧနှစ်ဝါရီလ ၂၂ ရက်နေ့က ကရင်ပြည်နယ်၊ ဖားအံမြို့ ဇွဲကပင်ခန်းမတွင် ပြုလုပ်သည့် ပအိုဝ်း တမျိုးသားလုံးဆိုင်ရာ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ (အကြို) ယခုလို တိုက်တွန်း ပြောဆိုလိုက်ခြင်း ဖြစ်သည်။

ၔင်းက 'ကျနော်တို့ ပအိုဝ်း အမျိုးသားတွေ နိုင်ငံရေး ဆွေးနွေး

စာမျက်နှာ (၉) သို့ ▸▸▸

၂၁ ပင်လုံအပြီး တိုင်းရင်းသားဒေသများတွင် ပဋိပက္ခပိုများလာဟု ငြိမ်းချမ်းရေး စစ်တမ်းတွင်ထောက်ပြ

ဧနှစ်ဝါရီ ၂၈ ရက်၊ ၂၀၁၇ ခုနှစ်
စောထွန်းလင်း

အစိုးရသစ် လက်ထက် ၂၀၁၆ ခုနှစ် ဩဂုတ် ၃၁ ရက်နေ့တွင် စတင်ကျင်းပခဲ့သည့် ငြိမ်းချမ်းရေး ညီလာခံ (၂၁ ရာစုပင်လုံ) အခမ်းအနားအပြီး တိုင်းရင်းသားဒေသများတွင် ပဋိပက္ခ ပိုမိုများပြားလာသည်ဟု နိုင်ငံတကာမြန်မာ့သတင်းအဖွဲ့–BNI က ပြုစုထုတ်ဝေသည့် ၂၀၁၆ ငြိမ်းချမ်းရေး အကိုးအကားလမ်းညွှန်စာအုပ် မိတ်ဆက်ပွဲ အခမ်းအနားတွင် BNI ဒါရိုက်တာ တဦးဖြစ်သူ နိုင်ကဆုမွန်က ပြောသည်။

အဆိုပါ စာအုပ်မိတ်ဆက်ပွဲ အခမ်းအနားကို ဧနှစ်ဝါရီ ၂၇ ရက်နေ့၊ နံနက် ၁၀ နာရီမှ ၁၂ နာရီထိ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ မဟာဗန္ဓုလ ပန်းခြံလမ်းရှိ

စာမျက်နှာ (၉) သို့ ▸▸▸

IFC ၏ ရေကာတာ တည်ဆောက်ရေးမြှင့်တင်ရန် အစီအစဉ်မြစ်ချောင်းကွန်ရက်အဖွဲ့များ ဆန့်ကျင်

ဧနှစ်ဝါရီ ၂၇ ရက်၊ ၂၀၁၇ ခုနှစ်
စအိုင်ဆူး

စစ်ဖြစ်ပွားရာဧရိယာတွင်း နိုင်ငံတကာ ငွေကြေးကော်ပိုရေးရှင်း -IFC ၏ မြန်မာနိုင်ငံတွင်း ရေကာတာ တည်ဆောက်ရေး မြှင့်တင်ရန် အလုပ်ရုံဆွေးနွေးပွဲ အစီအစဉ်များ ပြုလုပ်နေမှုအပေါ် ဆန့်ကျင်ကြောင်း မြန်မာနိုင်ငံမြစ်ချောင်းများဆိုင်ရာကွန်ရက်–BRN နှင့် သံလွင်ထိန်းသိမ်း ကာကွယ်ရေး ကွန်ရက်–SSN တို့မှ ဧနှစ်ဝါရီ ၂၇ တွင် ကြေငြာချက်တစောင် ထုတ်ပြန် ပြောဆိုလိုက်သည်။

ငြိမ်းချမ်းရေး တည်ဆောက်သည့် ကာလအတွင်း အစိုးရစစ်တပ်နှင့် တိုင်းရင်းသားတော်လှန်ရေး လက်နက်ကိုင်တို့၏ စစ်ရေး ပဋိပက္ခဇုံများ၌ ရေကာတာ တည်ဆောက်ရေး အစီအစဉ်များမှာ တိုင်းပြည်ပဋိပက္ခကို ပိုမို ဖြစ်ထွန်းစေသောကြောင့် ၔင်းအစီအစဉ်များကို ဆန့်ကျင်ခြင်းဖြစ်သည်ဟု ကွန်ရက်၏ ပြောခွင့်ရ စောသာဘိုးက ပြော သည်။

ၔင်းက 'IFC လုပ်နေတာက အချိန်စောသေးတယ်။ နောက်ပြီး ကျနော်တို့ဆီက ပူးပေါင်းပါဝင်မှု မရှိဘူး။ ဒေသခံတွေနဲ့ ပွင့်လင်းမြင်

စာမျက်နှာ (၅) သို့ ▸▸▸

စည်းလုံးညီညွတ်မှုဖြင့် ခရီးဆက်ရမည့် နိုင်ငံရေးဆွေးနွေးပွဲများ

ပြီးခဲ့သည့် ဇန်နဝါရီ ၁၈ရက်မှ ၂၀ရက်နေ့အထိ ကရင်လူမျိုးတို့၏ လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို ကရင်ပြည်နယ်၊ ဖားအံမြို့၌ အောင်အောင်မြင်မြင် ကျင်းပပြီးစီးခဲ့သည်။ ကရင်ဘာသာရေး ခေါင်းဆောင်များ၊ လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ အရပ်ဖက် လူမှုအဖွဲ့အစည်းများ၊ အမျိုးသမီးနှင့် လူငယ်မောင်မယ်များ၊ စာပေ/အနုပညာရှင်များ စသဖြင့် နယ်ပယ်စုံမှ ကရင်လူမျိုးများနှင့် အစိုးရ၏ အဆင့်ဆင့်သော တာဝန်ရှိသူများ အပါအဝင် လူပရိသတ် ဖိတ်ကြားခံခဲ့ကြသည်မှာ မိမိတို့ စုစည်းညီညွတ်မှုကို ထင်ဟပ်ပြသလိုက်ခြင်း ဖြစ်သည်ဟု ဆိုနိုင်သည်။

သို့သော် စည်းလုံးညီညွတ်မှုနှင့် လူတဦးချင်းစီတွင်ရှိသည့် လွတ်လပ်စွာ သဘောထားကွဲလွဲခွင့်ကို ခွဲခြားမြင်တတ်ရန်လိုသည်။ နယ်ပယ်စုံမှ ရာနှင့်ချီ၍ တက်ရောက်ခဲ့ကြသည့် အဆိုပါဆွေးနွေးပွဲတွင် တဦးနှင့်တဦး အမြင်မတူမှုများရှိသည်မှာ လောကဓမ္မတာပင် ဖြစ်သည်။ ဒီမိုကရေစီတွင် လွတ်လပ်စွာ သဘောထားကွဲလွဲခွင့် ရှိသော်လည်း ဘုံအကျိုးစီးပွားအတွက်မူ တဦး၏အမြင်သဘောထားကို အခြားသူများက လေးစားခြင်း၊ ညီညွတ်စွာ ညှိနှိုင်းတိုင်ပင်၊ ဆုံးဖြတ်နိုင်ခြင်းသည် စည်းလုံးညီညွတ်မှု၏ အနှစ်သာရပင် ဖြစ်သည်။

လူမျိုးအလိုက် ဆွေးနွေးပွဲတွင် ကရင်အမျိုးသား၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ မြေယာနှင့် သဘာဝသယံဇာတ စသည့်ကဏ္ဍကြီး (၄)ရပ်၏စာတမ်းမူကြမ်းကို ဆွေးနွေးဖြည့်စွက် အတည်ပြုခဲ့ကြပြီး ဒေသအလိုက်၊ ကဏ္ဍအလိုက် ဆွေးနွေးမှုများ ဆက်လက် ဆောင်ရွက်ကာ ဒုတိယအကြိမ် ထပ်မံ ပြုလုပ်မည့် (၂၁)ပင်လုံရာစု ပြည်ထောင်စုဒြိမ်းချမ်းရေးညီလာခံသို့ တင်ပြသွားမည်ဟု ထုတ်ဖော် ပြောဆိုခဲ့ကြသည်။ ထိုနေရာတွင် သတိပြုရမည်မှာ မြန်မာနိုင်ငံရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ တန်းတူညီမျှ အခွင့်အရေးအတွက် ယခုနိုင်ငံရေးဆွေးနွေးပွဲသည် လေ့ခါးတခု၏ အောက်ဆုံးအထစ် အစခြေလှမ်းမျှသာဖြစ်ရာ တိုင်းရင်းသားအားလုံး ညီညီညွတ်ညွတ်ဖြင့် ရည်မှန်းချက်ပန်းတိုင်သို့ ဆက်လျှောက်လှမ်းရပေဦးမည်။

အမှန်စင်စစ် လွတ်လပ်ရေးရပြီးစအချိန်တွင် တိုင်းရင်းသား ညီအစ်ကိုများ တန်းတူညီမျှ အခွင့်အရေး မရရှိခဲ့ခြင်း၊ နိုင်ငံ့အရေးအရာကို နိုင်ငံရေးနည်းဖြင့် မဖြေရှင်းခဲ့ကြခြင်းကြောင့် ပြည်တွင်းစစ်မှာ ယခုအချိန်ထိ ဖြစ်ပွားနေခဲ့ရခြင်းဖြစ်သည်။ ၂၀၁၅ ခုနှစ်တွင် ပြည်တွင်းစစ် ရပ်စဲရေး ကနဦးခြေလှမ်းဖြစ်သည့် တနိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးစာချုပ်–NCA ကို တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့ ၈ ဖွဲ့က စတင် လက်မှတ်ထိုးခဲ့သည်။ နောက်ဆက်တွဲအနေဖြင့် ယခုလို နေရာဒေသအချို့တွင် လူမျိုးအလိုက် နိုင်ငံရေးဆွေးနွေးပွဲများ စတင်နိုင်ပြီဖြစ်သော်လည်း အားလုံးနှင့် အသင့်တော်ဆုံး ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုမှာမူ အလှမ်းဝေးနေဆဲ ဖြစ်သည်။ ထိုပန်းတိုင်သို့ ရောက်ရှိစေရေးအတွက် အချိန်ယူကာ သတိကြီးစွာဖြင့် အပြန်အလှန် လေးစားမှု၊ စေတနာမှန်ကန်စွာ၊ တိုင်းပြည်တခုလုံး၏ အနာဂတ်ကောင်းကျိုးကို မျှော်ကိုးလုပ်ဆောင်သင့်သလို အဓိကနှင့် သာမည်ကိုလည်း ခွဲခြားလုပ်ဆောင်တတ်ဖို့လည်း လိုသည်။

လက်ရှိ မြန်မာ့နိုင်ငံရေးတွင် တပ်မတော်အနေဖြင့် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကိုသာ ဆက်စွဲကိုင်ထားသလို NLD အစိုးရအနေဖြင့်လည်း ထိုဖွဲ့စည်းပုံအရသာ အုပ်ချုပ်နေခြင်းဖြစ်ရာ တပ်မတော်အပေါ် မည်မျှ သြဇာလွှမ်းမိုးနိုင်သည်၊ မည်မျှ ပူးပေါင်းညှိနှိုင်းလုပ်ဆောင်နိုင်သည်ကို ထုတ်ဖော်ပြသနိုင်ခြင်း မရှိသေးပေ။ အလားတူ NCA တွင် မပါဝင်သေးသည့် တိုင်းရင်းသားများအနေဖြင့်လည်း အစိုးရသစ်၏ ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် လိုက်ပါလုပ်ဆောင်ရန် စောင့်ကြည့်နေဆဲဖြစ်ကာ ငြိမ်းချမ်းရေးခရီးလမ်းမှာ ရှည်လျားစွာ ကျန်နေသေးသော အခြေအနေတွင်သာ ရှိနေသေးသည်ကို တွေ့ရမည် ဖြစ်သည်။

ဖားအံ၊ နိုင်ငံရေးဆွေးနွေးပွဲအပြီး ထုတ်ပြန်ချက်တွင် နိုင်ငံရေးဆွေးနွေးပွဲတွင် အားလုံးပါဝင်ခွင့်ရရှိရေးအတွက် အစိုးရနှင့် တပ်မတော်တို့က ပိုမိုလမ်းဖွင့်ပေးရန် တိုက်တွန်းခဲ့သည့်အတွက် ဆိုင်ရာအဖွဲ့အစည်းများကလည်း အမိနိုင်ငံသူ နိုင်ငံသားအားလုံး၏ အကျိုးစီးပွားကို ရှေ့ရှုကာ သဘောထားကြီးကြီး တုံ့ပြန်မှသာ ငြိမ်းချမ်းရေးခရီးလမ်း ချောမွေ့နိုင်မည်ဖြစ်သည်။ လက်ရှိ အခြေအနေသည် နိုင်ငံရေးပြဿနာကို စစ်ရေးနည်းဖြင့် အဖြေရှာမရကြောင်းကို အားလုံးက လက်တွေ့ကျစွာ မြင်တွေ့၊ ကြားသိထားပြီး ဖြစ်ပေသည်။

ထို့အတွက်ကြောင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဆွေးနွေးအဖြေရှာရန် တဆင့်ချင်း၊ တလှမ်းချင်း ညီညီညွတ်ညွတ် လက်တွဲလုပ်ဆောင်ရန်အတွက် စာရေးဆရာကြီး ဒဂုန်တာရာ ပြောဆိုခဲ့ဖူးသည့် 'နိုင်ငံရေးဟူသည် ရန်သူကို မိတ်ဆွေဖွဲ့ခြင်းပင်ဖြစ်သည်'ကို နှလုံးသွင်းလျက် နိုင်ငံရေးဆွေးနွေးပွဲများမှတဆင့် ပြည်ထောင်စုဒြိမ်းချမ်းရေးညီလာခံ (၂၁ရာစုပင်လုံ)ဆွေးနွေးပွဲများသို့ စုစည်းညီညွတ်စွာ လုပ်ဆောင်တက်လှမ်းကြပါစို့ဟု ကရင်သတင်းစဉ်က တိုက်တွန်းလိုပါသည်။

အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲမှ သဘောထားများ အဆင့်သုံးဆင့် ကျော်ဖြတ်ရမည်ဖြစ်၍ ခက်ခဲသည်ဟု ကေအဲန်ယူ ပြောဆို

ဇန်နဝါရီ ၂၃ ရက်၊ ၂၀၁၇ ခုနှစ်
စောခါးစူးညား

အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ဆောင်ရွက်ရာ၌ ရရှိသည့် သဘောထားမူများကို ၂၁ ပင်လုံ ပြည်ထောင်စု ညီလာခံသို့ တင်ရန် အဆင့်သုံးဆင့် ကျော်ဖြတ်ရမည်ဖြစ်၍ အခက်အခဲရှိသည်ဟု ကရင်အမျိုးသား အစည်းအရုံး–ကေအဲန်ယူ တွဲဖက်အတွင်းရေးမှူး–၂ ပဒိုမန်းမန်းမန်းက ဇန်နဝါရီ ၂၀ ရက်နေ့က ပြောဆိုသည်။

'ဆွေးနွေးပွဲကနေ ကျနော်တို့ ချမှတ်နိုင်ခဲ့တဲ့ မူတွေဟာ ၂၁ပင်လုံ ညီလာခံကို ရောက်ဖို့ အဆင့်သုံးဆင့် သွားရမှာ ဖြစ်ပါတယ်။ ပထမအဆင့်က လုပ်ငန်းအဖွဲ့လို့ ခေါ်တဲ့ Working Group Committee ကို ရောက်မယ်။ ပြီးမှ UPDJC ကို ရောက်မယ်။ အဲဒီကမှ ၂၁ပင်လုံကို ရောက်မယ်။ ဒီသုံးဆင့်ကို ကျော်နိုင်ဖို့က ကျနော်တို့မှာ အခက်အခဲ အများကြီး ရှိတယ်လို့ပဲ ပြောရမှာ ဖြစ်ပါတယ်'ဟု ပဒိုမန်းမန်းမန်းက ဆိုသည်။

အနာဂတ် ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေးအတွက် ရည်ရွယ်၍ လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ(ကရင်) ခေါင်းစဉ်ဖြင့် ကရင်ပြည်နယ် ဖားအံမြို့တွင် ဇန်နဝါရီ ၁၈ ရက်မှ ၂၀ ရက်နေ့အထိ ပြုလုပ်သည့် ဆွေးနွေးပွဲနောက်ဆုံးရက်တွင် ပဒိုမန်းမန်းမန်းက သတင်းထောက်များအား ထိုသို့ ပြောဆိုခဲ့ခြင်းဖြစ်သည်။

ထို့အပြင် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများတွင် ပါဝင်ထိုက်သည့် တိုင်းရင်းသားအဖွဲ့များ အားလုံး ပါဝင်ရန် လိုအပ်ကြောင်း၊ ဆွေးနွေးပွဲမှ ရရှိသည့် သဘောထားအမြင်နှင့် မူများကို အစိုးရနှင့် တပ်မတော်တို့ဘက်မှ လိုက်လျောမည်ထက် မည်မျှလက်ခံသည် ဟူသည့်အပေါ်တွင် မူတည်ကြောင်းနှင့် အခြားတိုင်းရင်းသားအဖွဲ့များ၏ သဘောထားမူများသည် ကရင်အမျိုးသားမူများနှင့် အလွန်ကွဲပြားလိမ့်မည် မဟုတ်ကြောင်း ၎င်းက ဆက်ပြောသည်။

၂၁ ရာစု(ပင်လုံ) ပြည်ထောင်စုညီလာခံသို့ တင်သွင်းသွားနိုင်ရန် လူမျိုးအလိုက်၊ ဒေသအလိုက်နှင့် အကြောင်းအရာအလိုက် စသည့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကို အဆင်သင့်ဖြစ်သော နေရာဒေသများတွင် ဆက်လက်ကျင်းပသွားရန် ရှိသည်ဟု သိရသည်။

အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲနှင့်ပတ်သက်၍ ကရင်အမျိုးသားပါတီ(ကေအဲန်ပီ) ဒုဥက္ကဋ္ဌ မန်းထိန်ဝင်းစိန်က 'ကျနော်တို့ တိုင်းရင်းသားတွေဟာ နှစ်ပေါင်း ၆၀ ကျော် ဖက်ဒရယ် ပြည်ထောင်စုဆိုတဲ့ စကားကို ပြောခွင့်မရခဲ့ဘူး။ ဖားအံမှာလုပ်တဲ့ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲမှာ ရင်ထဲက စကားတွေကို တင်ပြခွင့်ရတဲ့အတွက် နိုင်ငံရော တိုင်းရင်းသားအားလုံးအတွက်ပါ ကောင်းတယ်လို့ပဲ ခံစားရပါတယ်'ဟု ကရင်သတင်းစဉ်သို့ ပြောသည်။

တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ် မထိုးနိုင်သေးသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့် NCA လက်မှတ်ထိုးနိုင်ရေးနှင့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများတွင် ပါဝင်နိုင်ရေးအတွက် ပိုမိုလမ်းဖွင့်ပေးထားရန် ကေအဲန်ယူ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုးက ဇန်နဝါရီ ၁၈ ရက်နေ့၊ မိန့်ခွန်းတွင် အစိုးရနှင့် တပ်မတော်တို့အား တောင်းဆိုထားသည်။

ကရင်သတင်းစဉ်

အမှုဆောင်နာယက	မန်းလင်းမြတ်ကျော်
အယ်ဒီတာချုပ်	နန်းဖော့ဂေ
အမှုဆောင်အယ်ဒီတာ	စောထွန်းလင်း
သတင်းတာဝန်ခံ	စောခါးစူးညား၊ စောသိန်းမြင့်
သတင်းထောက်များ	စဖန်းရှောင်း၊ နန်းဝေဖြိုးဇာ၊ စအိုင်ဆူး၊ စောညွန့်သောင်း ကဆောဝါး၊ စောမြတ်ဦးသာ၊ နန့်သွာဖောင်
ကရင်ပိုင်း	နော်စေးခုဒူး၊ စောသိန်းမြင့်
စာစီဒီဇိုင်းအယ်ဒီတာ	စောဖိုးမူး၊ ကျော်အဲနယ်
ထုတ်ဝေသူ	စောသန့်ဇင်ဦး (၀၀၃၄၇) ဒုံရင်းကျေးရွာ၊ ဘားအံမြို့ ကရင်ပြည်နယ်
ပုံနှိပ်သူ	အောင်ချမ်းသာပုံနှိပ်တိုက် (၀၀၆၄၁) တာမွေမြို့နယ်၊ ရန်ကုန်။
တန်ဘိုး၊ စောင်ရေ	၅၀၀ ကျပ်၊ စောင်ရေ ၃၅၀၀
ဆက်သွယ်ရန်	အမှတ် (၈) ရပ်ကွက်၊ ထောင်ဝိ (၁၂) လမ်း၊ ဘားအံမြို့ ကရင်ပြည်နယ် kicnews@yahoo.com, kicnews97@gmail.com www.kicnews.org, www.karennews.org 09421026867, 09452849329, 09973883218

ပုံမှန်ဖုန်းခေါ်ဆိုခထက် ၇၅% သက်သာသောအထူးနှုန်း

ဖုန်းခေါ်ဆိုခ ၁မိနစ် ၅၀ကျပ်

စာရင်းသွင်းခ တစ်လလျှင် ၁၀၀၀ကျပ် (ရက် ၃၀သုံးစွဲနိုင်ပါသည်။)

ပရိုမိုးရှင်းနှုန်းဖြင့်အသုံးပြုရန်နည်းလမ်းများ

- TMIDD ဟုရိုက်၍ 500 သို့ SMS ပို့ပါ။
- My Telenor App ဖြင့်လည်း အသုံးပြုနိုင်ပါသည်။
- *979*2*5*1# ဟုရိုက်၍ ဖုန်းခေါ်ဆိုပါ။ (ကြို့တင်ငွေဖြည့်သုံးဆင်းမ်ကတ်များအတွက်သာ)

အသေးစိတ်အချက်အလက်များကို www.telenor.com.mm နှင့် My Telenor App တို့အပြင် *979# သို့ဆက်သွယ်ကြည့်ရှုနိုင်ပါသည်။ ပရိုမိုးရှင်းကာလကုန်ဆုံးရက်ကိုထပ်မံကြေငြာပါမည်။

မြန်မာနိုင်ငံရဲ့ အကြီးမားဆုံးဆင်တာနက်ကွန်ရက်



လူမျိုးအလိုက် နိုင်ငံရေးဆွေးနွေးပွဲအတွင်း တင်ထားသည့် စာတမ်းများ အကောနည်းကြောင်း တောင်ကလေးဆရာတော် ဝေဖန်

ဧန်နဝါရီ ၂၀ ရက်၊ ၂၀၁၇ ခုနှစ်

ကရင်ပြည်နယ် ဖားအံမြို့၌ ကျင်းပသည့် လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲအတွင်း တင်သွင်းထားသည့် စာတမ်းများထဲတွင် အနာဂတ် ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စုအတွက် သွားပါက အားနည်းချက်များ ရှိကြောင်း တောင်ကလေးဆရာတော် ဒေါက်တာ အရှင်ပညာသာမိက ယနေ့ မိန့်ကြား ဝေဖန်လိုက်သည်။

'ဒီကနေ့ တနိုင်ငံလုံးမှာ ရှိကြတဲ့ ကရင်တိုင်းရင်းသားလူမျိုးများ၊ မိမိတို့ တင်သွင်းတဲ့ စာတမ်းကို ပညာရှင်စာတမ်း ဟုတ်မဟုတ်၊ အဲလောက်လေးနဲ့တော့ ဖက်ဒရယ် မဖြစ်သေးဘူး။ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ မြေယာစနစ်နဲ့ ပတ်သက်တာတွေ အားလုံးဟာ လူမျိုးစုရိုက်၊ နိုင်ငံစုရိုက်၊ ဒေသစုရိုက် ဒေသပုံစံတွေ မဖြစ်သည့် အတွက်ကြောင့် ပထမဦးဆုံးအကြိမ် လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ(ကရင်) တွေဟာ ပြည်ထောင်စုအဆင့် လွှတ်တော်သို့ ဒီစာတမ်းကို တင်သွင်းမယ်ဆိုရင် အားနည်းပါတယ်ဆိုတဲ့ အကြောင်း ဝေဖန်ပါတယ်'ဟု ယင်းဆွေးနွေးပွဲ၏ မိန့်ခွန်းညြဝါဒတွင် ဆရာတော်က ထိုသို့ မိန့်ကြားခဲ့ခြင်း ဖြစ်သည်။

ယခု ဆွေးနွေးပွဲတွင် ကရင် အမျိုးသားများက ကဏ္ဍကြီး ၄ ရပ် ဖြစ်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် မြေယာနှင့် သဘာဝသယံဇာတ စသည့် ကဏ္ဍ၏ မူကြမ်းအား ဆွေးနွေးခဲ့ကြပြီး လက်ရှိ ဆွေးနွေးတင်သွင်းထားသည့် အချက်အလက်များအရ လေ့လာဖတ်ရှုသည့် အခါ အားနည်းချက်များ တွေ့ရှိခဲ့သည်ဟု ဆရာတော်က မိန့်ကြားထားသည်။

ထို့အပြင် ဘာသာရေးပုဂ္ဂိုလ်များသည် နိုင်ငံရေးကဏ္ဍများတွင် ဝင်ရောက်စွက်ဖက်ရန် အခွင့်အရေး မရှိသော်လည်း မိမိ၏ အမျိုးသားအတွက် ဝေဖန်ပြောဆိုထောက်ပြခွင့် ရှိသည့်အလျောက် ယခုလို ပြောဆိုခြင်းဖြစ်သည်ဟု တောင်ကလေးဆရာတော် ဒေါက်တာ အရှင်ပညာသာမိက ဆိုသည်။

တောင်ကလေး ဆရာတော်သည် လတ်တလော ဖားအံမြို့အနီး တောင်ကလေး ကျေးရွာ ဘုန်းတော်ကြီး ကျောင်းတွင် သီတင်းသုံးနေပြီး ကရင်ပြည်နယ်အတွင်း သာမက မြန်မာနိုင်ငံအတွင်း ထင်ရှားသည့် အထင်ကရ ဆရာတော်တပါး ဖြစ်သည်။

အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲအတွက် နိုင်ငံရေးကဏ္ဍ အခြေခံမူကြမ်း(၈)ချက် ဆွေးနွေးချမှတ်ခဲ့

ဧန်နဝါရီ ၁၃ ရက်၊ ၂၀၁၇ ခုနှစ်
စောညွန့်သောင်း

အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲသို့ တင်သွင်းရန်အတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ မြေယာနှင့် သဘာဝ သယံဇာတ စသည့် ကဏ္ဍကြီး လေးခုအနက် အချက် ၈ ချက်ပါ နိုင်ငံရေးကဏ္ဍ ဆိုင်ရာ အခြေခံမူကြမ်းကို ဖားအံမြို့၊ ဇွဲကပင်ခန်းမ၌ ဧန်နဝါရီ ၁၁ ရက်မှ ၁၃ ရက်နေ့အထိ ကျင်းပသည့် နိုင်ငံရေးကဏ္ဍဆိုင်ရာ ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲတွင် ဆွေးနွေးချမှတ်ခဲ့ကြသည်။

နိုင်ငံရေးကဏ္ဍကို ဦးဆောင်သူ KNU–ကရင်အမျိုးသား အစည်းအရုံးမှ ပဒိုစောအယ်ကလူစေးက 'ကျနော်တို့ အမျိုးသားအဆင့် ဆွေးနွေးဖို့အတွက် နိုင်ငံရေးကဏ္ဍမှာ အခြေခံမူ ချမှတ်နိုင်ဖို့အတွက် ကျနော်တို့ ကရင်ကိုယ်စားလှယ် အသီးသီး

အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ တင်သွင်းမည့် ကဏ္ဍကြီး (၄)ခုအနက် လူမှုရေးကဏ္ဍအခြေခံမူကြမ်းချမှတ်

ဧန်နဝါရီ ၁၁ ရက်၊ ၂၀၁၇ ခုနှစ်။
စောညွန့်သောင်း

အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွင် တင်သွင်းရန်အတွက် ကဏ္ဍကြီး ၄ ခုအနက် အချက် ၆၀ ကျော်ပါ လူမှုရေးကဏ္ဍ ဆိုင်ရာအခြေခံမူကြမ်းကို ဖားအံမြို့၊ ဇွဲကပင်ခန်းမတွင် ဧန်နဝါရီ ၈ ရက်မှ ၁၀ ရက်နေ့အထိ ကျင်းပသည့် လူမှုရေးကဏ္ဍဆိုင်ရာ ကရင်အမျိုးသားနိုင်ငံရေး ဆွေးနွေးပွဲတွင် ဆွေးနွေးချမှတ်နိုင်ခဲ့သည်။

ပြည်တွင်း နေရပ်စွန့်ခွာတိမ်းရှောင်သူများ(IDP)၊ နယ်စပ်နှင့် တဘက်နိုင်ငံရောက် ဒုက္ခသည်များအား ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူငယ်အရေး၊ သက်ကြီးရွယ်အို၊ အမျိုးသမီးနှင့်ကလေး စသည့်ခေါင်းစဉ်များ ပါဝင်သော ယင်းအခြေခံမူကြမ်းကို ကရင်လူမျိုးများနေထိုင်ရာ ဒေသအသီးသီးမှ ကိုယ်စားလှယ်များက ဆွေးနွေးချမှတ်ခဲ့ခြင်းဖြစ်သည်ဟု ဆွေးနွေးပွဲကို ဦးဆောင်သူ စောစတိဗ်က ပြောသည်။

ဌင်းက 'အဓိက ကျနော်တို့ ခေါင်းစဉ်ကြီးအနေနဲ့ ဆွေးနွေးသွားတာ IDP နဲ့ဒုက္ခသည်များ ပြန်လည်နေရာချထားရေးနဲ့ ပြန်လည် ထူထောင်ရေး ကိစ္စရပ်တွေမှာ ပိုမိုကောင်းမွန်ဖို့နဲ့ လူမှုဖွံ့ဖြိုးရေး ဆိုင်ရာ အခြေခံမူကြမ်းတွေကို ဆွေးနွေးဖြစ်ကြပါတယ်။ အဲဒါတွေကို အကြမ်းပဲ ရှိပါသေးတယ်။ မူကြမ်းကနေ မူချောအဆင့်ဆင့် ဆက်ပြီး ဆွေးနွေးသွားရဦးမှာ ဖြစ်တယ်'ဟု ဆွေးနွေးပွဲအပြီး သတင်းစာ ရှင်းလင်းပွဲတွင် ပြောသည်။

ထိုသို့ဆွေးနွေးကြရာ၌ IDP နှင့် Refugee ဒုက္ခသည်များ အရေးကိစ္စအားလုံးကို အလွယ်တကူ အဆင်ပြေခဲ့သော်လည်း လူမှုရေးကဏ္ဍတွင် အချို့ကဏ္ဍခွဲများ၌ အနည်းငယ် နားလည်မှုလွဲချော်မှုရှိပြီး နောက်ဆုံး အပြန်အလှန် ဆွေးနွေးရာ၌ ပြန်လည်အဆင် ပြေခဲ့သည်ဟု အမျိုးသားလွှတ်တော် ကိုယ်စားလှယ် နော်စူစဲနာလှလှစိုးက ပြောသည်။

'IDP နဲ့ Refugee ကဏ္ဍကတော့ အားလုံးရှင်းတယ်။ လူမှုရေးကဏ္ဍ ဆွေးနွေးကြရာမှာတော့ နည်းနည်းတော့ နားလည်မှုလွဲတာ ရှိတယ်။ နောက်ဆုံးမှာတော့ အဆင်ပြေသွားပါတယ်။ လူမှုရေးမှာ အမျိုးသမီးနဲ့ကလေး၊ လူငယ်နဲ့ မူးယစ်ဆေးဝါးကိစ္စ အခြားကဏ္ဍတွေ လည်းပါဝင်ပြီးတော့ ခေါင်းစဉ်အကရင် အမျိုးသားများ ဆွေးနွေးပွဲတွင် အဆိုပါကဏ္ဍကြီး ၄ ရပ်အား တင်သွင်းသွားမည်ဟု ကရင်အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးကော်မတီ– KUPC ကိုယ်စားလှယ် စောကျော်စွာက ပြောသည်။

အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ မြေယာနှင့် သဘာဝ ပတ်ဝန်းကျင် စသည့်ကဏ္ဍကြီး ၄ ရပ်တို့ကို လူမျိုးအလိုက် ဆွေးနွေးရန် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)က ချမှတ်ထားခြင်းဖြစ်သည်။

ကရင်အမျိုးသားများ အနေဖြင့် ယင်းကဏ္ဍကြီး ၄ ရပ်မှ စီးပွားရေး၊ လူမှုရေးနှင့် မြေယာနှင့် သဘာဝ ပတ်ဝန်းကျင်တို့ကို အခြေခံ မူဝါဒ အကြမ်းအား ဆွေးနွေးချမှတ်ပြီးစီး ပြီဖြစ်ရာ ကျန်ရှိနေသည့် နိုင်ငံရေး ကဏ္ဍကို ဧန်နဝါရီ ၁၁ ရက်မှ ၁၃ ရက်နေ့အထိ ဆက်လက် ဆွေးနွေးသွားမည်ဟု သိရသည်။

ထို့နောက် အခြေခံမူဝါဒ အကြမ်းအားလုံး ဆွေးနွေးချမှတ် ပြီးစီးပြီးနောက် ဖားအံမြို့၊ သီရိဖားအံဟိုတယ်တွင် ဧန်နဝါရီ ၁၈ ရက်မှ ၂၀ ရက်နေ့အထိ ကျင်းပပြုလုပ်မည့် လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွင် တင်သွင်းသွားမည်ဖြစ်ပြီး မူဝါဒ အချောအဖြစ် ပြန်လည်ပြင်ဆင် အတည်ပြုမည်ဟုလည်း သိရသည်။

ထိုဆွေးနွေးချမှတ်ခဲ့သည့် မူကြမ်းများအားလုံးကို ပြန်လည်စုစည်းပြီးနောက် ကဏ္ဍအားလုံးကို လုပ်ငန်းကော်မတီက အချောသတ်သွားမည်ဖြစ်ပြီး လာမည့် ဧန်နဝါရီ ၁၈ ရက်မှ ၂၀ ရက်နေ့အထိ ဖားအံမြို့၊ သီရိဖားအံဟိုတယ်တွင် ကျင်းပမည့် နိုင်ငံတော်အဆင့် သတ်မှတ်ပေးသည့် အမျိုးသား အဆင့် နိုင်ငံရေး ဆွေးနွေးပွဲအတွက် ခွဲပြီး ကျမတို့အားလုံး ပါဝင်ဆွေးနွေးကြပါတယ်'ဟု သူမက ပြောသည်။

ထိုကိုယ်စားလှယ်တို့ ခေါင်းစဉ်ကြီးအနေနဲ့ ဆွေးနွေးသွားတာ IDP နဲ့ဒုက္ခသည်များ ပြန်လည်နေရာချထားရေးနဲ့ ပြန်လည် ထူထောင်ရေး ကိစ္စရပ်တွေမှာ ပိုမိုကောင်းမွန်ဖို့နဲ့ လူမှုဖွံ့ဖြိုးရေး ဆိုင်ရာ အခြေခံမူကြမ်းတွေကို ဆွေးနွေးဖြစ်ကြပါတယ်။ အဲဒါတွေကို အကြမ်းပဲ ရှိပါသေးတယ်။ မူကြမ်းကနေ မူချောအဆင့်ဆင့် ဆက်ပြီး ဆွေးနွေးသွားရဦးမှာ ဖြစ်တယ်'ဟု ဆွေးနွေးပွဲအပြီး သတင်းစာ ရှင်းလင်းပွဲတွင် ပြောသည်။

ထိုဆွေးနွေးကြရာ၌ IDP နှင့် Refugee ဒုက္ခသည်များ အရေးကိစ္စအားလုံးကို အလွယ်တကူ အဆင်ပြေခဲ့သော်လည်း လူမှုရေးကဏ္ဍတွင် အချို့ကဏ္ဍခွဲများ၌ အနည်းငယ် နားလည်မှုလွဲချော်မှုရှိပြီး နောက်ဆုံး အပြန်အလှန် ဆွေးနွေးရာ၌ ပြန်လည်အဆင် ပြေခဲ့သည်ဟု အမျိုးသားလွှတ်တော် ကိုယ်စားလှယ် နော်စူစဲနာလှလှစိုးက ပြောသည်။

'IDP နဲ့ Refugee ကဏ္ဍကတော့ အားလုံးရှင်းတယ်။ လူမှုရေးကဏ္ဍ ဆွေးနွေးကြရာမှာတော့ နည်းနည်းတော့ နားလည်မှုလွဲတာ ရှိတယ်။ နောက်ဆုံးမှာတော့ အဆင်ပြေသွားပါတယ်။ လူမှုရေးမှာ အမျိုးသမီးနဲ့ကလေး၊ လူငယ်နဲ့ မူးယစ်ဆေးဝါးကိစ္စ အခြားကဏ္ဍတွေ လည်းပါဝင်ပြီးတော့ ခေါင်းစဉ်အတွေက သုံးရက်တာမှာ စုပေါင်းဆွေးနွေးသွားကြပါတယ်။ ဆွေးနွေးပွဲ ကိုယ်စားလှယ်အားလုံး စုစည်း ဆွေးနွေးချက်တွေကတော့ အားလုံး ၈ ချက် ပါဝင်ပါတယ်' ဟု ဆွေးနွေးပွဲ နောက်ဆုံးရက် ညနေ သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

ဌင်းအခြေခံမူကြမ်း ၈ ချက်မှာ အချုပ်အခြာအာဏာအရေး၊ တန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အရေး၊ ဖက်ဒရယ်ပြည်ထောင်စု အရေး၊ တိုင်းရင်းသား လူနည်းစုများ၏ အခွင့်အရေးကို ကာကွယ်ခြင်း၊ ဒီမိုကရေစီ အခွင့်အရေးနှင့် ကျား/မဆိုင်ရာ တန်းတူညီမျှမှု အရေး၊ ဘာသာရေးကို အခြေမခံသည့် နိုင်ငံရေးနှင့် ပါတီစုံဒီမိုကရေစီနိုင်ငံ စသည့် အရေးကိစ္စများ ပါဝင်သည့်အပြင် ပြည်နယ်၏ ဖွဲ့စည်းပုံ အခြေခံ ဥပဒေရေးဆွဲခြင်းဆိုင်ရာ အခြေခံမူဝါဒများကိုလည်း စုပေါင်း ဆွေးနွေးချမှတ်ခဲ့ကြသည်ဟု ပဒိုစောအယ်ကလူစေးက ထပ်မံ ဖြည့်စွက်ပြောဆိုသည်။

မြန်မာနိုင်ငံတွင် ဖက်ဒရယ်စနစ်ကို ရေးဆွဲရာ၌ မိမိတို့ပြည်တွင်း အခြေအနေနှင့် လိုက်လျောညီထွေမှု ရှိရန်နှင့် တိုင်းရင်းသားလူမျိုးစုတိုင်း တန်းတူညီမျှ အခွင့်အရေး ရရှိစေရန် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်ဝရှိစေမည့် လူမျိုးစုအားလုံး လက်ခံနိုင်သည့် ဖက်ဒရယ်စနစ်ကိုသာ အခြေခံမူအဖြစ် ဆွေးနွေး ချမှတ်ကြသည်ဟု ကရင်အမျိုးသားပါတီ–KNP ကိုယ်စားလှယ် မန်းထိန်ဝင်းစိန်ကလည်း သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

ဌင်းက 'ကမ္ဘာမှာ ဖက်ဒရယ်စနစ်ကို ကျင့်သုံးကြတဲ့ နိုင်ငံတွေမှာ သူ့နိုင်ငံရေးအနေအထားနဲ့သူ၊ သူ့လူမျိုးစုနဲ့ကြည့်ပြီး ရေးဆွဲ ကျင့်သုံးသွားကြတာပါပဲ။ ပုံသေနည်းဆိုတာတော့ မရှိပါဘူး။ ကျနော်တို့ မြန်မာနိုင်ငံမှာတော့ တိုင်းရင်းသားလူမျိုးစုကြီးက ၈ မျိုးနဲ့ မျိုးနွယ်စုတွေက ၁၃၅ မျိုးရှိတယ်။ ဒါကြောင့် တန်းတူညီမျှခွင့် အားလုံးရရှိဖို့က အားလုံးသဘောတူနိုင်တဲ့ ဖက်ဒရယ်စနစ်ကို ချမှတ် ကျင့်သုံးသွားဖို့လိုပါတယ်'ဟု ပြောသည်။

သုံးရက်တာ ပြုလုပ်သည့် နိုင်

တဘက်စာမျက်နှာသို့ ▶▶▶

ကရင်၏ လူမျိုးအလိုက် အမျိုးသားအဆင့်ဆွေးနွေးပွဲတွင် ကာကွယ်ရေးနှင့် လုံခြုံရေးကို ထည့်သွင်းမဆွေးနွေးသေး

ဧန်နဝါရီ ၁၉ ရက်၊ ၂၀၁၇ ခုနှစ်
စောညွန့်သောင်း

နိုင်ငံရေး ဆွေးနွေးပွဲအတွက် ကဏ္ဍကြီး ၅ ရပ်အနက် ကာကွယ်ရေးနှင့်လုံခြုံရေးကဏ္ဍသည် ကျယ်ပြန့်သည့် အတွက် ဖားအံမြို့၊ သီရိဖားအံဟိုတယ်၌ ဧန်နဝါရီ ၁၈ ရက်မှ ၂၀ ရက်နေ့အထိကျင်းပသည့် လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲ (ကရင်)တွင် ထည့်သွင်းဆွေးနွေးသေးခြင်း မရှိကြောင်း ဆွေးနွေးပွဲ၏ ပြောခွင့်ရသူ ပဒိုမန်းငြိမ်းမောင်က ပြောသည်။

ပဒိုမန်းငြိမ်းမောင်က ' နိုင်ငံလုံခြုံရေးကဏ္ဍကတော့ အလွန်ကျယ်ပြန့် ခက်ခဲတဲ့အတွက်ကြောင့် ကရင်ပြည်နယ်မှာတော့ မဆွေးနွေးဘူး။ နေပြည်တော်မှာ ပြန်လည်ဆွေးနွေးသွားကြမယ်'ဟု ဆွေးနွေးပွဲ၏ ပထမနေ့အတွက် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ၜင်းအပြင် ကဏ္ဍကြီး ၄ ရပ်ဖြစ်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် မြေယာနှင့် သဘာဝသယံဇာတ စသည့် ကဏ္ဍ၏ မူကြမ်းအား ဆွေးနွေးတင်ပြသွားပြီး ရရှိလာသည့် အချက်အလက်များကို ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ– UPDJC သို့ တင်ပြပြီးနောက် အစိုးရ၊ တပ်မတော်၊ နိုင်ငံရေးပါတီများနှင့် ဒီမိုကရေစီ အင်အားစု စသည့် အဖွဲ့အစည်းတို့က ကရင်အမျိုးသားတို့၏ တင်ပြချက်များကို ပြန်လည်သုံးသပ် ဆွေးနွေးကြရဦးမည်ဟု ပဒိုမန်းငြိမ်းမောင်က ဆက်ပြောသည်။

သူက 'ကိုယ်လိုချင်တဲ့ အခွင့်အရေးတွေကို တင်ပြပေမယ့်လို့ တင်ပြတိုင်း အားလုံးရမှာ မဟုတ်ပါဘူး။ ကျန်တဲ့ အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ နိုင်ငံရေးပါတီ၊ ဒီမိုကရေစီ အင်အားစုတွေစတဲ့ ကရင်လူမျိုးရဲ့ တင်ပြချက်တွေကို သူတို့က ပြန်လည် သုံးသပ်ဆွေးနွေးပြီး အပေးအယူလုပ်မယ်။ ဒါပေမယ့် တကြိမ်နဲ့ဆို မပြီးဘူး။ နှစ်ပေါင်း ၆၀ ကျော်ရန်းကန်နေရတဲ့ လူမျိုးတမျိုးအနေနဲ့ တနေ့တရက် တထိုင်ထဲတော့ ရမှာမဟုတ်ဘူး။ ယုံကြည်မှုတွေလည်း ရနိုင်မှာ မဟုတ်ဘူး။ ဒါကြောင့် ယုံကြည်မှုနဲ့ ဒီတိုင်းပြည်ကို ပြန်လည်တည်ဆောက် နိုင်မှာဖြစ်တယ်'ဟု ပြောသည်။

ဆွေးနွေးပွဲ ပထမရက် နံနက်ပိုင်းတွင် တက်ရောက်လာသည့် သက်ဆိုင်ရာ ခေါင်းဆောင်များ ဖြစ်ကြသည့် ကရင်ပြည်နယ် ဝန်ကြီးချုပ်၊ KNU ဥက္ကဋ္ဌ၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန– NRPC မှ ဒုတိယ ဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး အပါအဝင် တက်ရောက်လာသည့် ကိုယ်စားလှယ်ခေါင်းဆောင်များမှ အဖွင့်အမှာစကား အသီးသီးပြောကြားခဲ့ပြီး ညနေပိုင်းတွင် ၎င်းကဏ္ဍကြီး ၄ ရပ် မူကြမ်းများကို အဆိုတင်သွင်းဖတ်ကြားခဲ့ကြသည်။

အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲအတွက် လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပရန် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ– UPDJC မှ ချမှတ်ထားခြင်းဖြစ်ပြီး အဆိုပါ ဆွေးနွေးပွဲများသည် လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို ကရင်ပြည်နယ်၊ ဒေသအလိုက်နိုင်ငံရေး ဆွေးနွေးပွဲကို တနသင်္ဘာရီတိုင်း ဒေသကြီးနှင့် ကဏ္ဍအလိုက်ဆွေးနွေးပွဲကို နေပြည်တော် စသည့် ဒေသများတွင် ဆက်လက် ပြုလုပ်ကျင်းပသွားကြမည်ဟု သိရသည်။

ဆက်လက် ကျင်းပလျက်ရှိသည့် ဒုတိယနေ့ အစည်းအဝေးတွင် ပထမနေ့က တင်ပြချက်များအား အကျဉ်းချုပ် တင်ပြခြင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် မြေယာနှင့် သဘာဝ သယံဇာတ စသည့် ကဏ္ဍကြီး ၄ ရပ်ကို အုပ်စုဖွဲ့ ဆွေးနွေးပြီးနောက် ၎င်းကဏ္ဍအလိုက် ဆွေးနွေးရရှိချက်များကို ပြန်လည် စုစည်းကြမည်ဖြစ်သည်ဟု သိရသည်။

▶ **တဘက်စာမျက်နှာမှ**

ငံရေးကဏ္ဍဆိုင်ရာ ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲသို့ မြန်မာနိုင်ငံရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်ဒေသ ၉ ခုမှ ကရင်ကိုယ်စားလှယ်များ၊ ကရင်လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများ၊ ကရင်နိုင်ငံရေးပါတီများနှင့် ကရင်အရပ်ဖက် လူမှုအဖွဲ့အစည်းတို့က တက်ရောက် ဆွေးနွေးခဲ့ကြပြီး နောက်ဆုံးရက် သတင်းစာရှင်းလင်းပွဲတွင် DKBA (ကလို့ထူးဘောအဖွဲ့)မှ ဗိုလ်မှူးစောစိန်ဝင်း၊ အရပ်ဖက်အဖွဲ့မှ ဆရာမ နန်းခင်သက်မာဝင်းနှင့် KNU မှ ပဒိုစောအယ်ကလူစေးတို့က ရှင်းလင်းဖြေကြားခဲ့ကြသည်။

အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ မြေယာနှင့် သဘာဝသယံဇာတ ကဏ္ဍဆိုင်ရာများကို လူမျိုးအလိုက် ဆွေးနွေးရန် ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)က ချမှတ်ပေးထားခြင်းဖြစ်ပြီး ကရင်အမျိုးသားအနေဖြင့် အဆိုပါကဏ္ဍကြီး ၄ ခု၏ အခြေခံမူကြမ်းများကို ကရင်ပြည်နယ်၊ ဖားအံမြို့၊ ဇွဲကပင် ခန်းမတွင် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်မှ ၂၀၁၇ ခုနှစ်၊ ဧန်နဝါရီလ ၁၃ ရက်နေ့အထိ သီရိဖားအံဟိုတယ်၌ ကျင်းပမည့် လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွင် တင်သွင်းကာ မူဝါဒအချောအဖြစ် ဆက်လက် အတည်ပြုသွားမည် ဖြစ်ကြောင်း သိရသည်။

အဆင်သင့်ဖြစ်သောနေရာများတွင် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ဆက်လုပ်ရန်ဆုံးဖြတ်

ဧန်နဝါရီ ၂၁ ရက်၊ ၂၀၁၇ ခုနှစ်
စောခါးစုးညား

အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများဖြစ်သည့် လူမျိုးအလိုက်၊ ဒေသအလိုက်နှင့် အကြောင်းအရာအလိုက်တို့ကို အဆင်သင့်ဖြစ်နေသော နေရာဒေသများတွင်ကျင်းပသွားမည်ဟု ကရင်ပြည်နယ်၊ ဖားအံမြို့ သီရိဖားအံဟိုတယ်၌ သုံးရက်ကြာ ပြုလုပ်သည့် လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွင် ဆုံးဖြတ်ကြောင်း ဧန်နဝါရီလ ၂၀ ရက်နေ့က ထုတ်ပြန်ကြေညာခဲ့သည်။

ဆွေးနွေးပွဲကြီးကြပ်ရေး ကော်မတီဝင်တဦးဖြစ်သူ စောထွန်းအောင်မြင့်က 'အပစ်အခတ် ရပ်စဲရေး ရှိပြီးသားနေရာတွေက အဖွဲ့တွေဆိုလို့ရှိရင် ဖြစ်နိုင်တဲ့နေရာတွေကို ပြောတာပါ။ ဒါပေမယ့် အဲဒီနေရာက (သက်ဆိုင်ရာ) သူတို့ဟာသူတို့ လုပ်နိုင်တဲ့ နေရာတွေ ဖြစ်ရမယ်ပေါ့'ဟု ဆွေးနွေးပွဲနောက်ဆုံးရက် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

လက်ရှိ ပထမအကြိမ်အဖြစ် လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ(ကရင်)ကို ဖားအံမြို့တွင် ကျင်းပပြီးစီးနောက် ကျန်ရှိနေသေးသည့် ဒေသအလိုက် ဆွေးနွေးပွဲကို တနသင်္ဘာရီတိုင်း ဒေသကြီး ထားဝယ်မြို့တွင်လည်းကောင်း၊ အကြောင်းအရာ အလိုက် ဆွေးနွေးပွဲကို နေပြည်တော်တွင်လည်းကောင်း ဆက်လက် ကျင်းပသွားရန် ရှိသည်ဟု သိရသည်။

ယခု ဖားအံမြို့၌ ပြုလုပ်သည့် ဆွေးနွေးပွဲတွင် ကရင်လက်နက်ကိုင်အဖွဲ့များ၊ ကရင်နိုင်ငံရေးပါတီများ၊ ကရင်လူမှုအဖွဲ့အစည်းများ၊ ဘာသာရေးခေါင်းဆောင်များ၊ မြန်မာပြည် ကရင်ဒေသများရှိ ကိုယ်စားလှယ်များ၊ ကရင်တတ်သိပညာရှင်များ၊ အစိုးရအကြီးအကဲများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ စုစုပေါင်း ၆၀၀ ကျော် တက်ရောက်ခဲ့သည်ဟု ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။

ဆွေးနွေးပွဲ တက်ရောက်သည့် ကရင်အမျိုးသား အစည်းအရုံး (ကေအဲန်ယူ) တွဲဖက်အတွင်းရေးမှူး–၂ ပဒိုမန်းမန်းမန်းက 'ဒီဆွေးနွေးပွဲဖြစ်စဉ်အရတော့ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲမှာ လူမျိုးအလိုက် ရှိမယ်။ ဒေသအလိုက် ရှိမယ်။ အကြောင်းအရာအလိုက် ရှိမယ်။ အဲဒါကနေပြီးတော့ ဒါကို ကျနော်တို့ ၂၁ရာစုပင်လုံကို တင်မှာ ဖြစ်ပါတယ်'ဟု ပြောသည်။

ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စု ဖြစ်ပေါ်ရေးအတွက် ကရင်အမျိုးသား နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် မြေယာနှင့် သဘာဝသယံဇာတ စသည့်ကဏ္ဍကြီး ၄ ရပ်ဖြင့် ဆွေးနွေးပွဲတွင် ဆွေးနွေးကြကာ အမြင်သဘောထားများ ဖလှယ်ခဲ့ကြပြီး ရရှိလာသည့် အချက်အလက်များကို သက်ဆိုင်ရာသို့ အဆင့်ဆင့် တင်ပြ၍ နောက်ဆုံး ၂၁ရာစု ပြည်ထောင်စုညီလာခံ အထိ တင်ပြသွားမည်ဟု သိရသည်။

ထို့အပြင် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ပေါ်ပေါက်လာစေရန် တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ် မထိုးနိုင်သေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား အစိုးရနှင့် တပ်မတော်တို့မှ ပိုမိုလမ်းဖွင့်ပေးထားရန် ယခုဆွေးနွေးပွဲ ထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။

ကရင်ပြည်နယ် ဖားအံမြို့တွင် ပြုလုပ်သည့် ပထမဆုံးအကြိမ် လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲသည် မြန်မာ နိုင်ငံ၏ နှစ်ပေါင်း ၆၀ ကျော်ကြာ ပြည်တွင်းစစ်ကြီး ဖြစ်ပွားပြီး NCA လက်မှတ်ရေးထိုးပြီးနောက် ပေါ်ပေါက်လာသည့် ဆွေးနွေးပွဲဖြစ်ကြောင်း သိရသည်။

▶ **ရှေ့ဆုံး "IFC ၏ရေကာတာတည်ဆောက်ရေး"မှ**

သာမှု ရှိမနေဘူး။ ဗဟိုချုပ်ကိုင်မှုကို အားပေးနေသလို ဖြစ်နေပြီးတော့ ငြိမ်းချမ်းရေးကို ထိခိုက်စေနိုင်တယ်ဆိုတာကို ကျနော်တို့က ပြောတာပါ'ဟု ကရင်သတင်းစဉ်သို့ ပြောသည်။

ၜင်းအစီအစဉ်ကို ကမ္ဘာ့ဘဏ်ဌာနခွဲဖြစ်သည့် IFC ၏ ပုဂ္ဂလိကငွေကြေးထောက်ပံ့ကာ ဘက်ပေါင်းစုံပါဝင်သည့် အစုရှယ်ယာဖြင့် မြန်မာနိုင်ငံ ရေအားလျှပ်စစ်ကဏ္ဍအတွက် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုဆိုင်ရာ အချက်အလက် ကောက်ယူရေး မဟာဗျူဟာ ချမှတ်ရေး အလုပ်ရုံဆွေးနွေးပွဲ ဖြစ်ပြီး ဧန်နဝါရီ ၂၇ ရက်နေ့တွင် ရန်ကုန်မြို့ အပါအဝင် ဧန်နဝါရီ ၃၁ ရက်နှင့် ဖေဖော်ဝါရီ ၃ ရက်နေ့တို့တွင် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နှင့် ကယား (ကရင်နီ) ပြည်နယ်၊ လွိုင်ကော်မြို့တို့၌ ပြုလုပ်သွားမည်ဟု သိရသည်။

ၜင်း မဟာဗျူဟာမြောက်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်လေ့လာမှုစစ်တမ်း ဆောင်ရွက်မှုများကို ဆန့်ကျင်ကန့်ကွက်ခြင်း မဟုတ်ဘဲ အရပ်ဖက်နှင့် လူထုအခြေပြုအဖွဲ့အစည်းများ၊ ဒေသခံများ၏ စိုးရိမ်သံနှင့် အခွင့်အရေးများကို ဥပက္ခာပြုခံထားရသည့် အပေါ်လက်ရှိ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်လေ့လာမှုစစ်တမ်းကို ဆိုင်းငံ့ရန် တောင်းဆိုခြင်းဖြစ်ကြောင်း မြစ်ချောင်းကွန်ရက်များက ဆိုသည်။

ထို့အပြင် ပဋ္ဌိပက္ခဇုံအတွင်း ရေကာတာ စီမံကိန်းရှေ့တိုး လုပ်ဆောင်ခြင်းသည် ပဋ္ဌိပက္ခ၏အမြစ်ကို ပြန်ထစေခြင်းဖြစ်ပြီး NLD (အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်) အစိုးရ၏ ဖက်ဒရယ်ဒီမိုကရေစီ တည်ဆောက်ရေး လမ်းကြောင်းကို ပျက်ပြားစေသည်ဟုလည်း မြစ်ချောင်းကွန်ရက်အဖွဲ့များ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ကချင်ပြည်နယ်၊ မြစ်ဆုံဒေသခံ တဦးဖြစ်သူ ဒေါ်ဂျာဂွန်က 'မြစ်ဆုံမကဘူး။ မေခ၊ မလိခအပေါ်မှာလုပ်တဲ့ ရေကာတာအားလုံးပါ ကျမတို့ ဒေသခံတွေက ကန့်ကွက်ပါတယ်။ ကျမတို့ရဲ့ ဒေသကို နဂိုမူလအတိုင်းပဲ လုပစေချင်တယ်'ဟု ကရင်သတင်းစဉ်သို့ ပြောသည်။

မြန်မာနိုင်ငံ မြစ်ချောင်းများ ဆိုင်ရာကွန်ရက်နှင့် သံလွင်မြစ်ထိန်းသိမ်းကာကွယ်ရေး ကွန်ရက်ကို မြန်မာနိုင်ငံရှိ မြစ်ချောင်းအင်းအိုင်များကို ကာကွယ်ရန်နှင့် ဒေသခံ ပြည်သူတို့၏ ဖွံ့ဖြိုးရေးကို မြှင့်တင်နိုင်ရန် ရည်ရွယ်၍ ကချင်၊ ကယား(ကရင်နီ)၊ ကရင်၊ မွန်၊ ရှမ်း(သျှမ်း)၊ ကူကီး၊ ပအိုဝ်း၊ ရခိုင်၊ လားဟူနှင့် အာခါ စသည့် လူငယ်နှင့် တိုင်းရင်းသား လူမှုအရပ်ဖက်အဖွဲ့အစည်းများဖြင့် ဖွဲ့စည်းခဲ့သည်။

တိုင်းရင်းသားအဖွဲ့များ ရင်ဆိုင်နေရသည့် အခက်အခဲများကို လက်တွဲဖြေရှင်းမည်ဟု PPST ပြောဆို

ဧနှစ်ဝါရီ ၁၂ ရက်၊ ၂၀၁၇ ခုနှစ်
စအိုင်ဆူး

တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေးအဖွဲ့များ–EAO ၏ လတ်တလော ရင်ဆိုင်နေရသည့် အခက်အခဲများကို အမြန်ဆုံး လက်တွဲဖြေရှင်း ကြိုးပမ်းသွားမည်ဟု တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်–NCA ကို လက်မှတ်ရေးထိုးထားသော တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေးအဖွဲ့၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ဦးဆောင်အဖွဲ့–PPST က ပြောဆိုလိုက်သည်။

ကရင်အမျိုးသား အစည်းအရုံး–KNU ဖားအံခရိုင်၊ လော်ခီးလာ (လေးဝါး)၌ ဧနှစ်ဝါရီ ၁၀ ရက်မှ ၁၁ ရက်နေ့အထိ ပြုလုပ်သည့် ၎င်း အပစ်ရပ်အဖွဲ့တို့ ငြိမ်းချမ်းရေး ဦးဆောင်အဖွဲ့၏ အရေးအပေါ် အစည်းအဝေးအပြီး ကြေညာချက်တစောင် ထုတ်ပြန်ကာ ပြောဆိုလိုက်ခြင်း ဖြစ်သည်။

PPST ၏ ပြောခွင့်ရ ဗိုလ်မှူးကြီး ခွန်ဥက္ကာက 'EAO ဆိုတာက အပစ်ရပ်တာကော၊ မရပ်တာကော အားလုံးကိုပြောတာပါ။ အားလုံးဖြစ်တဲ့အတွက် တချို့က စစ်ရေးပဋ္ဌိပက္ခဖြစ်နေတာကို တွေ့ရတယ်။ တချို့ လက်မှတ်ရေးထိုးထားသော် လည်း နိုင်ငံရေးကိစ္စတွေကို ထဲထဲဝင်ဝင် ဆွေးနွေးခွင့်က အခုလက်ရှိ ကောင်းကောင်း မရသေးဘူး'ဟု ကရင်သတင်းစဉ်သို့ ဧနှစ်ဝါရီ ၁၂ ရက်နေ့က ပြောသည်။

ထို့အပြင် ၎င်းလတ်တလော အခက်အခဲများကို ဖြေရှင်းရာ၌ PPST တာဝန်ရှိသူများအနေဖြင့် နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် အစိုးရ၊ တပ်မတော် တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေးကာ ဖြေရှင်းသွားမည်ဟု ဗိုလ်မှူးကြီး ခွန်ဥက္ကာက ဆက်ပြောသည်။

နှစ်ရက်တာ ပြုလုပ်သည့် PPST အရေးပေါ်အစည်းအဝေး၌ NCA အပစ်ရပ်အဖွဲ့အစည်းမှ ရခိုင်ပြည် လွတ်မြောက်ရေးပါတီ– ALP နှင့် မြန်မာနိုင်ငံလုံး ဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး– ABSDF တို့၏ အဖွဲ့ဝင်အချို့ကို အစိုးရမှ ဖမ်းဆီးထိန်းသိမ်းထားခြင်းနှင့် ၂၀၁၇ ခုနှစ်အတွင်း ရှေ့လုပ်ငန်းစဉ် ၆ ချက်ကို ချမှတ်ခဲ့သည်ဟု PPST အဖွဲ့က ပြောဆိုခဲ့သော်လည်း အသေးစိတ်ကို ထုတ်ဖော်ပြောကြားခြင်း မရှိပေ။

၎င်းအရေးပေါ် အစည်းအဝေးသို့ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်း ၈ ဖွဲ့အနက် ၇ ဖွဲ့မှ အဖွဲ့ဝင်ခေါင်းဆောင် ၇ ဦးနှင့် အထောက်အကူပြု ၄ ဦး စုစုပေါင်း ၁၁ ဦး ပါဝင်တက်ရောက်ခဲ့ကြပြီး ချင်းအမျိုးသား တပ်ဦး–CNF ကမူ ပါဝင်တက်ရောက်ခဲ့ခြင်း မရှိကြောင်း သိရသည်။

ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် နိုင်ငံရေးအရ ဦးဆောင်မှုပေးနိုင်ရန် ရည်ရွယ်ကာ ယခင်နှစ် ၂၀၁၆ မတ်လ ၂၄ ရက်နေ့က ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့တွင် ကျင်းပခဲ့သည့် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်းများ၏ ဒုတိယအကြိမ် ထိပ်သီးအစည်းအဝေးတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (Peace Process Steering Team- PPST) ကို ဖွဲ့စည်းခဲ့သည်။

၎င်းအဖွဲ့ကို အဖွဲ့ခေါင်းဆောင်အဖြစ် ကရင်အမျိုးသား အစည်းအရုံး–KNU ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုး၊ ဒုအဖွဲ့ခေါင်းဆောင်အဖြစ် ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ–RCSS ဥက္ကဋ္ဌ ဒုဗိုလ်ချုပ်ကြီး ယွက်စစ်နှင့် ကျန် အပစ်ရပ်အဖွဲ့မှ ကိုယ်စားလှယ်များ ပါဝင်သည်။

မြေယာကိစ္စကို မူအရ ဆွေးနွေးမှုအဆင့်မက လက်တွေ့ ဆောင်ရွက်နိုင်သည့်အထိ လုပ်ဆောင်မည်

ဧနှစ်ဝါရီ ၁၀ ရက်၊ ၂၀၁၇ ခုနှစ်
ကဆောဝါး

ကရင်ပြည်နယ်အတွင်း ကြုံတွေ့နေရသည့် မြေယာကိစ္စများကို ကရင်အမျိုးသား အစည်းအရုံး (KNU)နှင့် အစိုးရတို့အကြား မူဝါဒများအရ ညှိနှိုင်းဆွေးနွေးမှုအပြင် လက်တွေ့ ဆောင်ရွက်နိုင်သည့်အထိ လုပ်ဆောင်သွားမည်ဟု KNU တွဲဖက်အတွင်းရေးမှူး–၂ ပဒိုမန်းမန်းမန်းက ပြောသည်။

ကရင်ပြည်နယ်၊ ဖားအံမြို့ ခွဲကပင်ခန်းမ၌ ဧနှစ်ဝါရီ ၅ ရက်မှ ၇ ရက်နေ့အထိ ကျင်းပခဲ့သည့် မြေယာနှင့် သဘာဝ သယံဇာတ ကဏ္ဍဆိုင်ရာ ကရင်အမျိုးသား နိုင်ငံရေး ဆွေးနွေးပွဲ နောက်ဆုံးရက် မီဒီယာရှင်းလင်းပွဲတွင် ကရင်အမျိုးသား နိုင်ငံရေး ဆွေးနွေးပွဲ၏ မြေယာကဏ္ဍဆိုင်ရာ ဦးဆောင်သူ ပဒိုမန်းမန်းမန်းက ထိုသို့ ပြောဆိုခဲ့ခြင်း ဖြစ်သည်။

၎င်းက 'ကျနော်တို့ လုပ်နေတဲ့ မြေယာမူဝါဒဆိုင်ရာ ဆွေးနွေးတာ တွေကတော့ လက်ရှိဖြစ်နေတဲ့ မြေယာပြဿနာတွေ မြေယာ စီမံခန့်ခွဲမှုတွေကို အစိုးရနဲ့ KNU နဲ့ ထိစပ်နယ်မြေတွေ ရှိနေတော့ နှစ်ဖက် ညှိနှိုင်းပြီး ပူးပေါင်းဆောင်ရွက်ဖြေရှင်းမယ်။ မူအရ ဆွေးနွေးတဲ့ အဆင့်မက လက်တွေ့ဆောင်ရွက်တဲ့ အပိုင်းတွေပါ လုပ်ဆောင်သွားမယ်'ဟု ပြောသည်။

ထို့အပြင် လက်ရှိ ဆွေးနွေးနေသည့် မြေယာအခြေခံမူများနှင့် ရည်ရွယ်ချက်များကို နိုင်ငံရေး ဆွေးနွေးပွဲ (သို့မဟုတ်)၂၁ရာစုပင်လုံ ဒုတိယအကြိမ် ဆွေးနွေးပွဲတွင် ဆွေးနွေး အတည်ပြုချက် ရယူသွားမည်ဖြစ်ပြီး နောင်လာမည့် တိုင်းရင်းသား အားလုံးပါဝင်သည့် ဖက်ဒရယ်ပြည်ထောင်စု ဆိုင်ရာ ဆွေးနွေးပွဲများအထိ အထောက်အကူ ပြုမည်ဟု ယုံကြည်ကြောင်း ပဒိုမန်းမန်းမန်းက ဆက်ပြောသည်။

၎င်းမြေယာနှင့် သဘာဝသယံဇာတ ကဏ္ဍဆိုင်ရာ ဆွေးနွေးပွဲတွင် ကရင်လူမျိုးများနေထိုင်ရာ ဒေသ အသီးသီးမှ ကိုယ်စားလှယ်များ၊ ကရင်နိုင်ငံရေးပါတီများ မြေယာ မူဝါဒရေးဆွဲရေးဆိုင်ရာ ပညာရှင်များ၊ လူဦးရေ ၁၀၀ ကျော် တက်ရောက်ကြပြီး မြေယာကဏ္ဍဆိုင်ရာ ရည်ရွယ်ချက် ၆ ချက်၊ အခြေခံမူ ၁၅ ချက် ကြားကာလ ဆောင်ရွက်ရမည့် အချက် ၁၀ ချက် သယံဇာတ ဆိုင်ရာ အခြေခံမူအချက် ၂၀ ကျော်၊ ကြားကာလ ဆောင်ရွက်ရန် အချက် ၁၀ ကျော်တို့ကို ဆွေးနွေး အတည်ပြုနိုင်ခဲ့သည်ဟု ထိုနေ့ မီဒီယာ ရှင်းလင်းပွဲအရ သိရှိရသည်။

ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့် ရေးကော်မတီ (JMC-S) ကော်မတီဝင် နန်းစေအွာက 'ကရင်ပြည်နယ်တွင်း မြေယာသိမ်းဆည်းခံရမှုတွေ များသလို တနိုင်ငံလုံးမှာလည်း ဒီကိစ္စက အရေးကြီးတယ်။ အခု ဒီကာလမှာတော့ အခြေခံမူတွေ အရ အကောင်အထည်ဖော်ပါ့မယ်။ ဒေသခံတွေရဲ့ လယ်ဦး လယ်ထိပ်၊ ခါးမဦးချဆိုတဲ့ ရိုးရာဓလေ့ အစဉ်အလာအတိုင်း သူတို့ပိုင်ဆိုင်မှုတွေကို ဥပဒအရ ရယူပိုင်ဆိုင်နိုင်ဖို့ အတွက် ကူညီဆောင်ရွက်သွားမှာပါ' ဟု ပြောသည်။

KNU သည် မြေယာမူဝါဒကို ၁၉၄၇ ခုနှစ်တွင် စတင်ပြဋ္ဌာန်းလုပ်ဆောင်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် အဆိုပါဥပဒေကို ပြင်ဆင်ကာ မြေယာကို ပြည်သူလူထုကသာ ပိုင်ရမည်ဟု ရေးဆွဲပြဋ္ဌာန်းထားသည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင်မူ မြေယာကို နိုင်ငံတော်ကသာ ပိုင်ဆိုင်သည်ဟု ပြဋ္ဌာန်းထားသည်။

ဒေသတွင်း မြေယာပြဿနာများ ဖြေရှင်းဆောင်ရွက်နိုင်ရန် အတွက် ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာ ၆ ရက်နေ့က KNU တာဝန်ရှိသူများနှင့် ကရင်ပြည်နယ် အစိုးရအဖွဲ့ တာဝန်ရှိသူများ၊ ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ရုံးတွင် ဒေသတွင်း မြေယာ ပြဿနာများကို ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးခဲ့ကြသေးသည်။

မြန်မာရွှေ့ပြောင်းအလုပ်သမားများ လွတ်လပ်စွာသွားလာနိုင်သည့် CI လက်မှတ်များကို ထုတ်ပေးသွားရန် စီစဉ်

ဧနှစ်ဝါရီ ၁၉ ရက်၊ ၂၀၁၇ ခုနှစ်
စဖန်းရှောင်း

ထိုင်းနိုင်ငံအတွင်း အလုပ်လုပ်ကိုင်နေကြသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများအတွက် လွတ်လပ်စွာ ခရီးသွားလာနိုင်မည့် Certificate of Identity (CI) ဟု ခေါ်သည့် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်ကို နှစ်နိုင်ငံ အစိုးရ တာဝန်ရှိသူများမှ ယခုလ ဧနှစ်ဝါရီလအတွင်း စတင်ပြုလုပ်ပေးရန် စီစဉ်ထားကြောင်း သိရသည်။

အဆိုပါ သက်သေခံလက်မှတ်ကို ထိုင်း–မြန်မာနှစ်နိုင်ငံ အစိုးရ တာဝန်ရှိသူများမှ ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ အတွင်းက ပြုလုပ်ပေးရန် သဘောတူညီမှုများ ရှိခဲ့သော်လည်း အကောင်အထည် ဖော်နိုင်ခြင်းမရှိခဲ့သည့်အတွက် ယခုမှသာ ပြန်လည်အကောင်အထည် ဖော်လိုက်ခြင်း ဖြစ်သည်ဟု မြန်မာပြည်သားများ အရေး ပူးတွဲလှုပ်ရှားမှုကော်မတီ–JACBA အဖွဲ့ဥက္ကဋ္ဌ ဦးမိုးကြိုးက ဧနှစ်ဝါရီ ၁၉ ရက်နေ့တွင် ပြောသည်။

၎င်းက 'ဒီစာအုပ်က ပန်းရောင်ကဒ် ကိုင်ဆောင်ထားသူ မြန်မာရွှေ့ပြောင်း အလုပ်သမားတွေ မလုပ်မဖြစ် လုပ်ရမယ့် စာအုပ်ဖြစ်ပါတယ်။ မြန်မာဘက်က တာဝန်ရှိသူတွေရဲ့ နောက်ဆုံး Decision (ဆုံးဖြတ်ချက်) ပဲ လိုတော့တယ်။ ထုတ်ပေးဖို့ ရက်အတိအကျတော့ မထွက်သေးဘူး'ဟု ကရင်သတင်းစဉ်သို့ ပြောသည်။

ယခု ထုတ်ပေးရန် စီစဉ်နေသည့် အစိမ်းနုရောင်ရှိသည့် CI လက်မှတ်ကို ပြုလုပ်ထားမည် ဆိုပါက မည်သည့် ထောက်ခံစာမျှ မပါဘဲ ထိုင်းနိုင်ငံအတွင်း လွတ်လပ်စွာ သွားလာနိုင်မည်ဖြစ်ပြီး မှတ်ပုံတင်နှင့် အိမ်ထောင်စုဇယား မရှိသူများပါ ပြုလုပ်နိုင်ကြောင်းလည်း ဦးမိုးကြိုးက ဆက်ပြောသည်။

အဆိုပါ CI သက်သေခံလက်မှတ် ပြုလုပ်ရာတွင် အပြီးအစီး ဘတ်ငွေ ၁၀၀၀ ခန့်သာ ကုန်ကျမည်ဖြစ်ပြီး Seven Eleven Family Martနှင့် အခြား ကောင်တာဆားဗစ် (ဝန်ဆောင်မှု)များတွင် ဝန်ဆောင်ခ ပေးသွင်းကာ ရရှိလာသည့် ဖြတ်ပိုင်းကို ပန်းရောင်ကဒ်နှင့်အတူ နီးစပ်ရာနယ်မြေ အလုပ်သမားရုံးတွင် ထောက်ခံစာရယူပြီး CI ထုတ်ပေးသည့် စခန်းတွင် သွားရောက်ပြုလုပ်ရမည် ဖြစ်သည်။

မြန်မာရွှေ့ပြောင်း အလုပ်သမားများ ကိုင်ဆောင်သည့် ပန်းရောင်ကဒ်မှာ ယာယီနေထိုင် အလုပ်လုပ်ကိုင်ခွင့် လက်မှတ်သာဖြစ်သည့်အတွက် မိမိတို့အလုပ်လုပ်သည့် မြို့နယ်မှ အခြားနယ်များသို့ ခရီးသွားလာမည်ဆိုပါက ထောက်ခံစာများရယူပြီးမှသာ သွားလာခွင့် ရရှိခဲ့ခြင်း ဖြစ်သည်။

ဘန်ကောက်အခြေစိုက် ပြည်ပရောက် ကရင်ဒုက္ခသည်များ ဆိုင်ရာ လူမှုစောင့်ရှောက်ရေးအဖွဲ့–OKRSO အတွင်းရေးမှူး စောအဲသိုက 'ဒီလုပ်ငန်းစဉ်က အထောက်အထား အဆင်သင့်မဖြစ်တဲ့ မပြည့်စုံတဲ့ မြန်မာအလုပ်သမားတွေအတွက်တော့ အခွင့်အရေးတရပ်လို့ မြင်မိပါတယ်။ ပြီးတော့ ကုန်ကျစားရိတ်က အလုပ်သမားတွေ တတ်နိုင်တဲ့ ပမာဏလောက်ပဲ ဆိုတော့ ဝန်ထုပ်ဝန်ပိုး မဖြစ်လောက်ပါဘူး'ဟု ပြောသည်။

CI လုပ်ငန်းစဉ် အကောင်အထည်ဖော်မည့် နေ့ရက်အတိအကျကို သက်ဆိုင်ရာ အစိုးရ တာဝန်ရှိသူများအနေဖြင့် သတင်း မီဒီယာများမှတဆင့် ထည့်သွင်းကြေငြာပေးမည်ဖြစ်ကာ စမွတ်ဆာခွန် ၂ နေရာ၊ စမွတ်ပကန် ၁ နေရာ၊ မဲဆောက် ၁ နေရာ၊ မယ်ဆိုင် ၁ နေရာနှင့် ရနောင်း ၁ နေရာ စသည့် စုစုပေါင်း ၆ နေရာတွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယာဉ်မတော်တဆမှုဖြစ်ပွားရှိ တံတားပျက်စီးမှုအချို့ကြောင့် ဂျိုင်းတံတား ယာယီပိတ်ထားရ

ဇန်နဝါရီ ၃၀ ရက်၊ ၂၀၁၇ ခုနှစ်
ကဆောဝါး

ကော့ကရိတ်ခရိုင်၊ ကျုံဒိုးမြို့နယ်ရှိ ဂျိုင်းတံတားပေါ်တွင် ဇန်နဝါရီလ ၂၉ ရက်၊ နံနက်အစောပိုင်းတွင် ၂၂ ဘီး နောက်တွဲပါယာဉ်တစီး တံတားဘေးအကာ ဘောင်တန်းများနှင့် တံတားထိန်း ကြိုးဆိုင်းကို တိုက်မိပြီး ပျက်စီးမှုများနှင့် တံတားကြံ့ခိုင်မှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများမှ စစ်ဆေးပြုပြင်မှုများ ပြုလုပ်မည်ဖြစ်၍ ယာဉ်ဖြတ်သန်းမှု ယာယီပိတ်ထားသည်ဟု သိရသည်။

ထိုနေ့ နံနက် ၅း၄၅ နာရီအချိန်တွင် ဖားအံမှ မြဝတီသို့ ယာဉ်မောင်း ဦးမြင့်ထွေး ၄၇ နှစ် မောင်းနှင်လာသော 3M/7916 နောက်တွဲယာဉ်အမှတ် 11LR/5156 တွဲကားအဖြူရောင်သည် ဂျိုင်းကြိုးတံတားပေါ် အရောက်တွင် အရှိန်မထိန်းနိုင်ဘဲ တံတားဘယ်ဘက်အခြမ်း သံကာအကန့်များကို ပေ ၂၀ ခန့် ပွတ်တိုက်မိရာတွင် တံတားကြိုးဆိုင်း သံမဏိကြိုးကို တိုက်မိကာ ကားခေါင်းတပတ်လည်၍ နောက်တွဲဆိုင်း ကန့်လန့်အနေအထားဖြင့် တံတားပေါ် ယာဉ်ပိတ်ဆို့မှု ဖြစ်ပွားခဲ့ပြီး ယာဉ်မောင်း ဦးမြင့်ထွေးမှာ ခါးထိခိုက်ဒဏ်ရာနှင့် ညာလက်ကျိုး ဒဏ်ရာများဖြင့် ကျုံဒိုးဆေးရုံ၌ ဆေးကုသမှု ခံယူနေရကြောင်း သိရသည်။

အဆိုပါ ယာဉ်မတော်တဆမှုကြောင့် ဂျိုင်းကြိုးဆိုင်းတံတား၏ ညာဘက်အခြမ်း လက်ရမ်းသံကာ အကန့် ၆ ခု၊ ဘယ်ဖက်လက်ရမ်း သံကာအကန့် ၂ ခု၊ တံတားထိန်း သံမဏိကြိုးတချောင်း ကွေးညွှတ်သွားပြီး တံတားအတက်အဆင်း ချဉ်းကပ်နေရာများ ၄ ပေခန့် ကွာဟသွားခြင်းကြောင့် ပြန်လည် ပြင်ဆင်မှုများနှင့် ကြံ့ခိုင်မှုများ ပြန်လည် စစ်ဆေးသွားရန် တံတားအား ခေတ္တ ယာယီ ပိတ်ထားခြင်းဖြစ်သည်ဟု ပြည်နယ် အင်ဂျင်နီယာမှူးကြီး ဦးသောင်းဟန်စိုးက ပြောသည်။

ၜင်းက 'အခု ပျက်စီးသွားတာတွေကို စနစ်တကျ စစ်ဆေးပြီး အများပြည်သူ အဆင်ပြေပြေသွားလာနိုင်အောင် လုပ်ဆောင်နေတယ်။ ကရင်/မွန် လမ်းတံတားအထူးအဖွဲ့ (၁၄) တာဝန်ရှိ အင်/ယာချုပ် ဦးနေအောင်ရဲမြင့်နဲ့အဖွဲ့ လာရောက်စစ်ဆေးပြီး တံတားကြံ့ခိုင်ရေးနဲ့ ပျက်စီးမှုအခြေအနေများကို လမ်း ဦးစီးရုံးချုပ် ဒီဇိုင်းဌာနမှ လာရောက်စစ်ဆေး ပြုပြင်ဆောင်ရွက်မှာဖြစ်တာကြောင့် ယာယီပိတ်ထားမယ်'ဟု ဆိုသည်။



ထို့အပြင် ယာဉ်မတော်တဆမှုကြောင့် တံတားပျက်စီးမှုများကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းမကြီးများ ဥပဒေနှင့်အညီ အမှုဖွင့် အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ တံတား ခေတ္တယာယီ ပိတ်ထားနေစဉ် ဒေသအတွင်း ဖြတ်သန်းမောင်းနှင်နေသော မော်တော်ကားများ အားလုံးကို တံတားအောက် ကုန်ကားများ ဖြတ်သန်းရာ ပွန်တွန်းဘောတံတားမှ ဖြတ်သန်းခွင့်ပြုထားကြောင်း ၜင်းက ဆက်ပြောသည်။

မြဝတီ–ဖားအံ ခရီးသည် ကားသေးမောင်းသူ ကိုစောထူးက 'မနက်က မြဝတီခရီးသည်နဲ့ တက်လာတော့ ဂျိုင်းတံတား ကားတိုက်လို့ ခဏပိတ်နေတာနဲ့ ကြုံတယ်။ ဂျိုင်းရွာထိပ်မှာ ခဏစောင့်နေရတယ်။ နောက်တော့ အောက်ဘောတံတားကနေ ကားသေးကားကြီး တလမ်းမောင်းစနစ်နဲ့ ပေးသွားနေတယ်။ တွဲကားကြီးတွေက ဒီလမ်းမှာ အန္တရာယ် အရမ်းများတယ်။ လမ်းကလည်းကျဉ်းတော့ တချို့ကွေ့တွေဆို တစ်ဘက်ယာဉ်သေးတွေနဲ့ မလွတ်ဘူး။ အမြဂရုစိုက်မောင်းနေရတယ်'ဟု ပြောသည်။

အဆိုပါ ဂျိုင်း–ကော့ကရိတ် တံတားပေါ် ယာဉ်မတော်တဆမှု ဖြစ်ပွားခဲ့သည့် ယာဉ်မောင်း ဦးမြင့်ထွေးအား ကျုံဒိုးမြို့နယ် ရဲတပ်ဖွဲ့စခန်းမှ ၃/၂၀၁၇ ရာဇသတ်ကြီး ပုဒ်မ ၂၇၉/၃၃၈ ဖြင့် ကနဦး အမှုဖွင့် အရေးယူ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကျုံဒိုးမြို့နယ်၊ ရဲဌာနထံမှ သိရှိရသည်။

နိုင်ငံရေးဆွေးနွေးပွဲတွင် တိုင်းရင်းသားအားလုံး ပါဝင်နိုင်ရေး ကြိုးစားနေကြောင်း KNU ပြောဆို

ဇန်နဝါရီ ၂၀ ရက်၊ ၂၀၁၇ ခုနှစ်
စောညွန့်သောင်း

နိုင်ငံရေးဆွေးနွေးပွဲတွင် တိုင်းရင်းသားအားလုံး ပါဝင်နိုင်ရန် ကြိုးစားနေကြောင်း ကရင်အမျိုးသား အစည်းအရုံး–KNU တွဲဘက်အတွင်းရေးမှူး–၂ ပဒိုမန်းမန်းမန်းက ဖားအံမြို့၊ သီရိဖားအံဟိုတယ်၌ ဇန်နဝါရီ ၁၉ ရက်နေ့တွင် ကျင်းပသည့် လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ (ကရင်) ၏ ဒုတိယနေ့ သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

'ကျနော်တို့ ဖက်ဒရယ်ပြည်ထောင်စု သွားဖို့က လူမျိုးတမျိုးထဲတော့ မဖြစ်နိုင်ဘူးပေါ့။ ငြိမ်းချမ်းရေး တည်ဆောက်တဲ့အခါမှာ နိုင်ငံရေးဆွေးနွေးရေးမှာ အားလုံးပါလာဖို့က ကျနော်တို့လည်း ကြိုးစားနေပါတယ်'ဟု ပဒိုမန်းမန်းမန်းက ပြောဆိုခဲ့သည်။

အစိုးရနှင့် တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်–NCA ကို လက်မှတ်ထိုးနိုင်ခြင်းမရှိသေးသည့် အဖွဲ့များ အနေဖြင့် အကန့်အသတ်ရှိနေဆဲ ဖြစ်သော်လည်း ယခုအချိန်တွင် ပါဝင်လက်မှတ်ထိုးနိုင်ရေးအတွက် ငြိမ်းချမ်းရေး ကော်မရှင်အဖွဲ့မှ ကြိုးစားပေးလျှက်ရှိသည်ဟု ပဒိုမန်းမန်းမန်းက ဆက်ပြောသည်။

ၜင်းက 'အခု အားလုံး မပါလာနိုင်သေးတဲ့အတွက်ကြောင့် ကျနော်တို့ရှေ့သွားဖို့က အခက်အခဲ ကျန်ရှိနေပါသေးတယ်။ အားလုံး လက်မှတ်ထိုးလာနိုင်ဖို့က အထူးသဖြင့် တပ်မတော်ဘက်က သဘောထားကြီးပြီးတော့ ပါဝင်ခွင့်ရရှိလာဖို့ကို ကျနော်တို့က မျှော်လင့်တယ်။ NLD အစိုးရသစ်လက်ထဲမှာ ပိုမိုပြီး အခွင့်အလမ်း အရင်ထက် ရရှိလာပြီး အားလုံး လက်မှတ်ရေးထိုးလာနိုင်ဖို့လည်း မျှော်လင့်ပါတယ်' ဟု ပြောသည်။

ၜင်းအပြင် ဆွေးနွေးပွဲ၏ ဒုတိယနေ့တွင် မြန်မာနိုင်ငံကို ဖက်ဒရယ် ပြည်ထောင်စုနိုင်ငံအဖြစ် ထူထောင်ရေးအတွက် ပြင်ဆင်ရေးဆွဲ ပြဋ္ဌာန်းသွားမည့် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် အချုပ်အခြာ အာဏာ၊ အမျိုးသား တန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ဖက်ဒရယ်ပြည်ထောင်စုမှု၊ တိုင်းရင်းသား လူနည်းစုများ၏ အခွင့်အရေးကို ကာကွယ်ခြင်း၊ ဒီမိုကရေစီ အခွင့်အရေးနှင့် အခြေခံလူ့အခွင့်အရေးနှင့် ကျား/မ ဆိုင်ရာ တန်းတူညီမျှမှု၊ ဘာသာရေးကို အခြေမခံသောနိုင်ငံနှင့် ပါတီစုံ ဒီမိုကရေစီစသည့် လမ်းညွှန်အခြေခံမူ ၈ ချက်ကို စုပေါင်းချမှတ်ခဲ့ကြောင်း အရပ်ဖက်ကိုယ်စားလှယ်တဦးဖြစ်သူ နန့်ခင်အေးဦးက သတင်းစာရှင်းလင်းပွဲတွင် ပြောခဲ့သည်။

သုံးရက်ကြာ ပြုလုပ်ကျင်းပသည့် လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ပထမနေ့ အဖွင့်မိန့်ခွန်းတွင် KNU ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုးက အစိုးရအနေဖြင့် NCA လက်မှတ်မထိုးရသေးသည့် တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေးအဖွဲ့များအတွက် ပိုမိုလမ်းဖွင့်ပေးထားရန် တောင်းဆိုကြောင်း ပြောကြားခဲ့သည်။

ကရင်အမျိုးသား ကိုယ်စားလှယ် စုစုပေါင်း ၅၂၅ ဦး တက်ရောက်ဆွေးနွေးသည့် ဒုတိယနေ့ ဆွေးနွေးပွဲ၌ နိုင်ငံရေးဆွေးနွေးပွဲတွင် ချပြဆွေးနွေးမည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ မြေယာနှင့် သဘာဝသယံဇာတစသည့် ကဏ္ဍကြီး ၄ ရပ်ကို အုပ်စုဖွဲ့ ဆွေးနွေးပြီးနောက် ၜင်းကဏ္ဍအလိုက် ဆွေးနွေးရရှိချက်များကို ပြန်လည် စုစည်းကြခဲ့ကြသည်။

ရေဖြူမြို့နယ်တွင် KNU နှင့် မွန်ပြည်သစ်ပါတီတို့ တစ်ရက်တည်း ပစ်ခတ်မှု (၂)ကြိမ်ထပ်မံဖြစ်

ဧနီ့နဝါရီ ၁၁ ရက်၊ ၂၀၁၇ ခုနှစ်

KNU– ကရင်အမျိုးသား အစည်းအရုံး လက်အောက်ခံ တပ်ရင်းနှင့် မွန်ပြည်သစ်ပါတီ(NMSP) တို့သည် ယနေ့ ဧနီ့နဝါရီလ ၁၁ ရက်နေ့တွင် တနသာရီတိုင်း ဒေသကြီး ရေဖြူမြို့နယ် သဲချောင်းဖျား ကျေးရွာအနီး၌ ပစ်ခတ်မှု ၂ ကြိမ် ထပ်မံဖြစ်ပွားသည်ဟု နှစ်ဖက် တပ်များက အတည်ပြု ပြောဆိုသည်။

အဆိုပါ ပစ်ခတ်မှုဖြစ်သည့် အကြောင်းရင်းသည် မပြီးဆုံးခဲ့သည့် နယ်မြေအငြင်းပွားမှု ပြဿနာကြောင့် ယခုပစ်ခတ်မှု ပြန်လည်ဖြစ်ပွားခြင်းဖြစ်ပြီး ယနေ့ မနက် ၆ နာရီနှင့် ၇ နာရီကြားတွင် တကြိမ်၊ နေ့လည် ၁၂ နာရီတွင် တကြိမ် ပစ်ခတ်မှု ပြန်လည်ဖြစ်ပွားသည်ဟု KNU တပ်မဟာ(၄)၊ ထားဝယ် ဆက်ဆံရေးရုံး တာဝန်ခံ ပဒိုစောဝင်းခိုင်က ကရင်သတင်းစဉ်သို့ ပြောသည်။

'ပြဿနာအရင်းခံက လယ်ယာမြေပဲ။ တပ်မဟာ(၄)တောင် မကပဲ တပ်မဟာ(၆)လည်း ဒီလို အငြင်းပွားမှုတွေဖြစ်တယ်။ အဓိက နှစ်ဖက်တပ်ဖြစ်တဲ့ KNU ဖြစ်စေ၊ မွန်ပြည်သစ်ပါတီဖြစ်စေ မှန်မှန် ဖြေရှင်းပေးနိုင်ဖို့ပဲ။ ဗဟိုခေါင်းဆောင်ပိုင်းက တွေ့ဆုံညှိနှိုင်းဖြေရှင်းနိုင်ရင် ပြဿနာက ပြီးသွားမှာပါ'ဟု ပဒိုစောဝင်းခိုင်က ကရင်သတင်းစဉ်သို့ ပြောသည်။

ထိုပစ်ခတ်မှုမှာ KNU ဘိတ်– ထားဝယ်ခရိုင်ရှိ ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (KNLA)၊ တပ်မဟာ(၄) လက်အောက်ခံ တပ်ရင်း(၁၀) တပ်ဖွဲ့ဝင်များနှင့် NMSP လက်အောက်ခံ မွန်အမျိုးသား လွတ်မြောက်ရေး တပ်မတော် (MNLA) တပ်ဖွဲ့ဝင်များအကြား ဖြစ်ပွားခြင်းဖြစ်ကာ မွန်ပြည်သစ်ပါတီဘက်က တပ်သားအချို့ ဒဏ်ရာရရှိခဲ့ပြီး KNU ဘက်က ထိခိုက်မှုမရှိဟု နှစ်ဖက်တပ်၏ ဖြေကြားချက်အရ သိရသည်။

အဆိုပါကိစ္စနှင့် ပတ်သက်၍ မွန်ပြည်သစ်ပါတီ (NMSP) ပြည်တွင်းရေးရာ ဌာနတာဝန်ခံ နိုင်လှဝင်းက 'ဖြစ်တာက သဲချောင်းပေါ့။ KNU တပ်ရင်းစခန်းလည်းရှိတယ်။ ကျနော်တို့ မွန်ပြည်သစ်စခန်းလည်း ရှိတယ်။ အဲဒါ KNU က လာပစ်တာပေါ့။ နောက်နေ့လည်လည်း လမ်းခုလတ်မှာဆုံပြီး ပစ်သေးတယ်။ ထိခိုက်တာတော့ ထိတာ ရှတာ ရှိတာပေါ့။ အသေးစိတ် အတိအကျ မသိသေးဘူး'ဟု ကရင်သတင်းစဉ်သို့ ပြောသည်။

KNU နှင့် မွန်ပြည်သစ်ပါတီ အကြား နယ်မြေအငြင်းပွားမှုကြောင့် ပြီးခဲ့သည့် အောက်တိုဘာလတွင် တကြိမ်၊ ဒီဇင်ဘာလတွင် တကြိမ်နှင့် ယနေ့ ၂ ကြိမ် ပစ်ခတ်မှုများ ဖြစ်ပွားခဲ့သည်။

ပစ်ခတ်တိုက်ခိုက်မှုမလုပ်ဘဲ နှစ်ဖက်တွေ့ဆုံဖြေရှင်းမှုဖြင့် ကြိုးပမ်းသွားမည်ဟု မွန်ပြည်သစ်ပါတီပြော

ဧနီ့နဝါရီ ၂၂ ရက်၊ ၂၀၁၇ ခုနှစ်
စောမြတ်ဦးသာ

မွန်ပြည်သစ်ပါတီ– NMSP၊ ထားဝယ်ခရိုင်နှင့် ကရင်အမျိုးသား အစည်းအရုံး– KNU တပ်မဟာ(၄) တပ်ဖွဲ့ဝင်တို့အကြား ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပေါ်သည့် ပြဿနာကို နှစ်ဖက်တွေ့ဆုံဖြေရှင်းသည့် နည်းလမ်းဖြင့် ကြိုးပမ်းသွားမည်ဟု NMSP ထားဝယ်ခရိုင်က ဧနီ့နဝါရီ ၂၂ ရက်နေ့တွင် သဘောထား ကြေညာချက်တစောင် ထုတ်ပြန် ပြောဆိုလိုက်သည်။

မွန်ပြည်သစ်ပါတီ ပြည်တွင်းရေးရာဌာန တာဝန်ခံ နိုင်ဝင်းလှက 'လက်နက်နဲ့ဆို အချင်းချင်း ပြဿနာ ဘယ်လိုမှလည်း ပြောင်းလဲစရာ အကြောင်းမရှိဘူးလေ။ အတိတ်သမိုင်းကလည်း သက်သေပြလာခဲ့တာ အများကြီးပဲ။ တွေ့ဆုံ ညှိနှိုင်းတဲ့ နည်းနဲ့ ဖြေရှင်းပြီး အတူတကွ အေးအေးချမ်းချမ်းနေနိုင်ဖို့ မျှော်လင့်တယ်' ဟု ဧနီ့နဝါရီ ၂၂ ရက်တွင် ကရင်သတင်းစဉ်သို့ ပြောသည်။

ထို့အတူ ဧနီ့နဝါရီ ၂၅ ရက်နေ့တွင် နှစ်ဖက်တွေ့ဆုံညှိနှိုင်းရန် အတွက် တနသာရီတိုင်း ဒေသကြီး အစိုးရမှ နှစ်ဖက်ခေါင်းဆောင်များအား ဖိတ်ကြားထားပြီး မိမိတို့ဘက်မှ ထားဝယ်ခရိုင်တာဝန်ရှိသူများ တက်ရောက်မည်ဟု နိုင်ဝင်းလှက ဆက်ပြောသည်။

မွန်ပြည်သစ်ပါတီ၊ ထားဝယ်ခရိုင်၏ ထုတ်ပြန်ကြေညာချက်အရ NMSP အနေဖြင့် ဘဝတူ မဟာမိတ် အချင်းချင်း သင့်မြတ်စွာနေထိုင်ရေးနှင့် သမိုင်း၏ခါးသီးသော အတွေ့အကြုံများကို သင်ခန်းစာယူပြီး ပဋိပက္ခများ နောက်ထပ်မကျယ်ပြန့်သွားရေးအတွက် နှစ်ဦးနှစ်ဖက် တွေ့ဆုံဖြေရှင်းသည့် နည်းလမ်းဖြင့် ကြိုးပမ်းသွားမည် ဖြစ်ကြောင်း လည်း ထုတ်ပြန်ထားသည်။

အဆိုပါ မွန်ပြည်သစ်ပါတီ ထားဝယ်ခရိုင်၏ ထုတ်ပြန်ကြေညာချက်အပေါ် KNU ကရင်အမျိုးသား အစည်းအရုံး ထားဝယ်ခရိုင်မှ ဆက်ဆံရေးရုံးတာဝန်ခံ ပဒိ စောဝင်းခိုင်က 'ထုတ်ပြန်ကြေညာချက်ထက် အဓိက ဗဟိုအချင်းချင်း မျက်နှာစုံညီ အကျေအလည် ဆွေးနွေးပြီး ဆုံးဖြတ်ချက်ချနိုင်တဲ့အထိ ဆွေးနွေးနိုင်မယ်ဆိုရင် အဆင်ပြေတာပေါ့' ဟု ပြောသည်။

ၔင်းအပြင် ဧနီ့နဝါရီလ ၂၅ ရက်နေ့တွင် ပြုလုပ်မည့် တနသာရီတိုင်းဒေသကြီးအဆင့် ပဏာမ နှစ်ဖက် တွေ့ဆုံညှိနှိုင်းမှုတွင် နယ်မြေအရ နှစ်ဖက်တပ်များ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို တိကျ သေချာစွာဖြင့် လေးလေးနက်နက် ဆုံးဖြတ်ချက်ချနိုင်မှသာ အဆင်ပြေနိုင်မည်ဟု ပဒိစောဝင်းခိုင်က ဖြည့်စွက်ပြောဆိုသည်။

နယ်မြေပြဿနာကြောင့် KNU နှင့် MNSP တို့သည် ၁၉၈၈ ခုနှစ်တွင် ဘုရားသုံးဆူဒေသ၌ လက်နက်ကိုင် ပဋိပက္ခ ဖြစ်ပွားခဲ့ပြီး နောက်ပိုင်း ၂၀၁၆ ခုနှစ်၊ စက်တင်ဘာ၊ ဒီဇင်ဘာနှင့် ၂၀၁၇ ခုနှစ်၊ ဧနီ့နဝါရီလတို့တွင် စုစုပေါင်း လေးကြိမ်အထိ ပစ်ခတ်မှု ပြန်လည်ဖြစ်ပွားပြီး နှစ်ဖက်ထိခိုက်ဒဏ်ရာ ရရှိမှုများရှိသည်ဟု သိရသည်။

KNU အဖွဲ့သည် တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်– NCA ကို လက်မှတ်ထိုးထားသည့်အဖွဲ့ဖြစ်ပြီး မွန်ပြည်သစ်ပါတီကမူ NCA လက်မှတ်ရေးထိုးနိုင်ခြင်း မရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့တခု ဖြစ်သည်။

မွန်ပြည်သစ်ပါတီ အနေဖြင့် ဒီမိုကရေစီအရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးနှင့် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်ရေးအတွက် ဘဝတူညီနောင်တိုင်းရင်းသားများနှင့် တိုက်ပွဲဝင်လျက်ရှိကာ NCA လက်မှတ်ရေးထိုးနိုင်ရန် ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ– UNFC နှင့်အတူ နိုင်ငံတော်အစိုးရနှင့် ဆွေးနွေးညှိနှိုင်းလျှက် ရှိကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ကရင်၊ မွန်လက်နက်ကိုင်ပဋိပက္ခ ကူးစက်လာမည်ကို KNU ဝင်းရေးမြို့နယ်မှ စိုးရိမ်

ဧနီ့နဝါရီ ၁၈ ရက်၊ ၂၀၁၇ ခုနှစ်
စောမြတ်ဦးသာ

ကရင်အမျိုးသား အစည်းအရုံး– KNU ဘိတ်ထားဝယ်ခရိုင် ဘက်တွင် KNU တပ်ဖွဲ့ဝင်များနှင့် မွန်ပြည်သစ်ပါတီ တပ်ဖွဲ့ဝင်တို့အကြား ဖြစ်ပွားနေသည့် လက်နက်ကိုင် ပဋိပက္ခများမှာ ၎င်းတို့ဘက်သို့ ကူးစက်လာမည်ကို စိုးရိမ်ကြောင်း KNU ဒူးပလာယာခရိုင်၊ ဝင်းရေးမြို့နယ်နှင့် ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် KNLA တပ်ရင်း(၁၆)တို့က ဧနီ့နဝါရီ ၁၆ ရက်နေ့တွင် သဘောထား ထုတ်ပြန်ချက်တစောင် ထုတ်ပြန် ပြောဆိုလိုက်သည်။

ဝင်းရေးမြို့နယ် ဥက္ကဋ္ဌ ပဒိစောမောင်ရွှေက 'KNU တပ်မဟာ(၄) နဲ့ မွန်ပြည်သစ်ပါတီတို့ ပစ်ခတ်မှုတွေ ဖြစ်နေတော့ ကျနော်တို့ဘက်ကို မကူးစက်လာအောင် ထိပ်တိုက်ရင်ဆိုင်မှုနဲ့မသွားပဲ။ တွေ့ဆုံဆွေးနွေး အဖြေရှာကြဖို့ပေါ့။ မွန်၊ ကရင် တွေ့ဆုံညှိနှိုင်းမှု ပြုလုပ်တယ်။ ဆုံးဖြတ်ချက် မကျဘူး။ အောက်ခြေထိ မရောက်ဘူး။ လူမျိုးရေးအစွဲတွေ ရှိကြတဲ့အတွက် ပဋိပက္ခဖြစ်နေရတယ်' ဟု ဧနီ့နဝါရီ ၁၇ ရက်နေ့က ပြောသည်။

လက်ရှိ ဖြစ်ပွားနေသည့် လက်နက်ကိုင် ပဋိပက္ခကို မကြီးထွားလာအောင် နှစ်ဘက်စလုံးမှ ထိန်းထိန်းသိမ်းသိမ်း လုပ်ဆောင်သွားရန်နှင့် သဘောထားကြီးကြီးဖြင့် တွေ့ဆုံဆွေးနွေး အဖြေရှာကြရန် မျှော်လင့်ကြောင်းလည်း ပဒိစောမောင်ရွှေက ဖြည့်စွက် ပြောဆိုသည်။

KNU ဝင်းရေးမြို့နယ်၏ ထုတ်ပြန်ချက်အရ ယခု ဝင်းရေးမြို့နယ်၏ အခြေအနေသည် မဖြစ်သင့်သော အခြေအနေတရပ်၏ တွန်းပို့မှုကြောင့် နယ်မြေတည်ငြိမ် အေးချမ်းမှုကို ထိခိုက်လာသည်မှာ မဖြစ်သင့်သလို လက်ရှိ ငြိမ်းချမ်းရေး ဖြစ်စဉ်ကိုပါ ထိပါးလာစေကြောင်း၊ လူထုအကျိုးစီးပွား ထိခိုက်ပျက်စီးစေနိုင်သော အခြေအနေများကို မိမိတို့ ဆန့်ကျင်သွားမည်ဖြစ်ပြီး ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေးတွင် အထောက်အပံ့ ပြုစေမည့် လုပ်ရပ်မျိုးကို ပြုမူဆောင်ရွက်သွားမည်ဟု ဖော်ပြထားသည်။

အဆိုပါ ကေအဲန်ယူ ဝင်းရေးမြို့နယ်နှင့် KNLA တပ်ရင်း (၁၆) တို့၏ ထုတ်ပြန်ချက်အပေါ် မွန်ပြည်သစ်ပါတီဘက်မှ သဘောထားကို ရရှိရန် ကရင်သတင်းစဉ်မှ တယ်လီဖုန်းဖြင့် အကြိမ်ကြိမ် ကြိုးစားဆက်သွယ်ခဲ့သော်လည်း တုံ့ပြန်ဖြေကြားမည့်သူ မရှိပါ။

ကရင်၊ မွန် လက်နက်ကိုင်အဖွဲ့ ပဋိပက္ခဖြစ်ပွားမှုနှင့် ပတ်သက်၍ မွန်ပြည်နယ်၊ အရပ်သား အပစ်ရပ် စောင့်ကြည့်လေ့လာရေး ကော်မတီ ဒုဥက္ကဋ္ဌ ဦးမင်းမင်းနွယ်က 'ညီအကို အချင်းချင်း သင့်သင့်မြတ်မြတ်နဲ့ ရောနော နေထိုင်လာကြပြီးမှ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နေတဲ့ကာလမှာ ဒီလိုပဋိပက္ခတွေ မဖြစ်စေချင်ဘူး။ နောက်နောင် မဖြစ်အောင်လည်း ကြိုးစားပြီး တော့ အရပ်ဖက်တွေရော၊ အခြားနိုင်ငံရေးအဖွဲ့တွေရော၊ ဝိုင်းဝန်းညှိနှိုင်းပြီး ဆက်လက်မဖြစ်ဖို့ တိုက်တွန်းချင်တယ်။ စေ့စပ်ညှိနှိုင်းဖြေရှင်းတဲ့နည်းနဲ့ ကမ်းလှမ်းလာရင်တော့ ကျနော်တို့ မွန် CSO (အရပ်ဖက်)အနေနဲ့ ထောက်ခံကြိုဆိုပါတယ်' ဟု ဧနီ့နဝါရီ ၁၈ ရက်တွင် ကရင်သတင်းစဉ်သို့ ပြောသည်။

KNU ဝင်းရေးမြို့နယ်သည် မွန်ပြည်နယ်နှင့် ထိစပ်နယ်မြေ ဖြစ်ပြီး ယခုအချိန်တွင် ဝင်းရေးမြို့နယ်ရှိ ကျေးရွာများဖြစ်သည့် တဒိန်၊ ဝင်းရော်ဆိပ်ကြီး၊ ပိန္နဲ့ တောင်နေရာများတွင် နှစ်ဖက်သော လက်နက်ကိုင် အင်အားစုများ လှုပ်ရှားမှုများ ရှိလာသည့်အတွက် ပဋိပက္ခဖြစ်ပွားလာမည်ကို စိုးရိမ်မှုများရှိသည်ဟု ဒေသခံများက ပြောသည်။

ခွဲထွက်အဖွဲ့ ၂၃ဦး လက်နက်ချဟု တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးထုတ်ပြန်

ဧရာဝတီ ၈ ရက်၊ ၂၀၁၇ ခုနှစ်

ကရင်ပြည်နယ်၊ လှိုင်းဘွဲမြို့နယ်၊ မဲ့သဝေါဒေသတွင်းရှိ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသား တပ်မတော် (DKBA/KKO–ခွဲထွက်) စောဆန်းအောင်အဖွဲ့မှ စိုးစိုး ဦးဆောင်သော ၂၃ ဦးသည် လက်နက်ခဲယမ်းများနှင့်အတူ ဧရာဝတီရိုလ ၇ ရက်နေ့က အစိုးရတပ်မတော်ထံသို့ ဝင်ရောက်လက်နက်ချခဲ့သည်ဟု တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ ထိုနေ့ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ DKBA/KKO ခွဲထွက်အဖွဲ့သည် ၎င်းတို့ ကိုင်ဆောင်သော လက်နက်မျိုးစုံ ၈ လက်၊ ကျည်မျိုးစုံ ၁၄၉ တောင့်၊ ကျည်အိမ် ၈ ခု၊ ဗုံးသီး ၃ လုံး၊ မိုင်း ၇ လုံးနှင့်အတူ နယ်မြေခံ တပ်မတော် တာဝန်ရှိသူများထံသို့ ဝင်ရောက်ခြင်းဖြစ်ကြောင်း အစိုးရတပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ သတင်းထုတ်ပြန်ထားခြင်း ဖြစ်သည်။

တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ရုံး၏ ထုတ်ပြန်ချက်အရ ယင်းဝင်ရောက်လာသော အဖွဲ့မှာ KKO ခွဲထွက်အဖွဲ့၏ လုပ်ရပ်များအပေါ် လက်ခံမှုမရှိခြင်း၊ လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ ငြိမ်းချမ်းစွာ နေထိုင်လိုခြင်း၊ နိုင်ငံတော်နှင့် တပ်မတော်၏ တိုင်းရင်းသားပြည်သူများအပေါ် ထားရှိသည့် သဘောထား စေတနာအမှန်ကို နားလည် သဘောပေါက်လာသည့် အတွက် ဥပဒေဘောင် အတွင်းသို့ ဝင်ရောက်လာခြင်း ဖြစ်ကြောင်း ဖော်ပြထားသည်။

လတ်တလောတွင် ယင်းသို့ ဝင်ရောက်လာသည့် DKBA/KKO ခွဲထွက်တပ်ဖွဲ့ဝင်များအား လှိုင်းဘွဲ့ တပ်နယ် တနေရာတွင် နေရာချပေးထားသည်ဟု သက်ဆိုင်ရာ အစိုးရ တာဝန်ရှိသူများ၏ ပြောပြချက်အရ သိရသည်။

DKBA/KKO ခွဲထွက်အဖွဲ့သည် ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၁ ရက်နေ့တွင် ဒီမိုကရေစီ အကျိုးပြု ကရင်တပ်မတော် (DKBA ကလို့ထူးဘောအဖွဲ့)မှ ခွဲထွက်ကာ ၂၀၁၆ ခုနှစ်၊ ဧန်နဝါရီလ ၁၂ ရက်နေ့တွင် ပြန်လည်ဖွဲ့စည်းခဲ့သည်။

ပြီးခဲ့သည့် ၂၀၁၆ နှစ်ကုန်ပိုင်း ဒီဇင်ဘာလအတွင်း DKBA ခွဲထွက်အဖွဲ့ဝင်များသည် နီးစပ်ရာ အပစ်ရပ် ကရင်လက်နက်ကိုင်အဖွဲ့ KNU/KNLA-PC တပ်ဖွဲ့ထံသို့ ၅ ဦး၊ ၂၀၁၇ ဧန်နဝါရီ ၁ ရက်နေ့က မြဝတီတပ်နယ်သို့ ၇ ဦး လက်နက်ခဲယမ်းများနှင့်အတူ ဝင်ရောက်ခဲ့ပြီး နောက် ဧန်နဝါရီလ ၇ ရက်တွင် လှိုင်းဘွဲ့တပ်နယ်သို့ ၂၃ ဦး ထပ်မံ ဝင်ရောက်လာခြင်း ဖြစ်သည်ဟု သိရသည်။

အဆိုပါကိစ္စများနှင့် ပတ်သက်၍ သက်ဆိုင်ရာ DKBA ခွဲထွက်အဖွဲ့ထံသို့ ကရင်သတင်းစဉ်က ဆက်သွယ်ရန် ကြိုးစားသော်လည်း ဆက်သွယ်မှု မရရှိခဲ့ပေ။

ကြာအင်းဆိပ်ကြီးမြို့နယ် နွတ်မီဝေါတံတား ပြန်လည်ပြုပြင်တည်ဆောက်နေ

ဧရာဝတီ ၉ ရက်၊ ၂၀၁၇ ခုနှစ်
စောမြတ်ဦးသာ

ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ် ကျုံခဝန်ကျေးရွာ အဝင်ရှိ ခလယ်–တံခွန်တိုင်၊ ကျုံခဝန်၊ ဖားပြ၊ အနန်းကွင်းကျေးရွာများသို့ ဆက်သွယ်ထားသည့် နွတ်မီဝေါတံတားကို ယခုလ ဧန်နဝါရီ ၄ ရက်နေ့မှ စတင်ကာ ပြန်လည်ပြုပြင်တည်ဆောက်နေပြီ ဖြစ်ကြောင်း သက်ဆိုင်ရာ တာဝန်ရှိသူများက ပြောသည်။

အဆိုပါ နွတ်မီဝေါတံတားကို ၂၀၁၅ ခုနှစ်က တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ဆောက်လုပ်ပြီးစီးသည့် နှစ်တွင်ပင် ဖြတ်သန်းသွားလာမှုများပြားသည့်အတွက် ပျက်စီးမှုအချို့ ဖြစ်ပေါ်ခဲ့ရာ ယခုလို ပြန်လည်ပြုပြင်တည်ဆောက်ရခြင်း ဖြစ်ကြောင်း မြို့နယ် လမ်းတံတား ဦးစီးဌာနထံမှ သိရသည်။

ကြာအင်းဆိပ်ကြီး မြို့နယ် လမ်းတံတားဦးစီးဌာန၊ ဦးစီးမှူး စောသိန်းဇော်ဌေးက 'ခရီးသွားပြည်သူတွေ သွားလာရ အဆင်ပြေအောင် အမြန် ဆောင်ရွက်နေတာပေါ့နော်။ အခု လောလောဆယ် လမ်းလွှဲလုပ်ထားပေးတယ်။ တံတားအောက်ခြေအမာခံလည်း တူးနေပါပြီ။ ဧန်နဝါရီလ အကုန်မှာတော့ အမြန်ပြီးစီးအောင် ဆောင်ရွက်ပေးသွားပါမယ်'ဟု ဧန်နဝါရီ ၉ ရက်နေ့တွင် ကရင်သတင်းစဉ်သို့ ပြောသည်။

ထို့အပြင် ကြာအင်းဆိပ်ကြီးမြို့နယ်အနေဖြင့် ၂၀၁၆–၂၀၁၇ ခုနှစ်တွင် နွတ်မီဝေါ အပါအဝင် ဘုရားငါးဆူ အနန်းကွင်းလမ်းပိုင်းကြားရှိ တံတား ၁၁ စင်းနှင့် ကတ္တရာ လမ်း ၄ မိုင် ၅ ဖာလုံကိုလည်း ၉၀ ရာခိုင်နှုန်းခန့် ဆောက်လုပ်ပြီးစီးနေပြီဟု မြို့နယ်လမ်းတံတား ဦးစီးဌာန ဦးစီးမှူး စောသိန်းဇော်ဌေးက ဖြည့်စွက်ပြောသည်။

ယင်းတံတားကို ပြန်လည် ပြုပြင်နေမှုအပေါ် ကျုံခဝန်ရွာမှ ဒေသခံ စောမြတ်သူက 'တံတားက ကျဉ်းနေတော့ ဆိုင်ကယ်တွေ ခဏခဏ မှောက်တယ်။ ကားနဲ့သွားပြန်ရင်လည်း တံတားကျိုးကျမှာကို ကြောက်ရတယ်။ မိုးရာသီမှာဆိုပိုပြီး အန္တရာယ်များတယ်။ အခုလို လူကြီးတွေ လာပြင်ပေးတော့ သွားလာရ အဆင်ပြေတာပေါ့'ဟု ကရင်သတင်းစဉ်သို့ ပြောသည်။

နွတ်မီဝေါတံတားသည် ဝင်းရော်ဒေသထွက်ကုန်များ ဖြစ်ကြသည့် ရာဘာ၊ ကွမ်းသီး၊ ရှောက်၊ သံပုရာ၊ နှမ်းနှင့် မြေပဲ စသည်တို့ကို မုဒုံ၊ မော်လမြိုင်သို့ တင်ပို့ရာတွင် အဓိက အားထား အသုံးပြုရသည့် တံတားတစင်းဖြစ်သည်။

ကြာအင်းဆိပ်ကြီး မြို့နယ်အနေဖြင့် ဘုရားငါးဆူမှ ကျုံခဝန်–ဖားပြ–အနန်းကွင်းအထိ လမ်းအရှည် ၃၂ မိုင်ရှိပြီး ၂၀၁၆–၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်း ၄ မိုင် ၅ ဖာလုံနှင့် တံတား ၁၁ စင်းအတွက် ပြန်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေ ကျပ် ၂၇၅ သန်း ခွင့်ပြုသုံးစွဲထားကြောင်း သက်ဆိုင်ရာ လမ်းတံတားဦးစီးဌာနထံမှ သိရသည်။

▶ ရှေ့မှ "ပြည်ထောင်စုသားအားလုံးနှင့်အတူ"မှ

ခွင့်ဆိုတာ တခါမှ မရရှိခဲ့ဘူးပါဘူး။ အခုပါဝင်ခွင့် ရပြီ။ အကောင်းဆုံးကြားဝင်စေ့စပ်နိုင်သူတွေဟာ ပြည်သူတွေဖြစ်သလို ငြိမ်းချမ်းရေးအတွက် အာမခံနိုင်သူတွေဟာလည်း ပြည်သူတွေပဲ ဖြစ်ပါတယ်။ ပြည်ထောင်စု တိုင်းရင်းသားအားလုံးနဲ့ အတူ ပအိုဝ်းတိုင်းရင်းသားတွေ အားလုံးဆွေးနွေးပွဲ အဆင့်ဆင့်မှာ ပါဝင်ဆွေးနွေးပေးကြပါ'ဟု ပြောဆိုသည်။

ထို့အပြင် လူထုပါဝင်မှုမရှိသည့် ယခင်က ငြိမ်းချမ်းရေးဖြစ်စဉ်များမှာ အောင်မြင်ခြင်းမရှိခဲ့သည့်အတွက် ယခု ငြိမ်းချမ်းရေးဖြစ်စဉ်တွင် လူထုအားလုံးပါဝင်ပေးရန် မေတ္တာရပ်ခံလိုကြောင်းနှင့် ပြည်တွင်းစစ် ရပ်စဲရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးများကို အဓိကထားပြီး ဆွေးနွေးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ခွန်မြင့်ထွန်းက ဆက်ပြောသည်။

အဆိုပါ ပအိုဝ်း တမျိုးသားလုံးဆိုင်ရာ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ(အကြို)တွင် ဒေသတွင်း ပအိုဝ်း လူမျိုးများနေထိုင်ရာ ကျေးရွာများမှ လူထုကိုယ်စားလှယ်များ၊ အစိုးရ တိုင်းရင်းသားရေးရာ ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော် တာဝန်ရှိသူများ၊ ပအိုဝ်း အမျိုးသား ခေါင်းဆောင်များ၊ ပအိုဝ်းပါတီများမှ တာဝန်ရှိသူများ၊ လူငယ် အဖွဲ့အစည်းများနှင့် တာဝန်ခံများ၊ ရှမ်းပြည်နယ်မှ ပအိုဝ်းကိုယ်စားလှယ် အဖွဲ့များ၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းတို့မှ ကိုယ်စားလှယ်များ စုစုပေါင်း ၁၅၀ ဦးခန့် တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ မြေယာနှင့် သဘာဝသယံဇာတစသည့် ကဏ္ဍကြီး ၄ ရပ်ထဲမှ ပအိုဝ်း အမျိုးသား နိုင်ငံရေးဆိုင်ရာ ကဏ္ဍကို အထူးပြုဆွေးနွေးကြသည့်အပြင် ပအိုဝ်းအဖွဲ့အစည်း အသီးသီးမှ နိုင်ငံရေးဆိုင်ရာ စာတမ်းများ ဖတ်ကြားခဲ့ကြပြီး သဘာပတိအဖွဲ့နှင့် တက်ရောက်လာသူ ကိုယ်စားလှယ်များမှ အပြန်အလှန် ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြသည်။

ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည့် ကရင်ပြည်နယ် ဝန်ကြီးချုပ်ဟောင်း ဦးဇော်မင်းက 'ဒီလိုဆွေးနွေးပွဲတွေကနေ တိုင်းရင်းသားတွေရဲ့ ဆန္ဒတွေ လိုအပ်ချက်တွေကို ပြည်ထောင်စုအဆင့်မှာ ဆွေးနွေးတင်ပြကြပြီး ကျနော်တို့ လိုလားတောင်းတဲ့ ငြိမ်းချမ်းရေး ဖြစ်စဉ်ကြီးမှာ သားစဉ်မြေးဆက် ငြိမ်းချမ်းတဲ့ အရသာကို ခံစားစေရုံမျှမက စဉ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်တဲ့အရာတွေကို ဆက်လက်ဆောင်ရွက်သွားနိုင်ကြလိမ့်မယ်လို့ ယုံကြည်ပါတယ်' ဟု ပြောသည်။

ပအိုဝ်း အမျိုးသားအဆင့် ကဏ္ဍအလိုက် ဆွေးနွေးပွဲများကို ဧန်နဝါရီလဆန်းပိုင်းက သထုံမြို့တွင် ကျင်းပခဲ့ပြီး လာမည့် ဧန်နဝါရီလ ၂၄ ရက်တွင် ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ဧရက်ကြီးကျေးရွာတွင် ကျင်းပသွားမည်ဖြစ်ကာ တောင်ကြီးမြို့နှင့် မောက်မယ်မြို့တို့တွင်လည်း ဆွေးနွေးပွဲများကို ဆက်လက်ကျင်းပသွားမည်ဟု သိရသည်။

ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ချုပ်–PNLO သည် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်း ၈ ဖွဲ့တွင် တဖွဲ့အပါအဝင် ဖြစ်သည်။

▶ ရှေ့မှ "၂၁ပင်လုံအပြီး"မှ

စီးတီးစတားဟိုတယ်၌ ပြုလုပ်ခဲ့ပြီး အခမ်းအနား၌ ပြည်တွင်း ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ၂၀၁၆ နောက်ပိုင်း အကျဘက်ကို ရောက်ရှိလာသလို ၂၁ ပင်လုံအပြီးတွင် တိုင်းရင်းသား ဒေသများ၌ ပဋိပက္ခပိုမိုများပြားလာသည်ကိုတွေ့ရသည်ဟု ယခုလိုပြောဆိုခဲ့ခြင်း ဖြစ်သည်။

နိုင်ကဆုမွန်က '၂၁ ပင်လုံက နှစ်ဖက်သဘောမတူတဲ့ ကိစ္စကို ချပြလိုက်တဲ့ပုံစံ ဖြစ်သွားတယ်။ တပ်မ တော်က လိုချင်တာ ၂၀၀၈ နဲ့ ဖက်ဒရယ်ကိုသွားမယ်။ တိုင်းရင်းသားတွေဘက်က လိုချင်တာ ၂၀၀၈ နဲ့ ဖက်ဒရယ်ကို သွားလို့ မရဘူး။ မတူညီတဲ့ သဘောထားတွေကို ၂၁ ပင်လုံမှာ ပေါ်လာတာ တွေ့ရတယ်။ ဒါကြောင့် ၂၁ ပင်လုံပြီးတဲ့နောက်ပိုင်းမှာ ပဋိပက္ခတွေ၊ စစ်ပွဲတွေ ဖြစ်လာတယ်။ တပ်မ တော်ဘက်ကလည်း ကချင်တပ်တည်နေရာတွေကို သွားသိမ်းတယ်။ တိုင်းရင်းသားတွေဘက်ကလည်း မြောက်ပိုင်းမဟာမိတ်အဖွဲ့တွေက မူဆယ်ကိုသွားတိုက်တာတွေ စသဖြင့်ပဋိပက္ခတွေ ၂၁ ပင်လုံ နောက်ပိုင်းမှာ ပိုပြီးတော့ တွေ့လာရတယ်' ပြောသည်။

အဆိုပါ ၂၀၁၆ ငြိမ်းချမ်းရေး လမ်းညွှန်အကိုးအကား စာအုပ်တွင် ၂၀၁၆ ခုနှစ်အတွင်း တိုင်းရင်းသား ဒေသများ၌ ဖြစ်ပွားခဲ့သည့် တိုက်ပွဲအကြိမ်အရေအတွက်၊ ငြိမ်းချမ်းရေး ဆွေးနွေးပွဲ ပြုလုပ်ခဲ့မှုများ၊ ပြည်တွင်းနှင့် ပြည်ပ ဒုက္ခသည်အခြေအနေ၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများအကြောင်း၊ အစိုးရသစ်လက်ထက် ငြိမ်းချမ်းရေး ဆောင်ရွက်ခဲ့မှု အခြေအနေများကို အချက်အလက် အကိုးအကားများဖြင့် ဖော်ပြထားသည်။

အလားတူ စာအုပ်မိတ်ဆက်ပွဲတွင် ဦးဆောင် ရှင်းလင်းဆွေးနွေးခဲ့သူ လူ့အခွင့်အရေး ဦးဆောင်လှုပ်ရှားသူတဦး ဖြစ်သည့် မိုင်ချယ်ရီဇာဟောင်က '၂၀၁၆ အစိုးရသစ် တက်လာပြီးတဲ့အချိန်မှာ ဘာကို တွေ့ရလဲဆိုရင်၊ ၂၀၁၄ လောက်မှာ တွေ့ရတဲ့ သူပုန်ဆိုတဲ့ အသုံးအနှုန်းကို မသုံးတော့ပဲ တိုင်းရင်းသား လက်နက်ကိုင်လို့ပဲ သုံးတော့တယ်။ အခု နောက်ပြန်ဆုတ်လာတာ တွေ့ရတယ်။ အခု နောက်ပိုင်းမှာ သောင်းကျန်းသူ သူပုန်လို့ သုံးတာ ခဏခဏတွေ့ရတယ်။ ဆိုတော့ အဖက်ဖက်က ကြည့်မယ်ဆိုရင် တိုင်းရင်းသားတွေဘက်က ရပ်တည်ပေးမယ့် ဟာတွေမရှိတော့တာ တွေ့ရတယ်' ဟု ပြောသည်။

ထို့အပြင် တနိုင်ငံလုံး အပစ်ရပ်စာချုပ် လက်မှတ်ထိုးထားသည့် ကေအဲန်ယူအခြေစိုက်ရာ ကရင်ပြည်နယ်နှင့် ဆက်စပ် နယ်မြေများတွင်လည်း ၂၀၁၆ ခုနှစ်အတွင်း တိုက်ပွဲများဖြစ်ခဲ့သလို ဖွံ့ဖြိုးရေး အကြောင်းပြ စီးပွားရေး စီမံကိန်းကြီးများကိစ္စ၊ ဒုက္ခသည်များ မရေမရာ ဖြစ်နေမှု စသည့် အခက်အခဲများနှင့် ရင်ဆိုင်နေရသည်ကို တွေ့ရပြီး တိုင်းရင်းသား ဒေသအခြေစိုက် သတင်းသမားများအနေဖြင့် လုံခြုံရေးဆိုင်ရာ မည်သည့် အဖွဲ့အစည်းမျှ အာမခံချက် မပေးနိုင်သလို သတင်းများရေးသားရာတွင် မိမိကိုယ်မိမိ ဆင်ဆာ ဖြတ်နေရမှုများကို ရင်ဆိုင်နေရသည်ဟု ကေအိုင်စီ (ကရင်သတင်းဌာန) အယ်ဒီတာချုပ် နန်းဖော့ဂေက အခမ်းအနားတွင် ရှင်းလင်းပြောဆိုခဲ့သည်။

BNI ငြိမ်းချမ်းရေးစောင့်ကြည့်လေ့လာရေးအဖွဲ့အနေဖြင့် ပြည်ပအလျှုရှင်များ၏ အကူအညီဖြင့် ယင်းစာအုပ်ကို ပြုစုခြင်းဖြစ်ကာ ပြုစုရာတွင် မည်သူတဦးတယောက်၏ သြဇာလွှမ်းမိုးမှုမရှိဘဲ သီးခြားလွတ်လပ်စွာ ပြုစုခဲ့ခြင်း ဖြစ်သည်ဟု ဦးဆောင်ပြုစုသူ ကိုထက်အောင်က ပြောသည်။

တိုင်းရင်းသတင်းဌာန အများစုဖြင့် ဖွဲ့စည်းထားသည့် BNI အနေဖြင့် ငြိမ်းချမ်းရေး လမ်းညွှန် အကိုးအကား စာအုပ်ကို ၂၀၁၃ ခုနှစ်မှ စတင်ထုတ်ဝေခြင်းဖြစ်ကာ ယခု ၄ အုပ်မြောက် ထုတ်ဝေခြင်းဖြစ်ကြောင်း BNI တာဝန်ရှိသူများထံမှ သိရသည်။

ကရင်မိန်းကလေးသေဆုံးမှု အမှုမှန်ပေါ်ရေး ထိုင်းလူ့အခွင့်အရေးနှင့် ထိုင်းရှေ့နေများကောင်စီ ကူညီမည်

ဧန်နဝါရီ ၁၃ ရက်၊ ၂၀၁၇ ခုနှစ်
စအိုင်ဆူး

ကရင်တိုင်းရင်းသူ နန်းဖော့အဲမွီ (ခ) နန်းဌေးဌေးဦး ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ သေဆုံးခဲ့သည့် ကိစ္စကို အမှုမှန် ပေါ်ပေါက်ရေးအတွက် ထိုင်းလူ့အခွင့်အရေးနှင့် ထိုင်းရှေ့နေများကောင်စီက ကူညီစစ်ဆေးပေးသွားမည်ဟု ၎င်းမှခင်း အရေးကို လိုက်ပါဆောင်ရွက်ပေးနေသည့် ပြည်ပရောက် ကရင်ဒုက္ခသည်များဆိုင်ရာ လူမှုစောင့်ရှောက်ရေးအဖွဲ့–OKRSO က ပြောသည်။

နန်းဖော့အဲမွီ၏ သေဆုံးမှုအပေါ် ထင်မြင်ချက်အမျိုးမျိုး ဖြစ်ပေါ်နေခြင်းနှင့်ပတ်သက်၍ သံသယ ရှိသည့်အတွက် အမှုမှန်ပေါ်ပေါက်စေရန် ဧန်နဝါရီလ ၁၁ ရက်နေ့က OKRSO အဖွဲ့နှင့် နန်းဌေးဌေးဦး၏ အစ်မနှစ်ဦးတို့က ထိုင်းလူ့အခွင့်အရေးနှင့် ထိုင်းရှေ့နေများကောင်စီထံသို့ သွားရောက်တိုင်ကြားမှု လုပ်ဆောင်သည့်အတွက် အမှုကို စစ်ဆေးရန် ဖြစ်ပေါ်လာခြင်း ဖြစ်သည်ဟု OKRSO နာယကဖြစ်သူ စောစိပ်ပလောင်က ဧန်နဝါရီ ၁၃ တွင် ကရင်သတင်းစဉ်သို့ ပြောသည်။

'ကျနော်တို့ ၁၁ ရက်နေ့က ရဲတွေကနေ သူမ သေတဲ့အချိန်တွေမှာ ရိုက်ထားတဲ့ မှတ်တမ်းမှတ်ရာတွေ၊ CCTV တွေကို ကျနော်တို့ကို ပြန်ပေးတယ်။ အဲ့ဒါတွေကို ကျနော်တို့က ထိုင်းလူ့အခွင့်အရေးနဲ့ ရှေ့နေများကောင်စီရုံးကို ပြန်တင်ပြလိုက်တယ်။ နောက်ထပ်ပိုပြီးတော့ စစ်ဆေးပေးပါ ဆိုပြီးတော့ပေါ့။ ထိုင်းရှေ့နေများကောင်စီကလည်း တန်းတူရည်တူ စစ်ဆေးပေးမယ်လို့ ကတိပေးထားတယ်'ဟု အမှုတိုင်ကြားရာတွင် ကိုယ်တိုင်ပါဝင်ခဲ့သူ စောစိပ်ပလောင်က ပြောသည်။

ထိုင်းရှေ့နေများကောင်စီ အနေဖြင့် OKRSO မှ ပေးအပ်ထားသည့် အထောက်အထားများနှင့် အချက်အလက်များကို အသေးစိတ်ပြန်လည် စစ်ဆေးပေးသွားမည်ဖြစ်ပြီး ၎င်းအမှုကို ကိုင်တွယ်နေသည့် ရဲများကလည်း အသေးစိတ်စစ်ဆေးမှုများပြုလုပ်ကာ ၄၅ ရက်အကြာတွင် သတင်းပြန်လည်ထုတ်ပြန်သွားမည် ဖြစ်သလို ယင်းသေဆုံးမှု မှတ်တမ်းများကို ဘန်ကောက်အခြေစိုက် မြန်မာသံရုံးသို့လည်း ပေးအပ်ထားသည်ဟု စောစိပ်ပလောင်က ဆက်ပြောသည်။

ထိုင်းရှေ့နေများ ကောင်စီ လူ့အခွင့်အရေးဆိုင်ရာ ဥက္ကဋ္ဌ မစ္စတာ နခေါင်ရွှမ်ဖုချတ်က 'စစ်ဆေးရေးရဲတွေ တိကျမှန်ကန်စွာ ဆောင်ရွက်ပေးမှသာလျှင် စစ်ဆေးရေးရဲရော နစ်နာသူဖက်ကပါ အကျိုးရှိမှာ ဖြစ်ပါတယ်။ မဟုတ်လျှင် ဆိုရှယ်မီဒီယာများအရတော့ တိုက်ပိုင်ရှင် (သို့) တဦးဦးက ရဲနဲ့ အပေးအယူ လုပ်ကြံမှု၊ သူ့အစ်မတွေ လာဘ်ယူမှု ရှိခဲ့တယ်ဆိုတဲ့ သတင်းကြောင့် တိုက်ပိုင်ရှင်နဲ့ သူ့အစ်မတို့လည်း နာမည်ပျက်ရပါတယ်။ ဒါကြောင့် တရားမျှတမှုနှင့် အမှုမှန် ပေါ်ပေါက်ရန် ရှေ့နေများကောင်စီကတာဝန်ရှိ စစ်ဆေးရေး ရဲတွေနဲ့ ပူးပေါင်းပြီး အမှု စုံစမ်းစစ်ဆေးဖော်ထုတ်သွားမယ်'ဟု ဧန်နဝါရီလ ၁၁ ရက်နေ့တွင် ထိုင်းမီဒီယာများသို့ ပြောဆိုသည်။

ဘန်ကောက်တွင် လက်ရှိ အိမ်အကူ အလုပ်လုပ်နေသူ ကရင်အမျိုးသမီးတဦးက 'ထိုင်းနိုင်ငံက အလုပ်သမားတွေကို ကာကွယ်မှုအပိုင်းကျတော့ ဥပဒေက ထုတ်ထားပေမယ့် ကျမတို့ အမျိုးသမီးအတွက် ဘယ်လောက်အထိ ကာကွယ်နိုင်မလဲတော့ မသိဘူး။ ဖြစ်နိုင်မယ်ဆိုရင် အမျိုးသမီးတွေအပေါ် အန္တရာယ် မကျရောက်အောင် ကာကွယ်ပေးစေချင်တယ်'ဟု ပြောသည်။

အသက် ၂၂ နှစ်အရွယ်ရှိ နန်းဖော့အဲမွီသည် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာ ၃၁ ရက်နေ့တွင် ဘန်ကောက်မြို့၊ ဘန်ခင်နယ်မြေရှိ၊ ကွန်ဒို တိုက်ခန်းတခုထဲတွင် ကြိုးဆွဲချသေဆုံးခဲ့ပြီး သူမ အလုပ်မလာသည့်အတွက် အလုပ်ရှင်ဖြစ်သူက ဧန်နဝါရီ ၃ ရက်နေ့တွင် သူမ နေထိုင်ရာတိုက်ခန်းသို့ လိုက်လာစဉ်အလောင်းကို တွေ့ရှိခဲ့ခြင်းဖြစ်သည်ဟု ကနဦး သတင်းထွက်ပေါ်ခဲ့သည်။

သေဆုံးသူသည် ကရင်ပြည်နယ်၊ လှိုင်းဘွဲမြို့နယ်၊ နောင်ဘိုကျေးနယ်ရှိ ကလယ်ထော် ကျေးရွာဇာတိဖြစ်ပြီး သူမ သေဆုံးမှုအပေါ် ဖေ့စ်ဘုတ်–လူမှုကွန်ယက်စာမျက်နှာများပေါ်တွင် ထင်မြင်ချက် အမျိုးမျိုး ထွက်ပေါ်လာမှုအပြင် ထိုင်းနိုင်ငံ၊ ရုပ်သံမီဒီယာများပေါ်တွင်လည်း အကျယ်တဝင့် ဖော်ပြခံရသည့် သတင်းတပုဒ် ဖြစ်သည်။

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ကို အသိအမှတ်ပြုနိုင်ရေး နိုင်ငံရေးအခြေအနေပေါ်မူတည်ဟု KESAN ဆို

ဧန်နဝါရီ ၁၀ ရက်၊ ၂၀၁၇ ခုနှစ်
စအိုင်ဆူး

KNU– ကရင်အမျိုးသား အစည်းအရုံး၊ ဖာပွန်ခရိုင်အတွင်းရှိ တောတောင်ရေမြေဒေသကို ထိန်းသိမ်းစောင့်ရှောက်ရန် ရည်ရွယ်ချက်ဖြင့် တည်ထောင်ရန် ကြိုးပမ်းနေသည့် သံလွင်ငြိမ်းချမ်းရေး ဥယျာဉ် (Salween Peace Park) ကို အသိအမှတ်ပြုနိုင်ရေးမှာ နိုင်ငံရေးအခြေအနေပေါ် မူတည်ကြောင်း ကရင်သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာလှုပ်ရှားမှု ကွန်ရက်–KESAN က ပြောသည်။

အဆိုပါဥယျာဉ် အကောင်အထည်ဖော်ရေးအတွက် ၂၀၁၆ ခုနှစ်မှ စတင်ပြီး ဒေသခံ ကရင်လူထု၊ ဖာပွန်ခရိုင် ကရင်သစ်တော ဌာနနှင့် KESAN တို့က ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ယင်းဥယျာဉ်ကို သက်ဆိုင်ရာ KNU နှင့် နိုင်ငံတော်အစိုးရတို့ အသိအမှတ်ပြုရေး ကြိုးပမ်း လုပ်ဆောင်နေမှုအပေါ် KESAN ၏ သတင်းတာဝန်ခံ နော်ဆာမူးက ဧန်နဝါရီလ ၉ ရက်နေ့တွင် ကရင်သတင်းစဉ်သို့ ယခုလို ပြောသည်။

သူမက 'ငြိမ်းချမ်းရေးဖြစ်စဉ်ရှိလာတဲ့အပေါ်မှာ ကျမတို့ အခွင့်အလမ်းတရပ်အနေနဲ့ ဒီအစီအစဉ်ကို လုပ်ဆောင်ချင်တာ ဖြစ်တယ်။ ဒါပေမယ့် ကျမတို့အတွက် အဟန့်အတားဖြစ်စေတာက နိုင်ငံရေး အခြေအနေက ဘာဆက်ဖြစ်မလဲ ဆိုတာ သေချာမသိရဘူးလေ။ နောက်ပြီး ဖာပွန်ခရိုင်မှာလည်း အစိုးရစစ်တပ် နေရာတွေက အများကြီးရှိနေတယ်'ဟု ကရင်သတင်းစဉ်သို့ ပြောသည်။

ထို့အပြင် အဆိုပါ ငြိမ်းချမ်းရေးဥယျာဉ်ကို ဖွဲ့စည်းတည်ထောင်နိုင်ရေးအတွက် ကေအဲန်ယူ၊ ဖာပွန်ခရိုင်အဆင့်ထိသာ ဆောင်ရွက်နိုင်သေးသလို KNU (ဗဟို)၊ အစိုးရနှင့် နိုင်ငံတကာ အသိအမှတ်ပြုနိုင်ရေးအတွက် အဆင့်များစွာ ဆက်လက် ကြိုးပမ်းသွားရဦးမည်ဟု နော်ဆာမူးက ဆက်ပြောသည်။

လက်ရှိတွင် သံလွင်ငြိမ်းချမ်းရေးဥယျာဉ် တည်ထောင်နိုင်ရေးအတွက် KNU၊ ဖာပွန်ခရိုင် တာဝန်ရှိသူများနှင့် KESAN တို့ ပူးတွဲ ပါဝင်သည့် အဖွဲ့ဝင် ၁၁ ဦးပါ မူဝါဒရေးဆွဲရေး ကော်မတီဖွဲ့စည်းပြီး ဥယျာဉ်ဖွဲ့စည်းပုံ အခြေခံ ဥပဒေမူကြမ်းကို လူထုထောက်ခံမှုဖြင့် အောင်မြင်စွာ ရေးဆွဲနိုင်ခဲ့ကြောင်း၊ အလားတူ ဖာပွန်ခရိုင်အတွင်း အစိုးရတပ်စခန်းပေါင်း ၈၂ ခုရှိပြီး ပြည်နယ်တခုလုံး အတိုင်းအတာဖြင့် တပ်စခန်းပေါင်း ၃၀၀ ကျော်ရှိသည်ဟု ဧန်နဝါရီ ၉ ရက် KESAN ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ၔင်းထုတ်ပြန်ချက်တွင် 'ထိုင်းနိုင်ငံမှာ သူတို့ရဲ့ တောရိုင်းတိရိစ္ဆာန်နဲ့ တရားမဝင် သစ်ထုတ်လုပ်မှုတွေကို တားဆီးကာကွယ်ဖို့ အမျိုးသားပန်းခြံတွေ ဖွဲ့စည်းခဲ့တာကို ကျနော်နားလည်ခဲ့ရတယ်။ ဒါကိုကြည့်ပြီး ကော်သူးလေမှာ အလားတူပုံစံ လုပ်သင့်တယ်လို့ ကျနော် လက်ခံယုံကြည်လာခဲ့တယ်။ အစိုးရနဲ့ KNU အကြား ၂၀၁၂ ခုနှစ် အပစ်ခတ်ရပ်စဲရေး သဘောတူညီမှုလက်မှတ်ရေးထိုးခဲ့ပြီးတဲ့ နောက်မှာ ဒီအိပ်မက်ကို အကောင်အထည်စဖော်ဖို့ အခွင့်အရေးပဲလို့ ကျနော်ဆုံးဖြတ်ခဲ့တယ်'ဟု ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်–KNLA၊ ဒုစစ်ဦးစီးချုပ် ဒုဗိုလ်ချုပ်ကြီး စောဘောကျော်ဟဲက ပြောဆိုထားသည်။

ထို့အပြင် ငြိမ်းချမ်းရေး ဥယျာဉ် အစီအစဉ်ကို နိုင်ငံတကာ အသိအမှတ်ပြုရန် ဆက်လက်ကြိုးပမ်းလျက်ရှိပြီး အိမ်နီးချင်း ထိုင်းနိုင်ငံ နှင့်လည်း လက်တွဲလုပ်ဆောင်နိုင်ရန် ကြိုးပမ်းလျက်ရှိကာ တရားဝင် ဖွဲ့စည်းရေး အသိအမှတ်ပြုနိုင်သည့်အချိန်တွင် ဥယျာဉ်ကို ကာကွယ်နိုင်ရန်အတွက် မြန်မာနိုင်ငံ အစိုးရနှင့် ဆွေးနွေးတိုင်ပင်မှုများ ဆောင်ရွက်သွားမည်ဟု ထုတ်ပြန်ချက်တွင် ပါရှိသည်။

အကောင်အထည်ဖော်မည့် ဥယျာဉ် အကျယ်အဝန်း စုစုပေါင်း ၂၀၀၉ စတုရန်းမိုင်ကျော် (5205 kilometer square)ရှိကာ ဖွဲ့စည်းတည်ထောင်နိုင်ရေး အစီအစဉ်ကို ၂၀၁၆ ခုနှစ်၊ မေလတွင် စတင်ခဲ့ပြီး လူထုနှင့် တွေ့ဆုံ အသိပေးတိုင်ပင်မှုကို မေလနှင့် ဒီဇင်ဘာလတွင် ဖာပွန်ခရိုင်၊ ဒေဘူးနိုကျေးရွာတွင် နှစ်ကြိမ် ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ဇွဲကပင်တောင် ကေဘယ်လ်ကားစီမံကိန်းကို ချစ်လင်းမြိုင် တိုယိုတာကုမ္ပဏီ အကျိုးတူ လုပ်ကိုင်ခွင့်ရရှိ

ဧန်နဝါရီ ၁၃ ရက်၊ ၂၀၁၇ ခုနှစ်
နန်းဝေဖြိုးဇော

ကရင်ပြည်နယ်၊ ဖားအံမြို့နယ်ရှိ အထင်ကရ ဇွဲကပင်တောင် ကေဘယ်ကား (Cable Car) စီမံကိန်း အကောင်ထည်ဖော်ရန် ဇွဲကပင်မြေ ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီနှင့် ပြည်နယ်၊ နယ်ခြားစောင့်တပ် အကြီးအကဲ ဗိုလ်မှူးကြီးစောချစ်သူ ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသည့် ချစ်လင်းမြိုင်တိုယိုတာ ကုမ္ပဏီတို့ အကျိုးတူ ဆက်လုပ်ကိုင်ရန် ဧန်နဝါရီ ၁၂ ရက်နေ့က ဇွဲကပင်တောင်ခြေရှိ လုမ္ပဏီ ဥယျာဉ်၌ နှစ်ဖက်သဘောတူ စာချုပ်ချုပ်ဆိုလိုက်သည်။

ၔင်းကေဘယ်လ်ကား စီမံကိန်းဖြစ်မြောက်ရေးအတွက် ဇွဲကပင်ဆရာတော် အရှင်ကဝိတဇ လမ်းညွှန်မှုဖြင့် တပည့်ဒါယိကာ၊ ဒါယိကာမများက ဇွဲကပင်မြေ ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက် တည်ထောင်ပြီး အကောင်အထည်ဖော် တည်ဆောက်နေစဉ် ချစ်လင်းမြိုင် တိုယိုတာကုမ္ပဏီမှ စီမံကိန်းတခုလုံး ပြီးစီးသည့်အထိ အကျိုးတူ ပူးပေါင်းရန် ကမ်းလှမ်းလာသည်ကို ယခုသဘောတူ စာချုပ်ချုပ်ခြင်းဖြစ်ကြောင်း ချစ်လင်းမြိုင် တိုယိုတာကုမ္ပဏီ ဥက္ကဋ္ဌ စောချစ်သူက ပြောသည်။

'စီမံကိန်းဖြစ်မြောက်ဖို့ ပါဝင်ချင်လို့ အခုတော့ ခွင့်ပြုချက် ရပြီ။ လုပ်ဖို့အတွက်က ၂၀၁၆ ခုနှစ်လယ်တုန်းက ကေဘယ်လ်ကား ပညာရှင်တွေ ဆက်သွယ်ပြီး လိုအပ်တာ တိုင်းတာပြီးကုန်ပါပြီ။ အမေရိကန်ဒေါ်လာသိန်း ၁၂၀ ကုန်မယ်။ ဒီနေ့ စာချုပ်ချုပ်ပြီးပြီဆိုတော့ ၂ လ ပိုင်းကျရင် ဆောက်မယ့် ဂျပန်နဲ့ ဩစတေးလျားနိုင်ငံက ပညာရှင်

စာမျက်နှာ (၁၃) သို့ ▶▶▶

ကရင်ပြည်နယ် လူငယ်ရေးရာမူဝါဒပါ အချက်(၁၇)ချက် အတည်ပြု ဆုံးဖြတ်ပြီးစီး

ဧနှစ်ဝါရီ ၉ ရက်၊ ၂၀၁၇ ခုနှစ်
စောမြတ်ဦးသာ

ကရင်ပြည်နယ်၊ ဖားအံမြို့ လူမှုဝန်ထမ်း ဦးစီးဌာနရုံးတွင် ဧနှစ်ဝါရီ ၈ ရက်က ကျင်းပသည့် နိုင်ငံလုံးဆိုင်ရာ လူငယ်ရေးရာ မူဝါဒအတွက် ကရင်ပြည်နယ် လူငယ်များ၏ မူဝါဒအကြံပြုချက် အခမ်းအနားတွင် အချက်(၁၇)ချက်ပါ လူငယ်ရေးရာ မူဝါဒ အကြံပြုချက်ကို အတည်ပြု ဆုံးဖြတ်လိုက်သည်ဟု တာဝန်ရှိသူထံမှ သိရသည်။

ပြည်နယ်လူမှုဝန်ထမ်း ဦးစီးဌာန၊ အရပ်ဖက် အဖွဲ့အစည်းများကွန်ရက်တို့ ပူးပေါင်းပြီး မြို့နယ် ၇ မြို့နယ်မှ လူငယ်ကိုယ်စားလှယ် ၅၀ ကျော်တို့မှ ဧနှစ်ဝါရီ ၇ ရက်မှ ၈ ရက်နေ့အထိ ကျင်းပခဲ့သည့် မူဝါဒအကြံပြုချက် အတည်ပြုခြင်း အခမ်းအနားတွင် အတူတကွ အတည်ပြုလိုက်ခြင်းဖြစ်သည်ဟု ကရင်ပြည်နယ်မှ လူငယ်ကိုယ်စားလှယ် နန်းထက်ထက်လင်းစိုးက ကရင်သတင်းစဉ်သို့ ပြောသည်။

ၔင်းက 'ကရင်ပြည်နယ်အနေနဲ့ စစ်တမ်းတွေ ကောက်ထားတယ်။ သုတေသနတွေ လုပ်ထားတဲ့ စာတမ်းအပေါ်မှာ ပြန်ပြီး ချပြ ဆွေးနွေးတာပေါ့။ လိုအပ်ချက်တွေကို ပြန်လည်ပြင်ဆင်ပြီးတော့ အတည်ပြု ဆုံးဖြတ်တာပါ'ဟု ဧနှစ်ဝါရီလ ၈ ရက်နေ့တွင် ပြောသည်။

မြို့နယ် ၇ ခုမှ ကောက်ခံရရှိသည့် ငြိမ်းချမ်းရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အလုပ်အကိုင် အခွင့်အရေး အစရှိသည့် အစီရင်ခံစာ အတည်ပြုချက် (၁၇)ချက်ကို လာမည့် ဖေဖော်ဝါရီ ဒုတိယလပတ်တွင် ပြည်ထောင်စုအဆင့်သို့ တင်ပို့သွားမည်ဟုလည်း ၔင်းက ဆက်ပြောသည်။

ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မင်းက 'ကျနော်တို့နိုင်ငံက လူငယ်တွေရဲ့ အနာဂတ်နဲ့ တိုင်းပြည်ရဲ့အနာဂတ်က ဆက်စပ်နေတယ်လေ။ အရည်အချင်းရှိတဲ့ လူငယ်တွေရဲ့လက်ထဲမှာပဲ တိုင်းပြည်ရဲ့ အနာဂတ်က ရှိတာဖြစ်တာကြောင့်မို့ ဒီလူငယ်တွေက နိုင်ငံအပေါ်မှာ ဘာတွေဖြည့်ဆည်းထားရမလဲ။ နိုင်ငံတော်ကလည်း လူငယ်တွေအပေါ်မှာ ဘာတွေလုပ်ပေးရမလဲဆိုပြီး ခေါင်းစဉ်တွေနဲ့ အဓိက ဆွေးနွေးပြီး ဦးစားပေးတယ်'ဟု ပြောသည်။

မြန်မာနိုင်ငံ လူငယ်ရေးရာ မူဝါဒ ရေးဆွဲ အကောင်ထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၆ ခုနှစ်၊ ဇွန်လတွင် မုံရွာမြို့၌၊ မြန်မာနိုင်ငံလုံးဆိုင်ရာ လူငယ်တွေ့ဆုံပွဲ စတင်ကျင်းပခဲ့ပြီး ကရင်ပြည်နယ် အနေဖြင့် လူငယ်ရေးရာမူဝါဒ အကြံပြုချက်ကို ပြည်ထောင်စု အဆင့်သို့ တင်ပြနိုင်ရန် သက်ဆိုင်ရာ မြို့နယ်အလိုက် စစ်တမ်းများ ကောက်ခံကာ ပြင်ဆင်ဖြည့်စွက်မှုများ ပြုလုပ်ပြီးနောက် ယခုကဲ့သို့ အတည်ပြု ဆုံးဖြတ်နိုင်ခဲ့ခြင်း ဖြစ်သည်။

ဩစတြေးလျားနိုင်ငံလုံးဆိုင်ရာ (၈)ကြိမ်မြောက် ကရင်လူငယ်နှီးနှောဖလှယ်ပွဲ ကျင်းပပြီးစီး

ဧနှစ်ဝါရီ ၈ ရက်၊ ၂၀၁၇ ခုနှစ်
စောကျော်ခိုး

ဩစတြေးလျား ကရင်အဖွဲ့အစည်း(AKO-NSW branch)မှ ကြီးမှူးပြု AKO Youth Department ၏ တာဝန်ယူမှုဖြင့် ဩစတြေးလျား နိုင်ငံလုံးဆိုင်ရာ ကရင်လူငယ် နှီးနှောဖလှယ်ပွဲကို နယူးဆောဗ်သ်ဝေး ပြည်နယ်၊ မောရစ်ဆက် ရပ်ကွက်ရှိ အမှတ်(၃၀) Morriset Education Centre တွင် ဧနှစ်ဝါရီလ ၃ ရက်မှ ၆ ရက်နေ့အထိ ကျင်းပပြီးစီးခဲ့သည်။

ထိုကရင်လူငယ် နှီးနှောဖလှယ်ပွဲသို့ ကွင်းစလန်၊ ဗစ်တိုးရီးယား၊ ဩစတြေးလျား ကပ်ပီတယ် တယ်ရီတိုရီ၊ နယူးဆောဗ်သ်ဝေးနှင့် အနောက်ပိုင်း ဩစတြေးလျား ပြည်နယ်တို့မှ ကရင်လူငယ် ၁၀၀ ကျော်နှင့် ကရင်သက်ကြီးပိုင်းများ အပါအဝင် စုစုပေါင်း ၁၅၀ ကျော် ပါဝင် တက်ရောက်ခဲ့ကြသည်။

ကွင်းစလန်း ကရင်လူငယ် အမှုဆောင်ကော်မတီဝင် စောနေနီစိုးက 'ကျနော်တို့ဟာ ရောက်ရာဒေသ၊ နိုင်ငံတွေကနေပြီး မိမိလူမျိုးအတွက် ထဲထဲဝင်ဝင် အကူအညီ ပေးနိုင်ရမယ်။ မူးယစ်ဆေးဝါး အန္တရာယ်၊ လောင်းကစားဆိုးကျိုး စတာတွေဟာ လူငယ်တွေရဲ့ စာရိတ္တကို ဘယ်လောက်ထိ ပျက်စီးစေပြီး မိမိလူမျိုးကို ဘယ်လောက်ထိ အားနည်းစေတယ်ဆိုတာ နားလည်သိကြရမယ်'ဟု နှီးနှောဖလှယ်ပွဲ၌ ပြောကြားခဲ့သည်။

ၔင်းကရင် လူငယ် နှီးနှောဖလှယ်ပွဲတွင် ကရင်လူကြီးများက ကရင့်တော်လှန်ရေး သမိုင်းနှင့် လက်ရှိအခြေအနေ၊ ကရင့်သမိုင်း၊ ကရင်ရိုးရာ ယဉ်ကျေးမှု၊ လက်ရှိ ကရင့်နိုင်ငံရေး အခြေအနေနှင့် အပစ်အခတ်ရပ်စဲရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ ဒုက္ခသည်များ၏ လက်ရှိ အခြေအနေများကို ဟောပြောခဲ့ကြပြီး စကားရည်လုပွဲများ၊ သရုပ်ဆောင်ခြင်း အတတ်ပညာ ဆွေးနွေးပွဲ၊ ကရင့်ပညာရေးနှင့် အားကစားကဏ္ဍများကိုလည်း ပြုလုပ်ခဲ့ကြသည်။

နှီးနှောဖလှယ်ပွဲသို့ ပထမ အကြိမ်အဖြစ် တက်ရောက်လာသူ နော်ဟားနာက 'အခုလို ရေခြားမြေခြားမှာ ကျမတို့ ညီအစ်ကို မောင်နှမတွေ ပြန်တွေ့ရတာ အင်မတန်မှ ဝမ်းသာမိပါတယ်။ တယောက်ထဲ လုပ်လို့မရတာတွေ စုပေါင်းဆောင်ရွက်ခြင်းဖြင့် ဖြေရှင်းနိုင်မယ်ဆိုတာ ပိုသိလာရတယ်။ ရှေ့ကို ဘယ်လိုခြေထိုးသင့်လျှိုမှုတွေကြောင့် ညီညွတ်ရေး မပြိုကွဲရအောင် အထူးသတိထားပြီး လက်တွဲမြဲမြဲစွာ လျှောက်လှမ်းရမယ်'ဟု ပြောသည်။

ကရင်လူငယ် အရင်းအမြစ်များ ဖော်ထုတ်မြှင့်တင်ပေးရန်၊ ကရင်လူမှု အဖွဲ့အစည်းနှင့် ဒေသတွင်း ကရင်လူငယ် အဖွဲ့အစည်းတို့အကြား ချိတ်ဆက် လုပ်ဆောင်ရန်၊ ရိုးရာယဉ်ကျေးမှုကို ဆက်လက်ထိန်းသိမ်းပြီး အနာဂတ် ကရင့်ခေါင်းဆောင်များ မွေးထုတ်ပေးနိုင်ရန်၊ လက်ရှိ နိုင်ငံရေးအခြေအနေကို ပိုမိုသိရှိပြီး နိုင်ငံရေး ယုံကြည်ချက်များကို ခိုင်မာစွာ ဆုပ်ကိုင်နိုင်ရန်အတွက် ဩစတြေးလျား နိုင်ငံလုံးဆိုင်ရာ ကရင်လူငယ် နှီးနှောဖလှယ်ပွဲကို ဩစတြေးလျား ကရင်အဖွဲ့အစည်း(AKO)က ကြီးမှူး၍ ၂၀၀၀ ခုနှစ်မှ စတင်ကာ ၂ နှစ်တစ်ကြိမ် ကျင်းပလာခဲ့ရာ ယခုဆိုလျှင် ၈ ကြိမ်မြောက်ရှိပြီ ဖြစ်သည်။

အမျိုးသားရေးလှုပ်ရှားမှုများကို ပြည်ပနှင့် နယ်စပ် ကရင်လူငယ်များ လက်တွေ့လေ့လာသင်ယူ

ဧနှစ်ဝါရီ ၁၇ ရက်၊ ၂၀၁၇ ခုနှစ်။
စအိုင်ဆူး

ကရင်အမျိုးသား အစည်းအရုံး–KNUနှင့် ကရင်လူမှုအဖွဲ့အစည်းများ၏ အမျိုးသားအရေး ဦးဆောင်လှုပ်ရှားမှုများကို ဩစတေးလျနိုင်ငံရောက် ကရင်လူငယ်များနှင့် ထိုင်း–မြန်မာနယ်စပ်ရှိ ကရင်လူငယ်များအနေဖြင့် လက်တွေ့ကျသည့် လေ့လာသင်ယူသည့် Young Adult Leadership Program အစီအစဉ်တခုကို ဧနှစ်ဝါရီ ၉ ရက်မှ ၁၈ ရက်နေ့အထိ ထိုင်း–မြန်မာနယ်စပ်တနေရာ၌ ပြုလုပ်ပေးလျှက်ရှိသည်။

Australian Karen Foundation ၏ ကူညီထောက်ပံ့မှုဖြင့် ဩစတေးလျရောက် ကရင်ကျောင်းသားလူငယ် ၉ ဦး၊ နယ်စပ်ရှိ ကရင်လူမှုအဖွဲ့အစည်းမှ ကရင်လူငယ် ၉ ဦးနှင့် ကြီးကြပ်ဦးဆောင်သူ ၅ ဦး အပါအဝင် စုစုပေါင်း ၂၄ ဦးတို့အား နိုင်ငံရေး၊ စီးပွားရေး၊ ဖွံ့ဖြိုးရေး၊ လူ့အခွင့်အရေးနှင့် နေရပ်ပြန်ဒုက္ခသည်အရေး ကိစ္စတို့ကို လက်တွေ့ကျကျ လေ့လာသင်ယူနိုင်ရန် အစီအစဉ်ကို ပြုလုပ်ပေးခြင်း ဖြစ်သည်ဟု အစီအစဉ်ကို ပါဝင်ဦးဆောင်သူ စောသာတောက ကရင်သတင်းစဉ်သို့ ပြောသည်။

ၔင်းက 'ဒုက္ခသည် စခန်းကနေ ပြည်ပကို ငယ်ငယ်ကတည်းက ရောက်သွားတဲ့ ကရင်လူငယ်လေးတွေက နယ်စပ်က နိုင်ငံရေး၊ လူမှုရေး ဦးဆောင်လှုပ်ရှားရတဲ့ အခြေအနေမှန်ကို အသေအချာ မသိကြဘူး။ သူတို့မှာ မီဒီယာနဲ့ သူများပြောတာမျိုးလောက်ပဲ သိကြတော့ ပြည်ပနဲ့ နယ်စပ် ကရင်လူငယ်တွေကြားမှာ အမြင်မတူညီမှု၊ နားလည်မှု လွဲမှား လာကြတယ်။ ဒီအခြေအနေကိုဖြေရှင်းနိုင်ဖို့ကို YALP အစီအစဉ်ကို ကျနော်တို့ လုပ်ဆောင်လာဖြစ်တာပါ'ဟု ပြောသည်။

၁၀ ရက်တာ ပြုလုပ်သည့် ၎င်းသင်တန်း အစီအစဉ်တွင် နိုင်ငံရေးဦးဆောင်မှု၊ ငြိမ်းချမ်းရေးဖြစ်စဉ်၊ စီးပွားရေး၊ လူ့အခွင့်အရေး အခြေအနေမှန်များ၊ ဖွံ့ဖြိုးရေးနှင့် ဒုက္ခသည်များ နေရာပြန်လည်ချထားရေး အစီအစဉ် အခြေအနေများကို KNUဒု ဥက္ကဋ္ဌ ပဒိုနော်စီဖိုးရာစိန်၊ KNU စီးပွားရေးကော်မတီမှ စောဝဲလ်ဒမ်း၊ ကရင်ဒုက္ခသည် ကော်မတီ– KRC မှ နော်ဘလူးမင်း နိုက် ဧနှစ်နှင့် ကရင်သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ လှုပ်ရှားမှု ကွန်ယက်–KESANမှ စောသူးက ဘီးတို့က သွားရောက် ရှင်းလင်းချပြပေးသည်။

ထိုရှင်းလင်း ချပြမှုများအပေါ် အစီအစဉ်တွင် ပါဝင်သည့် ကရင်လူငယ်များမှ ပြန်လည်ဆွေးနွေး၊ အမြင်ချင်းဖလှယ်မှုများ ပြုလုပ်ကြသည့်အပြင် လက်တွေ့ကျသည့် ကွင်းဆင်းလေ့လာမှု ခရီးစဉ်များကိုလည်း ပြုလုပ်ခဲ့ကြသည်ဟု အစီအစဉ်တွင် ပါဝင်သည့် ကရင်လူငယ်များက ဆိုသည်။

အစီအစဉ်တွင် ပါဝင်သူ ဩစတေးလျရောက် နော်သဘလေးက 'များသောအားဖြင့် ပြည်ပမှာ ရှိနေတဲ့သူတွေက ဒီဘက်က အကြောင်းအရာကို အသေအချာ မသိကြပါဘူး။ Social Media (လူမှုကွန်ယက်) တွေကနေပဲ သိရတော့ အမြင်မှားမှုတွေက ရှိနေတယ်လေ။ အရင်က ကေအဲန်ယူကို ဆိုရင် ကျမက စစ်သားလို့ပဲ သိခဲ့တာ'ဟု ကရင်သတင်းစဉ်သို့ ပြောသည်။

ထို့အပြင် နယ်စပ်ရှိ ကရင်ကျောင်းသားကွန်ယက်အဖွဲ့–KSNG ဥက္ကဋ္ဌ စောထူးထူးစတိဗ်က 'ဒီအစီအစဉ်ကနေ လူငယ်အချင်းချင်း ရင်းနှီးမှုပိုရှိလာတယ်။ အရင်က ပြည်ပမှာရှိနေတဲ့ လူငယ်တွေက နယ်စပ်မှာရှိနေတဲ့ ကရင်လူငယ်တွေရဲ့ လှုပ်ရှားမှုကို ဂဃနဏာ မသိဘူး။ သူတို့ပြန်လာတဲ့အချိန်မှာ နယ်စပ် CBOမှာ လုပ်ဆောင်နေတဲ့ လူငယ်တွေနဲ့တွေ့တဲ့အခါမှ ဒါတွေကို သူတို့ပိုနားလည်လာတယ်'ဟု ပြောသည်။

Young Adult Leadership Program အစီအစဉ်ကို ကရင်လူမှုအဖွဲ့အစည်းများ၏ အမျိုးသားရေး ဦးဆောင် လှုပ်ရှား ဆောင်ရွက်ချက်များအပေါ် လက်တွေ့ကျကျ သိမြင်နိုင်ရန်နှင့် ပြည်ပရောက် ကရင်လူငယ်များနှင့် နယ်စပ်ရှိ ကရင်လူငယ်များအကြား ချိတ်ဆက်မှုပိုမိုကောင်းမွန်ရန် ရည်ရွယ်၍ ၂၀၁၀ ခုနှစ်က စတင်လာခဲ့ပြီး ၂ နှစ်တစ်ကြိမ်ပြုလုပ်ကာ ယခုနှစ်တွင် ၄ ကြိမ်မြောက် ဖြစ်သည်။

ကရင်ပြည်နယ်၊ ဖားအံမြို့တွင် ဇန်နဝါရီ ၁၈ ရက်မှ ၂၀ ရက်နေ့ထိ ကျင်းပခဲ့သည့် ကရင်လူမျိုး၏

လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲအပေါ် သဘောထားမှတ်ချက်များ

မန်းထိန်ဝင်းစိန်

စောခင်မောင်မြင့်

စောလှထွန်း

ဝိုလ်မှူးကြီး အောင်လွင်

နော်ပွယ်စေး

မန်းထိန်ဝင်းစိန်

(ကရင်အမျိုးသားပါတီ–ဒုဥက္ကဋ္ဌ)

အခုဆွေးနွေးသွားတာနဲ့ ပတ်သက်ပြီးပြောမယ်ဆိုရင် အရင်က ဖဆပလ ပဏာမညီလာခံမှာ ခေါင်းဆောင်အားလုံးက လာမယ့် ပြည်ထောင်စုကို ဖက်ဒရယ်ပြည်ထောင်စုလို့ သဘောသက်ဝင်တဲ့ ပြည်ထောင်စု ဖြစ်တယ်။ ပြည်ထောင်စုစနစ်နဲ့ သွားရမယ်။ နောက်ပိုင်း အခြေခံဥပဒေကို ရေးဆွဲတဲ့အခါမှာကျတော့ ဖဆပလ ပဏာမ ညီလာခံမှာ ကတိကဝတ်ပြုတဲ့ ခေါင်းဆောင်တွေ ကျဆုံးကုန်ပြီ။ အဲလို ကျဆုံးကုန်ပြီးမှ ပြန်လည်ရေးဆွဲခဲ့တဲ့ ၁၉၄၇ ခုနှစ် အခြေခံဥပဒေဟာ ပြည်ထောင်စုက လွဲဖယ်ပြီး တပြည်ထောင်ဥပဒေကို ရောက်သွားတယ်။ သို့သော် အခန်း(၁၁)မှာ နောင်ကာလများမှာ ပြင်ခွင့်ရှိပါတယ်ဆိုတဲ့ ချွင်းချက် ရှိတယ်။

ဖက်ဒရယ်မဖြစ်လို့ တပြည်ထောင်စနစ်ဘက်ကို ရောက်သွားတာ ဖြစ်တဲ့အတွက် ၁۹၄۹၊ ဇန်နဝါရီလ ၃၁ ကစပြီး ကရင့်တော်လှန်ရေးက မလွဲမသွေ နိုင်ငံရေး ခုခံစစ်ပွဲကို ဆင်နွှဲလိုက်တယ်။ ၁۹ နှစ် ကြာတဲ့ကာလ ၁۹၆၂ ခုနှစ်မှာ တိုင်းရင်းသားအားလုံးပါဝင်တဲ့ ရန်ကုန်၊ ပြည်လမ်းကနေ ဖက်ဒရယ်ပြည်ထောင်စု ညီလာခံကို ကျင်းပခွင့်ရတယ်။ တိုင်းရင်းသားအားလုံး မိမိရဲ့ဆန္ဒ ပြည်ထောင်စုက လွဲဖယ်သွားပြီး တပြည်ထောင်ဖြစ်နေတယ်။ သို့သော် မလိုလားတဲ့ ပြည်တွင်းသတင်းစာ တချို့ဖြစ်တဲ့ အထောက်တော်၊ နေးရှင်း၊ ဗမာ့ခေတ် သတင်းစာတွေက တိုင်းရင်းသားတွေ ပြည်ထောင်စုက ခွဲထွက်တော့မယ်ဆိုပြီး ကောလဟာလ သတင်းရေးတယ်။ အဲဒီအချိန်မှာ တိုင်းရင်းသား ခေါင်းဆောင်များဖြစ်တဲ့ စဝ်ခွန်ချိုနဲ့ စဝ်ဝဏ္ဏ တို့ဟာ ဝန်ကြီးချုပ် ဦးနုဆီသွားတယ်။ ကျနော်တို့ တိုင်းရင်းသားခွဲထွက်မယ့် စကားကို တကြိမ်မှ မပြောခဲ့ဘူး။ ၁۹၄۹ ခုနှစ်၊ ရန်ကုန်အစိုးရလောက်ပဲ ကျန်တဲ့အချိန်မှာ ကျနော်တို့ ခွဲမထွက်ခဲ့ပါဘူး။

ဗမာတပ်မတော်အင်အား တစ်ရင်းခွဲပဲ ရှိတဲ့ကာလမှာ ကချင်၊ ချင်း၊ ရှမ်း၊ ကယား တပ်ရင်း ၈ ခု တိုင်းပြည်အတွက် ကယ်ခဲ့ပါတယ်။ သို့သော်အပြင်မှာ မလိုလားအပ်တဲ့သူတွေက ပြည်ထောင်စုက ခွဲထွက်မယ်ဆိုပြီး ကျနော်တို့ကို ပြောခဲ့ပါတယ်။ ဒါကို အခွင့်ကောင်းယူပြီး အာဏာရှင်တစုက တပ်မတော်ကို အသုံးချပြီး အာဏာသိမ်းခဲ့တယ်။ အဲဒီအချိန်ကစပြီး ဖက်ဒရယ်ပြည်ထောင်စုကို နှစ်ပေါင်း ၆၀ ကျော် ကြားခွင့်မရခဲ့ဘူး။ ကနေ့ကာလမှာ ဖက်ဒရယ် ပြည်ထောင်စုနဲ့ ပတ်သက်ပြီး ၂၁ရာစုပင်လုံမှာ ပြောနေတာတွေ တီဗွီထဲမြင်ရပြီ။ ထို့နည်းတူ ဒီနေ့အစည်းအဝေးလို့ လူမျိုးအလိုက် အမျိုးသားအဆင့် ကရင်အမျိုးသားတွေ တွေ့ဆုံပွဲမှာ ရင်ထဲက ခံစားချက်တွေ တင်ပြတာ ဖြစ်တယ်။ အင်မတန်မှ နိုင်ငံအတွက် တိုင်းရင်းသားအားလုံးမျှော်မှန်းခဲ့တဲ့ မျှော်မှန်းချက်ကို ဖွင့်ဟပြောဆိုလို့ ရခဲ့ပြီလို့ ခံစားရပါတယ်။

စောခင်မောင်မြင့်

(ဖလုံ–စင်္ကာပူနိုင်ငံကရက်တစ်ပါတီဥက္ကဋ္ဌ)

လူမျိုးစုပိုင်းကတော့ အဓိကကတော့ လုပ်တာက ကရင်လူမျိုးပေါ့လေ။ ကရင်လူမျိုးလုပ်တာက ဒါက ၂၁ရာစုပင်လုံညီလာခံအတွက် ပထမဆုံးလုပ်တဲ့ပွဲလည်း ဖြစ်ပါတယ်။ ပြောရရင်တော့ လူမျိုးစုအလိုက် ကရင်လူမျိုးမှာ ပထမဦးဆုံးစံပြ အနေနဲ့ လုပ်တာလည်း အများကြီး ဝမ်းမြောက်မိတယ်။ နောက်တခုက ဒေသအစုံက ကရင်တမျိုးသားလုံးပါဝင်နိုင်အောင်လုပ်တာလည်း တော်တော်လေးကို အချိန်တွေလည်းကုန်၊ ငွေတွေလည်းကုန်၊ အပင်ပန်းခံပြီးတော့မှ လုပ်ခဲ့ရပါတယ်။ ဒီလိုလုပ်တဲ့အချိန်မှာ သက်ဆိုင်ရာလူကြီးတွေရဲ့အပိုင်းမှာလည်း အများကြီး ကူညီပံ့ပိုးခဲ့ပါတယ်။ ကြီးကြပ်မှုကော်မတီအဖွဲ့တွေကလည်း ဦးဆောင်ပြီး ဒီအစည်းအဝေးကြီးက ပြောရရင်တော့ လူမျိုးစုတခုအတွက် တမျိုးသားလုံးက လိုလားတဲ့ မျှော်မှန်းချက်ကို ဖြည့်ဆည်းနိုင်ဖို့အတွက် တွေ့ဆုံပြီးတော့မှ ဒီနိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးပွဲ ဖြစ်တာနဲ့အညီ ကရင်တမျိုးသားလုံးအတွက်ပေါ့လေ။ ကရင်တစ်မျိုးသားလုံးကနေပြီးတော့မှ တိုင်းရင်းသားအကျိုးစီးပွားကို အနာဂတ်ခရီးကို အတူတကွ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ ဆောင်ရွက်ပြီးတော့မှ ဖက်ဒရယ်ပြည်ထောင်စုကြီး ထူထောင်နိုင်ဖို့အတွက် အဲလောက်အထိ အတိုင်းအတာ ကြီးမားတဲ့အစည်းအဝေးတခုလို့ပဲ ယူဆမိပါတယ်။

ဒီ ကရင်လူမျိုးစုအနေနဲ့ ဒီလိုမျိုးလုပ်ဆောင်တဲ့အပေါ်မှာ တခြားတိုင်းရင်းသားတွေလည်းပဲ အလားတူ သူတို့ရဲ့ လိုလားချက်တွေကို တင်ပြတောင်းဆိုပြီးတော့မှ တူညီတဲ့အချက်လေးတွေကို ပေါင်းစုပြီး မတူတာလေးတွေကို ဆက်လက်ဆွေးနွေးသွားမယ်ဆိုလို့ရှိရင်တော့ ဒါက အားလုံးက လိုလားနေတဲ့ ဖက်ဒရယ်ပြည်ထောင်စုကြီးကို အချိန်ကာလတခုမှာ အောင်အောင်မြင်မြင် တည်ဆောက်နိုင်မယ်လို့ ယုံကြည်မိပါတယ်။

စောလှထွန်း

(ကရင်ပြည်နယ်အစိုးရအဖွဲ့၊စာရင်းစစ်ချုပ်)

ကောင်းပါတယ်။ ကောင်းတယ်ဆိုတာ ဘယ်လိုလဲဆိုတော့ ဒီ ၂၁ ရာစု ပင်လုံညီလာခံအတွက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲမှာ ဒီလူမျိုးအလိုက်ပေါ့နော်။ ကရင်မှာကတော့ အခုအနေအထား ကြည့်ရတာကတော့ တော်တော်များများကို ရှေ့ပြေးအနေအထားလေး ဖြစ်နေတယ်ဆိုတာ တွေ့ရတယ်။ တွေ့ရပြီးတော့ ဒီကနေ့ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ သဘာဝ သယံဇာတအလိုက် ဆက်ပြီးတော့ အချောသတ်တဲ့ သဘော ဖြစ်ပါတယ်။ ဒီ ၂၁ ရာစု ညီလာခံကို ရည်ရွယ်ပြီးတော့ ဆွေးနွေးတာ ဖြစ်တဲ့အတွက်မို့လို့ အင်မတန်မှလည်း ကောင်းတဲ့ ညီလာခံ ဖြစ်တယ်။

နောက်အခု တော်တော်များများ ကဏ္ဍစုံပေါ့လေ။ အထူးသဖြင့် ကရင်ရေးရာနဲ့ ပတ်သက်ပြီးတော့ ဆောင်ရွက်နေကြတဲ့ နိုင်ငံရေးပုဂ္ဂိုလ်တွေ၊ NGO ပုဂ္ဂိုလ်တွေ၊ လူမှုရေး ပုဂ္ဂိုလ်တွေ၊ ဓလေ့၊ ထုံးထမ်း၊ စာပေ၊ ယဉ်ကျေးမှုလုပ်ငန်းတွေမှာထဲထဲဝင်ဝင် လုပ်ဆောင်နေကြတဲ့ ပုဂ္ဂိုလ်တော်တော်များများကို တွေ့ရတယ်။ တွေ့ရတဲ့အတွက်ကြောင့် တော်တော်လေး အားရကျေနပ်မိတယ်။ ဘာလို့လဲဆိုတော့ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲဟာ ၂၁ ရာစု ပင်လုံကို ဦးတည်သလို ၂၁ ရာစု ပင်လုံသည်လည်း လာမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေကို လိုချင်တဲ့အတွက် ဒီမိုကရေစီနိုင်ငံနဲ့ လျော်ညီတဲ့ ပြုပြင်ပြောင်းလဲမှုလေးတွေကို အများကြီး ကျနော်တို့ မျှော်လင့်ပါတယ်။ ဖြစ်လာလိမ့်မယ်လို့လည်း ကျနော်တို့ ယုံကြည်ပါတယ်။ စိန်ခေါ်မှုလေးတွေ၊ အခက်အခဲလေးတွေ အနည်းအကျဉ်း ရှိပေမယ့် ဒါလေးတွေကို အမှန်တရားနဲ့ အကျိုးတရားပေါ့။ အကျိုးရှိမယ့် ကရင်လူမျိုးတွေရဲ့အနာဂတ် ဒါမှမဟုတ်လည်း မြန်မာနိုင်ငံရဲ့အနာဂတ်အတွက်ကို အများကြီးအထောက်အကူပေးတဲ့ အစည်းအဝေးကြီးလို့ ဒီလိုပဲ မှတ်ချက်ပေးပါတယ်။

ဝိုလ်မှူးကြီးအောင်လွင်

(ကရင်ပြည်နယ်အစိုးရအဖွဲ့၊လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး)

ကျနော်အမြင်နဲ့ သုံးသပ်ချက်လေး ပြောရမယ်ဆိုရင်တော့ ဒါက ဒီနေပြည်တော်မှာလုပ်မယ့် ပင်လုံညီလာခံအတွက်ကို အခြေခံတာပေါ့နော်။ နဂိုကတည်းကလည်း နေရာချထားပေးတာ ရှိပါတယ်။ ကျနော်တို့ ကရင်ပြည်နယ်မှာတော့ လူမျိုးကိုအခြေခံသော၊ ပြီးတော့ ဒီတနင်္သာရီ ဒေသမှာကတော့ ဒေသကိုအခြေခံသော၊ ဒီလိုချပေးတဲ့နေရာမှာ ပင်လုံ

မလွဲမသွေ နိုင်ငံရေး ခုခံစစ်ပွဲကို ဆင်နွှဲလိုက်တယ်။ ၁۹ နှစ် ကြာတဲ့ကာလ ၁۹၆၂ ခုနှစ်မှာ တိုင်းရင်းသားအားလုံးပါဝင်တဲ့ ရန်ကုန်၊ ပြည်လမ်းကနေ ဖက်ဒရယ်ပြည်ထောင်စု ညီလာခံကို ကျင်းပခွင့်ရတယ်။ တိုင်းရင်းသားအားလုံး မိမိရဲ့ဆန္ဒ ပြည်ထောင်စုက လွဲဖယ်သွားပြီး တပြည်ထောင်ဖြစ်နေတယ်။ သို့သော် မလိုလားတဲ့ ပြည်တွင်းသတင်းစာ တချို့ဖြစ်တဲ့ အထောက်တော်၊ နေးရှင်း၊ ဗမာ့ခေတ် သတင်းစာတွေက တိုင်းရင်းသားတွေ ပြည်ထောင်စုက ခွဲထွက်တော့မယ်ဆိုပြီး ကောလဟာလ သတင်းရေးတယ်။ အဲဒီအချိန်မှာ တိုင်းရင်းသား ခေါင်းဆောင်များဖြစ်တဲ့ စဝ်ခွန်ချိုနဲ့ စဝ်ဝဏ္ဏ တို့ဟာ ဝန်ကြီးချုပ် ဦးနုဆီသွားတယ်။ ကျနော်တို့ တိုင်းရင်းသားခွဲထွက်မယ့် စကားကို တကြိမ်မှ မပြောခဲ့ဘူး။ ၁۹၄۹ ခုနှစ်၊ ရန်ကုန်အစိုးရလောက်ပဲ ကျန်တဲ့အချိန်မှာ ကျနော်တို့ ခွဲမထွက်ခဲ့ပါဘူး။

ဗမာတပ်မတော်အင်အား တစ်ရင်းခွဲပဲ ရှိတဲ့ကာလမှာ ကချင်၊ ချင်း၊ ရှမ်း၊ ကယား တပ်ရင်း ၈ ခု တိုင်းပြည်အတွက် ကယ်ခဲ့ပါတယ်။ သို့သော်အပြင်မှာ မလိုလားအပ်တဲ့သူတွေက ပြည်ထောင်စုက ခွဲထွက်မယ်ဆိုပြီး ကျနော်တို့ကို ပြောခဲ့ပါတယ်။ ဒါကို အခွင့်ကောင်းယူပြီး အာဏာရှင်တစုက တပ်မတော်ကို အသုံးချပြီး အာဏာသိမ်းခဲ့တယ်။ အဲဒီအချိန်ကစပြီး ဖက်ဒရယ်ပြည်ထောင်စုကို နှစ်ပေါင်း ၆၀ ကျော် ကြားခွင့်မရခဲ့ဘူး။ ကနေ့ကာလမှာ ဖက်ဒရယ် ပြည်ထောင်စုနဲ့ ပတ်သက်ပြီး ၂၁ရာစုပင်လုံမှာ ပြောနေတာတွေ တီဗွီထဲမြင်ရပြီ။ ထို့နည်းတူ ဒီနေ့ အစည်းအဝေးလို့ လူမျိုးအလိုက် အမျိုးသားအဆင့် ကရင်အမျိုးသားတွေ တွေ့ဆုံပွဲမှာ ရင်ထဲက ခံစားချက်တွေ တင်ပြတာ ဖြစ်တယ်။ အင်မတန်မှ နိုင်ငံအတွက် တိုင်းရင်းသားအားလုံးမျှော်မှန်းခဲ့တဲ့ မျှော်မှန်းချက်ကို ဖွင့်ဟပြောဆိုလို့ ရခဲ့ပြီလို့ ခံစားရပါတယ်။

စောခင်မောင်မြင့်

(ဖလုံ–စင်္ကာပူနိုင်ငံကရက်တစ်ပါတီဥက္ကဋ္ဌ)

လူမျိုးစုပိုင်းကတော့ အဓိကကတော့ လုပ်တာက ကရင်လူမျိုးပေါ့လေ။ ကရင်လူမျိုးလုပ်တာက ဒါက ၂၁ရာစုပင်လုံညီလာခံအတွက် ပထမဆုံးလုပ်တဲ့ပွဲလည်း ဖြစ်ပါတယ်။ ပြောရရင်တော့ လူမျိုးစုအလိုက် ကရင်လူမျိုးမှာ ပထမဦးဆုံးစံပြ အနေနဲ့ လုပ်တာလည်း အများကြီး ဝမ်းမြောက်မိတယ်။ နောက်တခုက ဒေသအစုံက ကရင်တမျိုးသားလုံးပါဝင်နိုင်အောင်လုပ်တာလည်း တော်တော်လေးကို အချိန်တွေလည်းကုန်၊ ငွေတွေလည်းကုန်၊ အပင်ပန်းခံပြီးတော့မှ လုပ်ခဲ့ရပါတယ်။ ဒီလိုလုပ်တဲ့အချိန်မှာ သက်ဆိုင်ရာလူကြီးတွေရဲ့အပိုင်းမှာလည်း အများကြီး ကူညီပံ့ပိုးခဲ့ပါတယ်။ ကြီးကြပ်မှုကော်မတီအဖွဲ့တွေကလည်း ဦးဆောင်ပြီး ညီလာခံကို မူတခုအနေနဲ့ အကောင်းဆုံးဖြစ်အောင် ပြုလုပ်တဲ့အခြေအနေ ဖြစ်ပါတယ်။ ဒါတွေကလည်း အခု ကျနော်တို့ ပြောပြောနေတဲ့ ဖက်ဒရယ် ဒီမိုကရေစီပေါ့။

ဒါတွေအတွက်ကို ကြိုးပမ်းဆောင်ရွက်တဲ့အခြေအနေထဲက တခုလို့ ကျနော်အဲလို မြင်ပါတယ်။ အင်မတန်ကောင်းပါတယ်။ ဒါကတော့ ကျနော့်အမြင်ပေါ့နော်။ ကျနော်တို့ ဖက်ဒရယ်ဒီမိုကရေစီလို့သာ ပြောကြတယ်။ အချို့ကလည်း ဖက်ဒရယ်ဆိုတာက ခွဲထွက်ရေးဆိုပြီးတော့ မြင်ကြတာ ရှိမှာပေါ့နော်။ အဓိကကတော့ ကျနော်တို့ တပ်မတော်သားတွေ ပြောနေတာရှိတယ်။ တပ်မတော်ခေါင်းဆောင်တွေ ပြောနေတာ ရှိတယ်။ ဒို့တာဝန်အရေး ၃ ပါးပေါ့နော်။ ကျနော်တို့က ပြည်ထောင်စုဆိုတော့ အေးအတူပူအမျှနဲ့ ချစ်ကြည်ရင်းနှီးစွာနေထိုင်ကြမယ်။ ပြည်ထောင်စုသားချင်းတွေပေါ့။ ဒီတော့ ကျနော်တို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေ ရှိတယ်။ NCA ထိုးထားတဲ့တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေရှိတယ်။ မထိုးရသေးတဲ့ သူတွေလည်း ရှိတာပေါ့နော်။ ဒီတော့ ကျနော်တို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်က နိုင်ငံက တည်ငြိမ်မှ ဒီမိုကရေစီကို လျှောက်လို့ရမှာကိုး။

ပထမ အစိုးရလက်ထက်တုန်းကလည်း ဒီလိုပါပဲ။ ကျနော်တို့ တိုင်းပြည်အေးချမ်းသာယာမှပဲ ဒီမိုကရေစီကို လျှောက်လှမ်းလို့ရမယ်။ အေးချမ်းသာယာမှပဲ ကျနော်တို့ လူထုကိုစောင့်ရှောက်ပေးရမယ့် ကျနော်တို့ လူထုတွေကို လူထုတွေအကြောက်တရားက ကင်းဝေးပေါ့နော်။ ကျနော်တို့ တိုင်းသူပြည်သားတွေအားလုံး၊ ပြည်ထောင်စုသားအားလုံးက ဘယ်နေရာသွားသွား၊ ဘယ်နေရာနေနေ၊ ကိုယ်လုပ်ချင်တဲ့ စီးပွားရေးကို သမာအာဇီဝနဲ့လုပ်လုပ် ဒါတွေအားလုံး လုံခြုံရမယ်။ လူတဦးချင်း လုံခြုံရေးပေါ့။ ဒီအတွက်က ငြိမ်းချမ်းဖို့လိုတာပဲ။ ငြိမ်းချမ်းဖို့လိုတော့ ကျနော်တို့က ဒါတွေကို အားလုံးပေါ့လေ။ အားလုံးက ငြိမ်းချမ်းရေးဆိုတဲ့ ဥစ္စာက ပြောတော့သာ ငြိမ်းချမ်းရေး စကားလုံး အသုံးအနှုန်းပေါ့။ ဒါတွေကို ကျနော်တို့က ကြိုးစားတည်ဆောက်ကြမယ်။ ကျန်တဲ့အဖွဲ့အစည်းတွေကလည်း ဒီသဘောထားနဲ့ ရိုးရိုးသားသား ဝိုင်းပြီး ဆောင်ရွက်ကြမယ်ဆိုရင်တော့ အောင်မြင်မယ်လို့ ယူဆပါတယ်။

နော်ပွယ်စေး

(ပဲခူးတိုင်းဒေသကြီးကရင်တိုင်းရင်းသားရေးရာဝန်ကြီး)

မျိုးနွယ်စုအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲမှာ ကျမတို့ ကရင်တိုင်းရင်းသားအနေနဲ့ ဖားအံမှာ ပထမဆုံး ကျင်းပခွင့် ရရှိတဲ့အတွက် အားသာချက်ကို ပြောမယ်ဆိုရင် ကျမတို့ ကရင်လူမျိုးသည် ပထမဆုံးအကြိမ်လုပ်ရတဲ့အတွက် အားသာချက်လို့ ပြောလို့ရပါတယ်။

ကရင်တစ်ကမ္ဘာ

KIC
Karen Information Center

ပုဒ်ဂ္ဂါဝီခွဲးယဉ်
ကလုပ်ဒှည်ခွဲးယဉ်
ဒံ့ၢ်မိဉ်ခြၣ်စံဉ်

လိဖ့ၤဘြူၤအါရံၤ ၂၀၁၇ နံဉ် | The Karen News | ကတြၢ်(၄)အဘှဉ်(၆)

ခီကိ်ၢ်ကိ်ၢ်ပယီၤကို(၇)ဖျၣ်ဒီးနၢ်ဘဉ်ဝဲ ကိုတၢ်အိဉ်ဆူဉ်အိဉ်ချ ခိဉ်ဖးတဖဉ်

လါယနူၤအါရံၤ ၂၇ သီ ၊ ၂၀၁၇ နံဉ်။ စးဖါရှီ

ကိ်ၢ်ကျိဉ်တဲဉ်၊ တးခ်ကိ်ၢ်ရှၣ် တၢ်အိဉ်ဆူဉ်အိဉ်ချ, ဝဲၤကျိၤ၊ ဃုဉ်ဒီး မဲၢ်ဆီးတၢ်ဆါဟံဉ်၊တၢ်ကူဉ်ဘဉ်ကူဉ်သ့ ဂ့ၢ်ဝိ၊ တၢ်အိဉ်ဆူဉ်အိဉ်ချ, ဂ့ၢ်ဝိ ကရူၢ် ကရၢ်တဖဉ် ဟ့ဉ်လီၤဝဲ ၂၀၁၆ နံဉ် ကို တၢ်အိဉ်ဆူဉ်အိဉ်ချ, ခိဉ်ဖး ၇ ခါအကိ်ၢ် ခီကိ်ၢ်ကိ်ၢ်ပယီၤကို ၇ ဖျၣ် ဒီးနၢ်ဘဉ်ဝဲ အကလုဉ်ကလုဉ်အဂ့ၢ် သ့ဉ်ညါ ဘဉ်လီၤ.

ခိဉ်ဖးအဝဲနၣ်တဖဉ် အကိ်ၢ် တးခ်ကိ်ၢ်ရှၣ် တၢ်အိဉ်ဆူဉ်အိဉ်ချ,ဝဲၤ ကျိၤခိဉ်–၂ ကစ်ဒဉ်ဝဲ ဟ့ဉ်လီၤဝဲခိဉ် ဖးဖဲ လါယနူၤအါရံၤ ၂၆ သီအနံၤ ဖဲ မဲၢ်ဆီးတၢ်ဆါဟံဉ်အပူၤဒီး ခီကိ်ၢ်ကိ်ၢ်ပယီၤကို ၁၁ဖျၣ် ပဉ်ဃုဉ်ဖဲ ကို့တၢ်အိဉ်ဆူဉ်အိဉ်ချ, တၢ်ရဲဉ်တၢ်ကျဲၤအကျါဘဉ် ဆဉ် ဃုထၢဝဲ ၇ ဖျၣ် ဒီး ဟ့ဉ်လီၤခိဉ် ဖးအိဉ်ဝဲ ၃ ကလုဉ်လီၤနၣ်လီၤ.

ကွၢ်ဆူလံဉ်ကဘျုံးပၤ (၅) ▶▶▶

၂၁ပှဉ်လိဉ်တၢ်အိဉ်ဖှိဉ်ဝံၤ တၢ်သဘံဉ်သဘှဉ်ဟဲအါထီဉ်ဝဲလၢ ကလုဉ်ဒှဉ်ဟီဉ်ကဝီၤ

လါယနူၤအါရံၤ ၂၈ သီ ၊ ၂၀၁၇နံဉ်။ စီၤထိလ့

၂၁ ယၢဖြိုဉ်နံဉ် ပှဉ်လိဉ်တၢ်အိဉ် ဖြိုဉ်တၢ်ရဲဉ်တၢ်ကျဲၤလၢ၊ တၢ်စးထိဉ် မၤဝဲဖဲ ပဒိဉ်အသိအစုပူၤ ဖဲ ၂၀၁၆ နံဉ်၊ လါအီကူဉ် ၃၁ သီအနံၤအံၤ ဝံၤ အလိ်ၢ်ခံ တၢ်သဘံဉ်သဘှဉ်တဖဉ် ဟဲအါဒိဉ်ထိဉ်ဝဲလၢ၊ ကလုဉ်ဒှဉ်ဟီဉ် ကဝီၤအဂ့ၢ် ထံကိ်ၢ်ဘီမ့ၢ်ကိ်ၢ်ပ ယီၤ တၢ်ကစိဉ်–BNI ပှၤနဲဉ်တၢ် နဲၤကဆူဉ် မိၤ စံးလီၤဝဲဖဲ တၢ်ဒုးသ့ဉ်ညါဘိ:

ကွၢ်ဆူလံဉ်ကဘျုံးပၤ (၅) ▶▶▶

ထံကျိထံကွဉ်ကရူၢ်တဖဉ်ထီဒါ IFC ကတ့အါထီဉ်ထံတမၢဉ်တၢ်ရဲဉ်တၢ်ကျဲၤ

လါယနူၤအါရံၤ ၂၇ သီ၊ ၂၀၁၇ နံဉ်။ စးအဲဉ်ဆူ

ထံကိ်ၢ်ဘီမ့ၢ်ကျိဉ်စ့တၢ်းကရူၢ် –IFC မၤဝဲ တၢ်ထံဉ်လိဉ်အိဉ်သကိးမူး တၢ်ရဲဉ်တၢ်ကျဲၤလၢ၊ ဘဉ်ထွဲတၢ်ကတ့ အါထိဉ်ဝဲထံတမၢဉ်ဖဲ ကိ်ၢ်ပယီၤ အပူၤ တၢ်ဂ့ၢ်အဖိခိဉ် ထိဒါဝဲအဂ့ၢ် ကိ်ၢ်ပယီၤ ထိဉ်သကိးဝဲ လံဉ်ဘိးဘဉ်ရၤလီၤ တ ဘ့ဉ် ဖဲလါယနူၤအါရံၤ ၂၇သီ အနံၤနၣ် ကျိ ပှဉ်ဘျုးစဲ–SSN သ့ဉ်တဖဉ် ထုး လီၤ.

တၢ်သူဉ်ထိဉ်ဝဲ တၢ်မှဉ်တၢ်ခ့ဉ် ဆၢကတိ်ၢ် တၢ်ကတ့ထိဉ်ဝဲထံတမၢဉ် ဖဲပဒိဉ်သုးဒီး ကလုဉ်ဒှဉ်တၢ်ပၢၢ်ဆၢ ဖိဉ်စုကဝဲၤကရူၢ်သ့ဉ်တဖဉ် အတၢ်ဒုး

ကွၢ်ဆူလံဉ်ကဘျုံးပၤ (၅) ▶▶▶



ကလုပ်တ၊်အိဉ်သကိးထံရူ၊်ကီ၊်သဲးမူးတ၊်ဂ့၊်မိ၊်ပှ၊်တ၊်ပဝ်ဖျါတဖဉ် အဂံ၊်စ၊်ဝဲအဂ့၊် တီၤကလ့သိခါစံး

လါယနူးအါရံး ၂၀ သိ ၊ ၂၀၁၇ နံ့ဉ်

ကလုာ်အပတိ၊် တ၊်အိဉ်သကိး ထံရူ၊်ကီ၊်သဲးအမူး လၢတ၊်မၤအီၤဖဲ ကညီကီ၊်စဲဉ်၊ ဖဉ်အဉ်ကီ၊်ဆဉ်အပူၤ တ၊်ဂ့၊်မိ၊်ပှ၊်တ၊်ပဝ်ဖျါလၢ တ၊်ဆှၢ နှဉ်ဝဲတဖဉ် မ့၊်လဲၤဝဲ ခါဆူညါ ဒဉ်မိဉ် ကရှဉ်စံဉ် ဖဲဉ်ဒရၢဉ်ကီ၊်စၢဖြိုဉ်အဂီ၊် တ ခီတ၊်ဂံ၊်စ၊်ဘါစ၊်အိဉ်ဝဲဖးအါညါ အ ဂ့၊် တီၤကလ့ သိခါ ဒီးကထၢဉ် အရှုဉ် ပညၢသၢမံဉ် စံးဝဲနှဉ်လီၤ။

"ကညီကလုာ်လၢ အိဉ်ဆိးဖဲ ထံကီ၊်ဒီတဘ့ဉ်အပူၤလၢ ဆၢကတီ၊် အခဲအံၤ တဖ့ဉ်၊ တ၊်ပဝ်ဖျါလၢ ပတိဉ် ဖျါထိဉ်ဝဲအံၤ ပှၤကူဉ်ဘဉ်ကူဉ်သ့အ တ၊်ပဝ်ဖျါမ့တမ့၊်. ထဲဒဉ်တ၊်အဝဲနှဉ် လီၤဒီး တမ့၊်လၢ ကကဲထိဉ်ဝဲ ဖဲဉ်ဒ ရၢဉ်ဒ်ဒ်းဘဉ်. တ၊်ဘဉ်ထွဲ ထံရူ၊်ကီ၊် သဲး၊်ဂ့၊်ဝိ ၊ ပှၤ၊ဂ့၊်ဝိ ၊ မှာ်ကျိၤဝဲၤကွာ်ဂ့၊်ဝိ၊ ဟိဉ်ခိဉ်ကပ်ဝ်သနူခဲလၢဉ်တဖ့ဉ် တ မ့၊်ဝဲ ကလုာ်အလု၊်အလ၊်၊ ထံကီ၊်အ လု၊်အလ၊်၊ ဟိဉ်ကဝိၤအလု၊်အလ၊်ဒီး ဟိဉ်ကဝိၤအက့၊်အဂီၤတဖ့ဉ်ဘဉ်အယိ အဆိကတၢ၊်တဘျိ ကလုာ်အပတိ၊် တ၊် အိဉ်သကိ ၊ ထံ ရူ ၊် ကီ ၊် သဲ ၊ မူ ၊ (ကညီ) အတ၊်ဟ်ဖျါအံၤ တ၊်မ့၊်တိဉ် ထိဉ်ဝဲလ၊ ကီ၊်စ၊ဖြိုဉ်ဘျိုဉ်ဒိဉ်တခီ အဂံ၊်စ၊်ဝဲလီၤအဂ့၊်နှဉ် ယပ်ဝ်ဖးနီၤဖး ယဲလီၤ"အဂ့၊် သိခါ စံးလီၤဝဲ တ၊်က တိၤဒိဉ်လီၤတ၊်အခါနှဉ်လီၤ။

တ၊်ထံဉ်လိဉ်အိဉ်သကိးမူး အ ပူၤအံၤ တၢဉ်ပိဉ်တဲသကိးဝံၤဝဲ ကညီ ကလုာ်တဖ့ဉ်အတ၊်ဂ့၊်မိ၊်ပှ၊် ၄ ခါ လ၊ အမ့၊် ထံရူ၊်ကီ၊်သဲး၊ မှာ် ကျိၤဝဲၤ ကွာ်၊ ပှၤ၊ဂ့၊်ဝိ၊ ဟိဉ်ခိဉ်ကပ်ဝ်ဒီး ဟိဉ် လာ်တ၊်ထူးတ၊်တီၤ ဂ့၊်ဝိပတြိုဉ်သ့ဉ် တဖ့ဉ် ဝံၤဝဲလံဒီး ဒ်တကီ၊်ခါ တ၊်ဂ့၊် တ၊်ကျိၤလ၊ ဟ်ဖျါထိဉ်ဝဲလံအံၤအသိး တ၊်ဃုသ့ဉ်ညါသမံသမိးဝဲတဘျိ တ၊် ဂံ၊်စ၊်ဘါစ၊် အိဉ်ဝဲဒိဒ္ဓုဉ်အဂ့၊် သိခါ စံးဝဲလီၤ။

တီၤကလ့သိခါအံၤ ဒီးကထၢဉ် အရှုဉ်ပညၢသၢမံဉ်အံၤ အိဉ်ဝဲဖ့ဉ်ဖဲ ဖဉ်အဉ်ဝ့၊်အဘူး တီၤကလ့သဝိဖ့ဉ်အ ပူၤဒီး မ့၊်ဝဲ သိခါတပါ လ၊အမံၤဟူသ့ဉ် ဖျါဝဲ ထဲဒဉ် ကညီကီ၊်စဲဉ်အပူၤ တကး ဘဉ် မ့၊်စ့၊်ကီး သိခါတပါလ၊ အမံၤ ဟူသ့ဉ်ဖျါလ၊ ကီ၊်ပယီၤဒီတဘ့ဉ်အ ပူၤ နှဉ်လီၤ။

ဒီကလုာ်အပတိ၊် တ၊်အိဉ်သကိးထံရူ၊်ကီ၊်သဲးမူးအတ၊်ဘဉ်သးတဖဉ် ကဘဉ်ခီဂ၁်ဝဲအပတိ၊်(၃)ပတိ၊်အယိကကီခဲဝဲ

လါယနူးအါရံး ၂၃ သိ၊ ၂၀၁၇ နံ့ဉ်။ စီးခါဆူညါ

ဒီကလုာ်အပတိ၊် တ၊်အိဉ်သ ကိးထံရူ၊်ကီ၊်သဲး မူးကျဲသနူတ၊်ဘဉ် သးတဖဉ် ကတိဉ်ဖျါထိဉ်ဝဲဆူ ၂၁ ယၤဖြိုဉ်နံ့ဉ် ပှ၁်လိဉ်တ၊်အိဉ်ဖြိုဉ်အဂီ၊် ကဘဉ်ခီဂ၁်ဝဲ အပတိ၊် ၃ ပတိ၊်အယိ တ၊်ကိတ၊်ခဲအိဉ်ဝဲအဂ့၊် ကညီဒီက လုာ်စၢဖြိုဉ်ကရၢ –ခ့ဉ်အဲဉ်ယူဉ် နဲ့ဉ်ရ့ဉ် သဃဲၤ ၂ ပဒိဉ် မါမါမါ စံးဘဉ် ကညီ တ၊်ကစိဉ်ဝဲၤလီ၊်ခိဉ်သ့ဉ် ဖဲလါယနူး အါရံး ၂၀ သိအနံၤနှ့ဉ်လီၤ။

"ကျဲသနူလ၊ ပဟ်လီၤဃာ်ဝဲ ဖဲတ၊်အိဉ်သကိးမူးတဖဉ် ကတုၤဝဲဆူ ၂၁ ယၤဖြိုဉ်နံ့ဉ် ပှ၁်လိဉ်တ၊်အိဉ်ဖြိုဉ်အ ဂီ၊် ကဘဉ်ခီဂ၁်ဝဲ အပတိ၊် ၃ ပတိ၊် လီၤ။ တ၊ တပတိ၊်နှ့ဉ် ကတုၤဝဲဖဲ တ၊် မၤကရူ၊်လ၊ တ၊်ကိးဝဲ Working Group Committee အအိဉ်လီၤ။ ဝံၤမး ကတုၤဝဲဆူ UPDJC အအိဉ် လီၤ။ ဖဲနှ့ဉ် မ့ဝံၤ ကတုၤဝဲဆူ ၂၁ ယၤ ဖြိုဉ်နံ့ဉ် ပှ၁်လိဉ်တ၊်အိဉ်ဖြိုဉ်အအိဉ်လီၤ။ လ၊ကခိဂ၁်ဝဲ တ၊်အပတိ၊်အဝဲအံၤ ၃ ပတိ၊်အဂီ၊် ဘဉ်တဲလ၊တ၊်ကိတ၊်ခဲ အိဉ်ဖးအါညါလီၤ"အဂ့၊် ပဒိဉ် မါမါ မါ စံးဝဲလီၤ။

တ၊်ပညိဉ်လ၊ တ၊်ကသ့ဉ်ထိဉ် ဝ ခါဆူညါ ဒဉ်မိဉ်ကရ့ဉ်စံဉ် ဖဲဉ်ဒရၢဉ် ကီ၊်စၢဖြိုဉ်အဂီ၊်ဒီး ဘဉ်တ၊်မၤဝဲ က ညီဒီကလုာ်အပတိ၊်တ၊်အိဉ်သကိး ထံရူ၊်ကီ၊်သဲးမူး ဖဲကညီကီ၊်စဲဉ်၊ ဝ့၊် ဖဉ်အဉ်အပူၤ ဖဲလါယနူးအါရံး ၁၈ သိတုၤ ၂၀ သိနှ့ဉ်လီၤ။

တကးဘဉ်အမဲာ်ညါ ဒီကလုာ် အပတိ၊် တ၊်အိဉ်သကိး ထံရူ၊်ကီ၊်သဲး မူးအပူၤအံၤ ကလုာ်ဒ့ဉ်ကရူ၊်ခဲလၢာ် လ၊ ကြၢးပဉ်ဃုာ်ဝဲတဖဉ် လိဉ်လ၊ ကပဉ်ဃုာ်ဝဲအဂီ၊်၊ တ၊်ထံဉ်တ၊်ဆိ ကမိဉ်ဒီး ကျဲသနူလ၊ ဒီးနှ့်ဘဉ်ဝဲဖဲ တ၊်ထံဉ်လိဉ်အိဉ်သကိးမူးအပူၤတဖဉ် ပဒိဉ်ဒီး သုးမ့၊်ဒိဉ်သ့ဉ်တဖဉ် ကဘဉ် သးနှ့်ဝဲအလိ၊် ဒီးသနှ့ထိဉ်သးလ၊ ကလူၤဟိဉ်ထွဲဝဲထဲလဲဉ်အဖိခ်ဉ် ဒီး က လုာ်ဒ့ဉ်ကရူ၊်အဂၤ တ၊်ဟ်သးကျဲသ နူတဖဉ် စ့၊်ကီးတမ့၊်လ၊ ကလီၤဆိ ဝဲဒ်ဉ်ဒ်ဉ်မ့၊်မ့၊်ဒီး ကညီကလုာ်တဖဉ် အါအါဘဉ်အဂ့၊် ပဒိဉ်မါမါမါ စံးဝဲ လီၤ။

လ၊တ၊်ကတိဉ်ဖျါထိဉ်ဝဲဆူ ၂၁ ယၤဖြိုဉ်နံ့ဉ် ကီ၊်စၢဖြိုဉ်တ၊်အိဉ်ဖြိုဉ်အ ပူၤအဂီ၊် ကဆဲးရဲ့ဉ်ကျဲၤမၤဝဲ ကလုာ် ဒ့ဉ်ဝဲဒီး ဟိဉ်ကဝိၤဒ့ဉ်ဝဲ တကးဘဉ် ကရဲ့ဉ်ကျဲၤမၤဝဲ တ၊်ဂ့၊်တ၊်ကျိၤဒ့ဉ်ဝဲ ဒီကလုာ်အပတိ၊် တ၊်အိဉ်သကိးမူး တဖဉ်ဖဲ တ၊်လိ၊်လ၊ကတဲဘ်ကတီၤ အသးဝံၤဝဲလံတဖဉ်အပူၤအံၤအဂီ၊် အိဉ်ဝဲအဂ့၊် သ့ဉ်ညါဘဉ်လီၤ။

ကီ၊်ဆၢဒီးကီ၊်ချၢကညီသးစ၊်တဖဉ် မၤလိယုသ့ဉ်ညါဝဲကလုာ်ဂ့၊်ဝိ တ၊်ဟူးတ၊်ဂဲၤတဖဉ်

လါယနူးအါရံး ၁၇ သိ၊ ၂၀၁၇ နံ့ဉ်။ စးအဲဉ်ဆူ

Young Adult Leadership Program တခါလ၊ ကညီသးစ၊်လ၊ တုၤအိဉ် ကီ၊်အိစ့ထြုလယါတဖဉ်ဒီး ကီ၊်ကျ့ဉ်တဲဉ်၊ ကီ၊်ပယီၤကီ၊်ဆ၊ကညီသးစ၊်တဖဉ် ဃုသ့ဉ်ညါမၤလိသကိးနှ့်ဝဲ ကလုာ်ဂ့၊်ဝိတ၊်ဟူးတ၊်ဂဲၤတဖဉ် တ၊်ရဲ့ဉ်တ၊်ကျဲၤတခါ စးထိဉ်ဝဲဖဲ လါယနူးအါရံး ၉ သိတုၤ ၁၈ သိအနံၤ ဖဲကီ၊်ကျ့ဉ်တဲဉ်–ကီ၊်ပယီၤ ကီ၊် ဆ၊ တ၊်လိ၊်တတီၤနှ့ဉ်လီၤ။

စီၤသးတိ၊်လ၊ အတိခ်ဉ်ရိ၊်မဲ တ၊်ရဲ့ဉ်တ၊်ကျဲၤအံၤ စံးဝဲ "သးစ၊်လ၊ အလဲၤအိဉ်ကမ့ဉ်လ၊ ကီ၊်ချ၊လ၊ နီ၊် ဆံးခါတဖဉ် တသ့ဉ်ညါလ၊ၤဝဲကီ၊်ဆ၊ တ၊်အိဉ်သး၊ ထံရူ၊်ကီ၊်သဲး၊်ဂ့၊်ဝိ၊ ပှၤ ဂ့၊်ဝိ တ၊်အိဉ်သးအနီ၊်ကီ၊်လ၊ၤဘဉ်. အဝဲသ့ဉ် သ့ဉ်ညါဒ့ဉ်ထဲ မံဉ်ဒ်ဉ်ယၢဉ်ဒီး ပှၤအါကၤတဲဝဲလီၤအယိ တ၊်ထံဉ်တဒ်သိးလိဉ်သးဘဉ် တကးဘဉ် တ၊်ထံဉ် ကမ့ဉ်လိဉ်သးလ၊ ကီ၊်ဆ၊ ဒီး ကီ၊်ချ၊ ကညီ သးစ၊်တဖဉ်အဘၢဉ်စၢၤလီၤ။

ဒ်သိး ကနှ့်ဘ့ါရ့ဲဝဲ တ၊်အိဉ်သး အဝ အံၤအဂီ၊် ပမၤဝဲ YALP တ၊်ရဲ့ဉ်တ၊် ကျဲၤလီၤ"အဂ့၊် စံးဝဲလီၤ။

တ၊်ရဲ့ဉ်တ၊်ကျဲၤအံၤ မ့၊်ဝဲ Australian Karen Foundation အတ၊်ဆိဉ်ထွဲမၤစၢၤဒီး ကညီကျ့ဉ်ဖိ သးစ၊်လ၊ တုၤအိဉ်ကီ၊်အိစ့ထြုလ ယါ ၉ ၈၊ ကီ၊်ဆ၊ ကညီပှၤတဝ၊ တ၊်ကရၢကရိအပူၤ ကညီသးစ၊် ၉ ၈၊ ဒီး ပှၤပၢဆှၢတ၊်ဖိ ၅ ၈၊ ခဲလၢာ် ဟ်ဖ့ဉ် ၂၄ ၈၊ ဟ်ဃုာ်ဝဲနှ့ဉ်လီၤ။

တ၊်ရဲ့ဉ်တ၊်ကျဲၤလ၊ အယ်ာ်ဝဲ ၁၀ သိအတိ၊်ပူၤအံၤ ခ့ဉ်အဲဉ်ယူဉ် ကရၢခ်ဉ် ၂ ပဒိဉ် နီ၊်စံးဖိရၤစ့ဉ်၊ စီၤဝဲလ ဒါလ၊ ခ့ဉ်အဲဉ်ယူဉ် မှာ်ကျိၤဝဲၤကွာ် ကမံးတံာ်၊ နီ၊်ဘျုမ့နဲ်ရာ်လ၊ ကညီ ဘဉ်ကီဘဉ်ခဲကမံးတံာ်–KRC ဒီး စီၤသူကဘံလ၊ ကညီခ်ဉ်ဃၢၤနှ့ဆၢဉ် ဒီး ပှၤဂ့၊်ဝိပှ၁်ဘျုးစ–KESAN အံၤ လဲၤဒုးနဲ်ဉ်ပှ,းနှ့၊်ဝဲ ထံရူ၊်ကီ၊်သဲး၊်ဂ့၊်ဝိ၊ တ၊်မှာ်တ၊်ခ့ဉ်တ၊်မၤအကျဲ၊ မှာ်ကျိၤ ဝဲၤကွာ်ဂ့၊်ဝိ၊ ပှၤ၊ဂ့၊်ဝိခ့ဲၤယာ်တ၊်အိဉ် သးတဖဉ်၊ တ၊်ဂ့ၤ ထိဉ်ပသီထိဉ်ဂ့၊်ဝိ ဒီး တ၊်ကၤ့ၤဟ်လီၤကၤ့ၤ ပှၤဘဉ်ကီဘဉ် ခဲ တ၊်ရဲ့ဉ်တ၊်ကျဲၤတ၊်အိဉ်သး အနိ၊် ကီ၊်တဖဉ်နှ့ဉ်လီၤ။

နီ၊်သဘ့ျ လ၊ကီ၊်အီးစ့ထြုလ ယါအံၤ စံးဝဲ "အါတက့၊် ပှၤအိဉ်လ၊ ကီ၊်ချ၊တဖဉ် တသ့ဉ်ညါတ၊်အိဉ်သး လ၊အံၤတကပ၊ လီၤတံ၊်လီၤ ဆဲးဘဉ် . သ့ဉ်ညါဘဉ်ခီဖျိုဝဲ လ၊ Social Media အပူၤအယိ တ၊်ထံဉ်ကမ့ဉ် အိဉ်ဝဲလီၤ. အပူၤကွံာ် မ့မ့၊်ခ့ဉ်အဲဉ်ယူဉ် အံၤ ယသ့ဉ်ညါဝဲလ၊သုးလီၤ" အဂ့၊် စံးဝဲနှ့ဉ်လီၤ။

ဒ်သိး ကညီသးစ၊်လ၊ အတုၤ အိဉ် ကီ၊်သ၊ဘ့ဉ်တဘ့ဉ်တဖဉ် ကသ့ဉ် ညါအါထိဉ်ဝဲ ကညီပှၤ့ဂ့၊်ဝိ ကရ့ဉ်က ရ၊တဖဉ် တ၊်ဟူးတ၊်ဂဲၤ ဒီး ကီ၊်ပူၤ ကီ၊်ချ၊ ကညီသ့ဉ်စ၊်သးဘိဉ်တဖဉ် ကဒဲကဒ တ၊်ဘျုးစဲလိ၊်သး ကအါ ထိဉ်အဂီ၊် Young Adult Leadership Program အံၤ ဘဉ်တ၊်စးထိဉ်မၤအီၤ လ၊ ၂၀၁၀ နံ့ဉ်လံၤလံၤဒီး ဘဉ်တ၊် မၤနှ့ဉ်ဝဲ ၂ နံ့ဉ်တဘျိ အခဲအံၤ မ့၊်ဝဲ ၄ ဘျိတဘျိလံနှ့ဉ်လီၤ။

တ၊်ပဝ်ဂၢ၊်ပဝ်ကျၢၤဝံၤဝဲ ကညီကီ၊်စဲဉ်သးစ၊်ဖိဉ်လ်စံဉ် (၁၇) ထံဉ်လံ

လါယနူးအါရံး ၉ သိ ၊ ၂၀၁၇ နံ့ဉ်။ စီးမ့ဉ်အူသ

တ၊်ဟ့ဉ်ကူဉ် ကညီကီ၊်စဲဉ်အပူၤ သးစ၊်ဖိလ်စံဉ် တ၊်ရဲ့ဉ်တ၊်ကျဲၤမူး လ၊ရဲ့ဉ်ကျဲၤမၤဝဲ ဖဲကညီကီ၊်စဲဉ်၊ ဝ့၊် ဖဉ်အဉ်၊ ပှၤ့ဂ့၊်ဝိပှၤမၤတ၊်ဖိကိတိဉ်ဝဲၤ ကျိၤ အဝဲၤဒၢးအပူၤ ဖဲလါယနူးအါရံး ၈ သိအနံၤ လ၊ထံကီ၊်ဒီဘ့ဉ် သးစ၊် ကျဲ သနူအဂီ၊်အံၤ ဟ်ဂၢ၊်ဟ်ကျၢၤကၤ့ၤဝဲ သးစ၊်ဂ့၊်ဝိ ဖိလ်စံဉ် ၁၇ ထံဉ်အဂ့၊် သ့ဉ်ညါဘဉ်လ၊ ပှၤဘဉ်မူဘဉ်ဒါတဖဉ် အအိဉ်နှ့ဉ်လီၤ။

ကီ၊်စဲဉ် ပှၤ့ဂ့၊်ဝိပှၤမၤ တ၊်ဖိဝဲၤ ကျိၤ ဒီး ပှၤတဝ၊ကရူ၊်ကရၢသ့ဉ်တ ဖဉ် ဟ်ဖ့ဉ်ထိဉ်သးလ၊ ကီ၊်ဆဉ် ၇ ဘ့ဉ်အပူၤ သးစ၊်ခၢဉ်စး ၅၀ ဘျဲ့ဉ်လဲၤ ထိဉ်ဝဲ တ၊်ဟ့ဉ်ကူဉ်ကျဲသနူ (ဖိလ် စံဉ်)မူးလ၊ ရဲ့ဉ်ကျဲၤမၤအီၤဖဲ လါယနူး အါရံး ၇ သိတုၤ ၈ သိအတိ၊်ပူၤအံၤ ဟ်ဂၢ၊်ဟ်ကျၢၤကၤ့ၤဝဲ သးစ၊်ဂ့၊်ဝိ ဖိလ်စံဉ် ၁၇ ထံဉ် တပူၤဃီလီၤအဂ့၊် ကညီကီ၊်စဲဉ် သးစ၊်ခၢဉ်စး နါထဲဉ် ထဲဉ်လ့စိ စံးဝဲနှ့ဉ်လီၤ။

အဝဲ စံးဝဲ "ကညီကီ၊်စဲဉ် ထ ဟ်ဝဲ တ၊်ဂ့၊်တ၊်ကျိၤတဖဉ်လီၤ. မ့၊်ဝဲ တ၊်ကၤ့ၤတၢ၊်ပိဉ် ဟ်လီၤမ့ၤဝဲ တ၊်ဂ့၊် တ၊်ကျိၤလ၊ ဃိထံဃာ်ဝဲတဖဉ်အဖီ ခ်ဉ် ဒီး ကြၢးဘ့ီဘဉ်ဝဲတဖဉ် ဘ့ီဘဉ် ဝံၤတဘျိ ဟ်ဂၢ၊်ဟ်ကျၢၤ ကၤ့ၤဝဲလီၤ" အဂ့၊် စံးလီၤဝဲဖဲ လါယနူးအါရံး ၈ သိအနံၤနှ့ဉ်လီၤ။

တ၊်မှာ်တ၊်ခ့ဉ်ဂ့၊်ဝိ၊ တ၊်ကူဉ် ဘဉ်ကူဉ်သ့ဉ်ဂ့၊်ဝိ၊ တ၊်အိဉ်ဆူဉ်အိဉ်ချ့ ဂ့၊်ဝိဒီး တ၊်ဖံးတ၊်မၤအခ္ဆဲးအယာ်ဂ့၊်ဝိ ကီ၊်ပယီၤ ဒီးတ၊်ကၤ့ၤ ပှၤ့ဘဉ်ကီဘဉ် ခဲ တ၊်ရဲ့ဉ်တ၊်ကျဲၤ ၁၇ ထံဉ် လ၊ တ၊်ဟ်ဂၢ၊်ဟ်ကျၢၤဃာ်ဝဲတဖဉ် တ၊်ကဆ့ၤထိဉ်ဝဲဆူ ကီ၊်စၢဖြိုဉ်အ ပတိ၊် ဖဲလါဖ့ၤဘြူၤအါရံး ၂ နှ့ဉ်တနှ့ဉ် အတိ၊်ပူၤအံၤအဂ့၊် အဝဲဆဲးတဲဝဲ လီၤ။

ကီ၊်စဲဉ် ပှၤ့ဂ့၊်ဝိပှၤမၤတ၊်ဖိ ကိတ်ာ်ဝဲၤကျိၤ ပှၤနဲ့ဉ်တ၊် ၂ အူစီၤထ့ စံးဝဲ " ပထံကီ၊်အပူၤ သးစ၊်တ၊်အိဉ် မ့ခါဆူညါ ဒီး ထံကီ၊်တ၊်အိဉ်မ့ခါ ဆူညါ တဖဉ် ဘျုးစဲလိ၊်အသးလီၤ. မ့၊်လ၊ ခါဆူညါထံကီ၊်တ၊်အိဉ်သး အံၤ အိဉ်ဝဲဖဲ သးစ၊်လ၊အဖ့ဲးဝဲတဖဉ် အစ့ပူၤလီၤအယိ သးစ၊်အဝဲအံၤတဖဉ် ကဘဉ်မၤပ့ဉ်ၤဃာ်ဝဲ တ၊်မနုၤသ့ဉ်တဖဉ် လ၊ထံကီ၊်အဖိခ်ဉ်လဲဉ်. ထံကီ၊်ကဘဉ်

 မၤလ၊ပ့ဲၤနှ့်ဝဲလ၊ သးစ၊်အဝဲအံၤတ ဖဉ်အဂီ၊် တ၊်မနုၤသ့ဉ်တဖဉ်လဲဉ်. ပတၢ်ဉ်ပိဉ်တဲသကိးဆိအခ်ဉ်သ့ဉ်လ၊ တ၊်ဂ့၊်ခ်ဉ်တိအဝဲနှ့ဉ်တဖဉ်လီၤ"အဂ့၊် စံးဝဲနှ့ဉ်လီၤ။

လ၊ကနှ့်မၤလိဉ်ထိဉ်ဖးထိဉ်ဝဲ ကီ၊်ပယီၤ သးစ၊်ဂ့၊်ဝိ ဖိဉ်လ်စံဉ်ကျဲ သနူအဂီ၊် စးထိဉ်ရဲ့ဉ်ကျဲၤမၤဝဲ ကီ၊်ဒီ ဘ့ဉ်သးစ၊်တ၊်ထံဉ်လိ၊်အိဉ်သကိးမူး ဖဲ ၂၀၁၆ နံ့ဉ်၊ လါယူၤအတိ၊်ပူၤ ဖဲ ဝ့၊်မိၤယ့ၤနှ့ဉ်လီၤ. ဒီး ကညီကီ၊်စဲဉ် သးစ၊်ဂ့၊်ဝိကျဲသနူတ၊်ဟ့ဉ်ကူဉ်တ ဖ့ဉ် တ၊်ကနှ့်တိဉ်ဖျါထိဉ်ဝဲဆူ ကီ၊်စၢ ဖြိုဉ်အပတိ၊်အဂီ၊် ကၤ့ၤဘ့ီ ဘဉ်မၤပ့ဉ်ၤ ကၤ့ၤဝဲ အတ၊်လီၤဃိထံတ၊်တဖဉ်ဝံၤ အလီ၊်ခံ ဟ်ဂၢ၊်ဟ်ကျၢၤ ဆၢတဲာ်လီၤဝဲ ဒ်အခဲအံၤနှ့ဉ်လီၤ။

သီခါရၤဘီၤယူၤကွံဉ်လံ

လၢနူၤအါရံၤ ၁၀ သီ၊ ၂၀၁၇ နံ့ဉ်
စီၤသ့ၣ်ဉ်

သီခါရၤဘီၤ(သီခါအူဝံဉ်စနၣ်) လၢအမံၤဟူသဉ်ဖျါ ဖဲကညီတၢ်ပၢၢ်ဆၢအပူၤ လၢအသးနံ့ဉ် အိဉ် ၇၅နံ့ဉ်၊ အဝ့ဉ် (၅၆) ဝဉ်အံၤ ယူၤကွံဉ်ဝဲဖဲ ၂၀၁၇ နံ့ဉ်၊ လါယနူၤအါရံၤ ၉ သီ အနံၤ မ့ၢ်ဟၢလိၤ ၅ နၣ်ရံဉ်၊ မံးနံး ၂၀ ဆၢကတိၢ် ဖဲတလၢၤကိၢ်စဲဉ်၊ ဝ့ၢ်မိဉ်လမ့ဉ်၊ ဌၤမိတၢ်ဆါဟံဉ်အပူၤ လၢပှၤသးပ့ၢ်တၢ်ဆါလိၤအဂ့ၢ် သ့ဉ်ညါဘဉ်လိၤ။

သီခါအူဝံဉ်စနၣ် အိဉ်တဆူဉ် ထိဉ်ဝဲဘဉ်ဖဲ အပူၤကွံဉ် စ့ၢသီအတိၢ်ပူၤဒီး လဲၤထိဉ်ယါဘျါသးဆူ ဌၤမိတၢ်ဆါဟံဉ်ဆၢကတိၢ် ယူၤကွံဉ်ဝဲ ဒ် အခဲအံၤအဂ့ၢ် အပ့ၢ်သဒါ သီခါအူ အ့ၢဒၢသံၤရံဉ် စံးဝဲလိၤ။

သီခါပ့ၢ် အူဝံဉ်ဇနၣ် မ့ၢ်ဝဲ ပှၤလၢ ကညီကိၢ်စဲဉ်၊ ကိးတရံးကိၢ်ဆဉ်၊ နဘူကရူ၊ နိဉ်ဖ့ျ သဝီဒီး ဒိပ့ၢ်ဝၢ်ခွါ အိဉ်ဝဲ ၅ ဂၤအကျါ မ့ၢ်ဝဲ ပှၤလ့ၢ်ဂၤ တဂၤနၣ်လိၤ။ သီခါပ့ၢ်အမံၤနိၢ်ဆံးခါ မ့ၢ်ဝဲ စီၤကဒဖိ ဒီး ကူထိဉ်ဝဲ တပ့ဖိဖဲ အသးနံ့ဉ်အိဉ်ဝဲ ၁၅ နံ့ဉ်အကတိၢ်ဒီး ထိဉ်နၢ်ဖဲ အသးနံ့ဉ်အိဉ်ဝဲ ၂၀ နံ့ဉ်ဝံၤ အလိၢ်ခံ လဲၤမၤလိတၢ်ဆူ ဝ့ၢ်တကျိ ဒီး ဒီးနၣ့်ဘဉ်ဝဲ ဒမဉ်ကထံဉ်ကးမံၤ လၢသဉ်ကပိၤနၣ်လိၤ။

ဟဲက့ၢ်အိဉ်ဆိးက့ၢ်ဝဲလၢ အကစ်လိၢ်ကျဲ တစ်တလိၢ်ဖဲ ၁၉၈၂ နံ့ဉ် ဆၢကတိၢ် မၤဝဲတၢ်ဘျိတၢ်ဘါ တၢ်မၤဖဲ ကညီတၢ်ပၢၢ်ဆၢ ဟိဉ်ကဝိၤအပူၤ အခါ(မဆလ)ပဒိဉ် စံးဝဲလၢ ဆဲးကျိးဒီး ကညီဒီကလုာ်စၢဖ့ဉ်ကရၢ (ခ့ဉ်အဲဉ်ယူဉ်)အယိ ဘဉ်တၢ်ဆ့ၢ ဒ်းဝဲဆူ ယိၢ်ပူၤအဂ့ၢ် သ့ဉ်ညါဘဉ်လိၤ။

သီခါအံၤ အိဉ်ဆိးတ့ၢ်ဘဉ်ဝဲ ဖဲ ခ့ဉ်အဲဉ်ယူဉ် လိၢ်ခၢဉ်သး ဝဲၤလိၢ်ခိဉ် သ့ဉ် မၤနၢၤယျိတၢ်လိၢ်၊ ဒူပျာ်ယၢ်ကိၢ် ရ့ဉ် ဒီး ကိၢ်ကျိဉ်တဲဉ်၊ ဝ့ၢ်မ်ၢ်ဆီးသ့ဉ် တဖဉ်အပူၤနၣ့်လိၤ။ ဖဲတၢ်ဒုးတၢ်ယၤ ဆူဉ်ဝဲအကတိၢ်အံၤ စိဉ်ဝဲကျိဒီး ဟူး ဂဲၤလဲၤက့ၢ်တ့ၢ်ဝ ဒီး ပျဲၢ်ဖိပျဲၢ်လံၤ သီခါတဖဉ်အယိ ပှၤသ့ဉ်ညါအါဝဲလၢ သီခါရၤဘီၤဒီး မ့ၢ်စ့ၢ်ကီးဝဲ ခ့ဉ်အဲဉ် ယူဉ် ကရၢခိဉ်လိၢ်လံၤ သုးခိဉ်ကျၢ် စိရုၤ ဘိဉ်မ့ဉ် အသကိးတံၢ်နိၢ်တပါနၣ် လိၤ။

ဒီး မ့ၢ်ဝဲ သီခါပ့ၢ်လၢ အိဉ်ဝဲဒီး တၢ်သ့တၢ်ဘဉ်လၢ ဒ္ဒးတၢ်၊ ကၢ်တၢ်၊ ဘ့ၣ်တၢ် ဒီး ဟ့ဉ်တၢ်ကမဲ အတၢ်သ့တၢ် ဘဉ်တဖဉ်အယိ ဖဲအဝဲအိဉ်တၢ်လိၢ် တပူၤလၢ်လၢ် အကမျၢ်(တကဉ်)တ ဖဉ် နဉ်ဝဲဒီး ဘါဝဲအါဝဲအဂ့ၢ် သ့ဉ်ညါ ဘဉ်လိၤ။

သီခါ အူဝံဉ်စနၣ် ယူၤကွံဉ် အဖိ ခိဉ် ဒူပျာ်ယၢ်ကိၢ်ရ့ဉ်ခိဉ် ပဒိဉ် စီၤရ့ဉ် မိ စံးဝဲ "အဝဲ မ့ၢ်ဝဲ သီခါတပါဘဉ် ဆဉ် မ့ၢ်ဘဉ်ထွဲဒီး ကညီကလုာ်ဂ့ၢ်ဝိနၣ့် အဝဲဂ့ဉ်ကျဲးစၢးတ့ၢ်ဃာ်ဝဲလိၤ။ အခဲအံၤ အဝဲယူၤကွံဉ်ဝဲလံအယိ တူ၊်ဘဉ်ဒ သီးပ့ၢလၢမၤဝဲ ကညီကလုာ်ဂ့ၢ်ဝိ တဂၤ လိၤမ်ၢ်ကွံဉ်ဝဲလိၤ"အဂ့ၢ် စံးဝဲနၣ့်လိၤ။

အူဝံဉ်ဇနၣ် ယူၤကွံဉ်ဝဲဆၢ ကတိၢ် အဒီပ့ၢ်ဝၢ်ခွါ အူအ့ၢဒၢသံၤရံဉ်လၢ အသးနံ့ဉ်အိဉ်ဝဲ ၇ဝနံ့ဉ် ၊ အဝဉ့အိဉ်ဝဲ ၅၀ တပါ အိဉ်လိၤတဝ်ၢ်ကွံဉ်ဝဲဒီး တၢ်ကၢ်ထိဉ်ကွံဉ် အစိဉ်ဖဲ လါယနူၤအါရံၤ ၁၆ သီ၊ မ့ၢ်ဃ့ၢ်လိၤ ၁ နၣ်ရံဉ်ဘျဉ် ဆၢကတိၢ်၊ ဖဲဝ့ၢ်မိဉ်လမ့ဉ်၊ ဒဝိၤကွ တၢ်သ့ဒၤခိဉ်နၣ့်လိၤ။

ဝ့ၢ်တကျိဉ်ကညီသးစ်ၢ်တဖဉ်ကရဲဉ်ကျဲၤမၤဝဲ (၆၉) နံ့ဉ်ပှဲၤထိဉ် ဒီကလုာ်မ့ၢ်နံၤ

လါယနူၤအါရံၤ ၂၆ သီ၊ ၂၀၁၇နံ့ဉ်။
စီၤထိလ့

ဒေသအလိုက် လုပ်ဆောင်သွားဖို့ ဆိုလို့ရှိရင် ကျမ ပဲခူးတိုင်း အနေနဲ့ တင်ပြတောင်းဆိုထားပါတယ်။ ပဲခူးတိုင်းမှာ တိုင်းကိုယ်စားပြု ပွဲတပွဲလေး ကျင်းပစေချင်ပါတယ်။ ကျမတို့ ပဲခူးတိုင်းထဲမှာရှိတဲ့ ကရင်တိုင်းရင်းသား အားလုံးကော၊ တခြားတိုင်းရင်းသားတွေလည်း လေ့လာခွင့်ရှိမယ်။ အဓိကကတော့ ကျမတို့ ကရင်တိုင်းရင်းသားအားလုံးဟာ ကျမနဲ့အတူ ၂၅ ယောက်လာခဲ့တယ်။ ဒါပေမယ့် ပဲခူးတိုင်းထဲမှာ ကရင်တိုင်းရင်းသားတွေ အများကြီးရှိတဲ့အတွက် တိုင်းကိုယ်စားပြု လုပ်နိုင်မယ်ဆိုရင် ကျမတို့ ကရင်တိုင်းရင်းသားအားလုံးသည် နိုင်ငံရေးဆွေးနွေးပွဲ အနှစ်သာရတွေ၊ ရှေ့ဆက်ဘာလုပ်မလဲ။ ရှေ့ဆက်ပြီးတော့ ဘာတွေ စီစဉ်ဆောင်ရွက်ကြမလဲ။ ၂၁ ရာစု ပင်လုံညီလာခံမှာ ဘာတွေ ဆွေးနွေးကြမလဲဆိုတာတွေကို တိတိကျကျ သိသွားမယ်။ နားလည်သွားမယ်။ အဲဒါကြောင့် ကျမတို့ ဒေသအလိုက် လုပ်နိုင်မယ်ဆိုရင် ပိုပြီးတော့ ကျမတို့ အကျိုးအမြတ်ရမယ်လို့ ထင်ပါတယ်။

ကရင့်အနာဂတ်သည် ကျမတို့ မြန်မာပြည်ထဲမှာ နေထိုင်တဲ့အတွက် တိုင်းရင်းသားအားလုံးနဲ့အတူတူပါပဲ။ အဲဒါကြောင့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲမှသည် ကျမတို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးဖြစ်အောင် အေးအတူ ပူအမျှ အတူတကွ လက်တွဲပြီး ကြိုးစားရင် တနေ့ကျမတို့ မျှော်မှန်းတဲ့ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကို မလွဲမသွေ ကျမတို့ ရောက်ရှိမယ်လို့ ပြောကြားလိုပါတယ်။

ဦးတည်လာခဲ့တဲ့ အမျိုးသားအဆင့်ဆွေးနွေးပွဲကနေ ရရှိတဲ့ ရလဒ်နဲ့အတူ လာမယ့် ပြည်ထောင်စုအဆင့် နိုင်ငံရေးဆွေးနွေးပွဲမှာ တင်သွင်းတဲ့ အချိန်မှာ သက်ဆိုင်ရာလူမျိုးစုတွေအလိုက် လူမျိုးစုအလိုက်တင်သွင်းလာတဲ့ အခြေခံမူအပေါ်မှာ နိုင်ငံကြီးအတွက် ဖြစ်လာမယ့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီးအတွက် ကောင်းမွန်တဲ့ မူဝါဒကြီးတခုရဲ့ အခြေခံ ဖြစ်တဲ့အတွက် ဒီအခြေခံကနေ အကောင်းဆုံးဖြစ် လာတဲ့အထိ မျှော်လင့်တာပေါ့။ ဒီအခြေခံကောင်းမှပဲ နောင်ဖြစ်လာမယ့် ပြည်ထောင်စုအဆင့် အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲမှာ အောင်မြင်မှာပါ။ ဒါကြောင့် အခြေခံအဆင့်ကနေ စနစ်တကျဖြစ်ဖို့တော့ မျှော်လင့်ပါတယ်။

ခွန်စိုးနိုင်

(ပအိုဝ်းတိုင်းရင်းသားကိုယ်စားလှယ်)

လူမျိုးစုအလိုက် တွေ့ဆုံဆွေးနွေးပွဲမှာ ကရင်လူမျိုးတို့ရဲ့ ဘုံသဘောတူညီချက်ကို ရရှိပြီးတော့ အဲဒီ သဘောတူညီချက်ကို ၂၁ ရာစုပင်လုံညီလာခံကို သယ်သွားနိုင်ဖို့အတွက် ဖြစ်ဖို့ အဲလိုပဲ မြင်ခဲ့တယ်။

စာတမ်းမူကြမ်းကနေ တွေ့ရတာက မှန်းထားတဲ့ဖက်ဒရယ်စစ်စစ် နိုင်ငံရေးကို ထူထောင်နိုင်မယ်ဆိုရင် ကျနော်တို့ တိုင်းရင်းသား လူနည်းစု အနေနဲ့အခွင့်အရေးတွေ ရလာနိုင်တယ်လို့ ထင်တယ်။ ဒါကြောင့် ဖက်ဒရယ်စစ်စစ် ပြည်ထောင်စုကြီးကို သွားနိုင်ဖို့ ကောင်းမွန်တဲ့ စာတမ်းလေးတွေ အောင်မြင်ဖို့ ကျနော်တို့ မျှော်မှန်းထားတယ်။ အားရစရာလည်း ကောင်းပါတယ်။

မှာ တချို့ပြည်နယ်အတွက်ကတော့ နည်းနည်းအဆင်မပြေမှုတွေ ရှိတာပေါ့နော်။ အဲဒီတော့ ဒီအပေါ်မှာ အချင်းချင်းကြားမှာ တယောက်နဲ့ တယောက်ကြားမှာ ယုံကြည်မှု ရှိနိုင်ရင်တော့ ကျမတို့ ဟန်ချက်ညီညီသွားနိုင်ဖို့ကိုလည်း စည်းလုံးညီညွတ်စွာနဲ့ တယောက်နဲ့တယောက် နားလည်မှုနဲ့ ယုံကြည်မှုနဲ့ သွားရဖို့ အဓိကဖြစ်လို့ ကျမယုံကြည်ပါတယ်။

CNF (ချင်းအမျိုးသားတပ်ဦး) ကတော့ ၂၀၁၂ ဧနဝါရီ နောက်ပြီး မေလမှာ ပြည်နယ်အဆင့်လက်မှတ်ထိုးတယ်။ ၂၀၁၂ ဒီဇင်ဘာမှာ ပြည်ထောင်စုအဆင့် လက်မှတ်ထိုးတယ်ဆိုတော့ ဒီ NCA မှာလည်း လက်မှတ်ရေးထိုးခဲ့တယ်။ နှစ်ပတ်လည်လည်း ကျင်းပခဲ့ပြီးပြီ။ ဒါပေမယ့် ဒီ CNF ရဲ့ ceasefire agreement ထဲမှာပါတဲ့ သဘောတူညီချက်တွေက အကောင်ထည် ဖော်နိုင်ဖို့က အားနည်းတယ်ဆိုတော့ ဒီသဘောတူညီချက်ကိုလည်း အကောင်အထည် မြန်မြန်ဖော်နိုင်ဖို့ကိုတော့ ကျမတို့ ပြည်သူတွေအနေနဲ့ လိုလားတာပေါ့နော်။ နောက်ပြီး ဒီပွဲမှာ ကျမလာလေ့လာတဲ့အခါမှာ တော်တော်လေးကိုတော့ အားရပါတယ်။ ကရင်လူမျိုးတွေရဲ့ စည်းလုံးညီညွတ်မှု လူမျိုးအပေါ်ရပ်တည်ချက် ခိုင်မာမှုတွေကို တွေ့ရတဲ့အခါမှာ တော်တော်လေးအားရတယ်။ ဂုဏ်လည်း ဂုဏ်ယူတယ်။ ကျန်တဲ့ တိုင်းရင်းသားတွေကလည်း အတုယူပြီးတော့ ကိုယ့်ရဲ့ လူမျိုးတွေရဲ့ ရပ်တည်ချက်ကို ခိုင်ခိုင်မာမာ ရပ်တည်ပြီး စည်းလုံးစွာနဲ့ သတ္တိရှိရှိနဲ့ ရှေ့ဆက်ဖို့ အရမ်းပဲအရေးကြီးပါတယ်လို့ ကျမက မြင်ပါတယ်။

စောရှားဖောင်အွာ | ခွန်စိုးနိုင် | ဆရာမ ချင်းချင်း | မန်းကောလင်း

စောရှားဖောင်အွာ

(အမျိုးသားလွှတ်တော်ကိုယ်စားလှယ်)

ပထမဆုံးပြောချင်တာက လူမျိုးအလိုက် နိုင်ငံရေးဆွေးနွေးပွဲ ကရင်ပြည်နယ်မှာ ကရင်အမျိုးသားတွေကနေပြီးတော့ ပထမဦးဆုံးဆွေးနွေးခွင့်ရတဲ့အတွက် ကျနော်တို့ အတိုင်းထက်အလွန် ဝမ်းသာမိပါတယ်။ ဒါက ဆွေးနွေးပွဲရဲ့ ရလဒ်ပေါ်မှာလည်း မူတည်သေးတယ်။ ဆွေးနွေးပွဲ ဒုတိယရက်မှာ ဆွေးနွေးပွဲရလဒ်တွေကို ပြီးပြည့်စုံတဲ့ ဆွေးနွေးပွဲ မဟုတ်သည့်တိုင်အောင် အတိုင်းအတာတခုအထိတော့ အားရကျေနပ်မှု ရှိပါတယ်။

စပြီးစဉ်းစားမိတာက ၂၁ ပင်လုံမှာ တင်သွင်းနိုင်ဖို့အတွက် ဒီအခြေခံမူတွေပေါ့။ လူမျိုးစုအလိုက် အမျိုးသားဆွေးနွေးပွဲကနေ အဲဒါထက်မူဝါဒ မူကြမ်းလေးတွေကို ဒီဆွေးနွေးပွဲကနေ ပြန်တင်မယ်ပေါ့နော်။ ဒါကလည်း NCA ရဲ့ ဖြစ်စဉ်အရ ကြိုတင်ရမယ့်အချက်တွေထဲမှာ ဒီဆွေးနွေးတဲ့အချက်တွေဟာ အရမ်းလည်းအရေးကြီးတယ်။ အရမ်းအရေးကြီးသလို တမျိုးသားလုံးရဲ့အနာဂတ်လို့လည်း ပြောလို့ရတယ်။ မူဝါဒဆိုတာက ဒီမူဝါဒအတိုင်း ပြည်ထောင်စုကို တင်နိုင်ဖို့အတွက် အရေးကြီးနေတာပဲ။ ဒါကြောင့် မူဝါဒအခြေခံကနေ စပြီးတော့ တိကျဖို့အတွက် အခြေခံမူဝါဒ တင်ပြမှုအားလုံးကိုလည်း ကျနော်တို့ အားရကျေနပ်မှု ရှိပါတယ်။

ဒီလူမျိုးအလိုက် နိုင်ငံရေးဆွေးနွေးပွဲကို ကရင်ကနေ စပြီးတော့ မျှော်လင့်ပါတယ်။

ဆရာမ ချင်းချင်း

(ချင်းပြည်မ်းချမ်းရေးအကျိုးဆောင်အဖွဲ့၊လေ့လာသူ)

ဒီလူမျိုးအလိုက် နိုင်ငံရေးဆွေးနွေးပွဲမှာ NCA ရဲ့ စာချုပ်ထဲမှာပါပြီးပြီ။ ဒါပေမယ့် ဒီအကောင်ထည်ဖော်မှု မရှိတဲ့အခါမှာ ကျမတို့ တနည်းအားဖြင့် ပြောရမယ်ဆိုရင် တော်တော်လေးစိတ်ပူမိတာပေါ့။ အဲဒီတော့ ဘာပဲပြောပြော ကရင်ပြည်နယ်မှာ စပြီးတော့မှ ဒီကရင်လူမျိုးအလိုက်ပေါ့နော်။ အမျိုးသားအဆင့် ဆွေးနွေးပွဲကို စမယ်ဆိုတော့ ဝမ်းသာတယ်။ မျှော်လည်းမျှော်လင့်တယ်ဆိုတော့ ဒီအပေါ်မှာ စာတမ်းတွေလည်း နားထောင်လိုက်တဲ့အပေါ်မှာ အားရကျေနပ်ပါတယ်။

ကရင်ပြည်နယ်ကနေ အမျိုးသားအဆင့်ကို စတင်လိုက်တယ်ဆိုတာက ဒါသမိုင်းဝင်တဲ့နေ့လည်းဖြစ်တယ်။ အဲဒီအတွက်ကြောင့် ကျမအများကြီးပဲ ဂုဏ်ယူပါတယ်။ NCA ရဲ့ Road Map ထဲမှာလည်း ပါပြီးပြီ။ လက်မှတ်လည်း ထိုးတဲ့လူက ထိုးကြပြီးပြီဆိုတော့ ကျမတို့ 'ချင်း' အနေနဲ့ ပြောမယ်ဆိုရင်လည်း အားလုံးအဆင်သင့်ဖြစ်ပြီ။ ဒါပေမယ့် မလုပ်နိုင်တဲ့ အနေအထားဖြစ်သွားတာကတော့ တနည်းအားဖြင့် မကောင်းဘူးပေါ့။ ဒါပေမယ့် ဒီကရင်ကနေစပြီးပြီဆိုတော့ ဒါနဲ့ အဆင်သင့် ဖြစ်တဲ့နေရာမှာလည်း လူမျိုးအလိုက် အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲကိုတော့ စပြီးလုပ်သင့်ပြီလို့ ကျမ ပြောချင်ပါတယ်။

နောက်ပြီး ဟန်ချက်ညီညီသွားတာတော့ ဟုတ်ပါတယ်။ ဒါပေမယ့် ဒီမှာလက်မှတ်ထိုးတဲ့နေရာရှိသလို မထိုးတဲ့အဖွဲ့တွေလည်း ရှိနေတဲ့အခါ

မန်းကောလင်း

(ဧရာဝတီတိုင်းဒေသကြီးကိုယ်စားလှယ်)

ဒီအစည်းအဝေးနဲ့ ပတ်သက်လို့ ဒီလိုဖြစ်လာတာ အင်မတန် ဝမ်းသာတာပေါ့လေ။ အခုကျင်းပတဲ့ လူကြီးမင်းများအားလုံးကိုလည်း အထူးပဲ လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ပါတယ်။ အခု ကရင်ပြည်နယ်မှာ ရှိတဲ့ ကရင်လူထုတွေကတော့ သိသင့်သလောက်တော့ သိပြီးပေါ့လေ။ ဧရာဝတီတိုင်းမှာရှိတဲ့ ကရင်လူထုကလည်း ကရင်လူထုအများကြီး ရှိသေးတာပေါ့လေ။ အဲဒါကြောင့် ကရင်လူထုတွေကိုလည်း ထပ်မံသိစေချင်တယ်ပေါ့လေ။ အဲဒါကြောင့် ဧရာဝတီတိုင်းနဲ့ တခြားတိုင်းတွေမှာလည်း လုပ်နိုင်ရင် အင်မတန် ကောင်းပါတယ်။

နောက်ပြီးတော့ ဧရာဝတီတိုင်းမှာရှိတဲ့ လူငယ်တော်တော်များများဟာ အရမ်းကို နောက်ကျနေပြီ။ ကျနော်တို့ လူငယ်တွေ နောက်ကျတယ်။ ပညာတတ်သော်ငြားလည်း သူတို့အသိပညာက အသွားအလာ နည်းတယ်။ တော်တဲ့ကလေးတွေတော့ တော်ကြတယ်။ နောက်ကျတဲ့ကလေးတွေ အများကြီးပဲ။ အဲဒါကြောင့် ဒီလိုနိုင်ငံရေးမှာ စိတ်ပါဝင်စားလာအောင် ကျနော်တို့ဘက်ကလည်း ဝိုင်းဝန်းကြတယ်။ ပြီးတော့လည်း ဒီလိုကျင်းပတဲ့ ပွဲမျိုးကို များများကျင်းပနိုင်ရင် တော်တော်လေး ကောင်းမယ်လို့ ထင်ပါတယ်။

▶ **စာမျက်နှာ(၁၀) "ဇွဲကပင်တောင် ကေဘယ်လ်ကားစီမံကိန်း"မှ**

တွေနဲ့သွားပြီး လက်မှတ်ထိုးဖို့ ရှိတယ်။ အဲဒါပြီးရင် လုပ်ငန်း စတင်တော့မယ်'ဟု ဗိုလ်မှူးကြီး စောချစ်သူက ပြောသည်။

အဆိုပါ ချစ်လင်းမြိုင် ကုမ္ပဏီ အနေဖြင့် ထိုစီမံကိန်းကို လက်မှတ်ရေးထိုးရာတွင် ကရင်လက်နက်ကိုင်များ စည်းလုံးညီညွတ်ရေး ကော်မတီကိုယ်စား အမည်ခံ၍ လက်မှတ်ထိုးခြင်းသာဖြစ်ပြီး ကုမ္ပဏီအနေဖြင့် အကျိုးအမြတ် ရရှိပါက ကရင်လက်နက်ကိုင်အဖွဲ့များ အချင်းချင်း ပြန်လည်ဝေမျှသွားမည့်အပြင် ယခုစီမံကိန်းတွင် ချစ်လင်းမြိုင် တိုယိုတာကုမ္ပဏီ အမြတ် ၇၅ ရာခိုင်နှုန်းနှင့် ဇွဲကပင် မြေဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီမှ ၂၅ ရာခိုင်နှုန်း ရရှိမည်ဖြစ်သည်ဟု ဥက္ကဋ္ဌ စောချစ်သူက ပြောသည်။

စာချုပ်ချုပ်ဆိုပွဲသို့ ဇွဲကပင် တောင် ကေဘယ်လ်ကား ဖြစ်မြောက်ရေး ကော်မတီမှ သံယာတော် များ၊ ပြည်နယ်အစိုးရ ကိုယ်စားလှယ်များ၊ ချစ်လင်းမြိုင် တိုယိုတာကုမ္ပဏီ တာဝန်ရှိသူနှင့် ဇွဲကပင်မြေ ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီ လီမိတက် ကိုယ်စားလှယ်များ၊ ကရင်တိုင်းရင်းသား လက်နက်ကိုင်များ စည်းလုံးညီညွတ်ရေး ကော်မတီဝင်များ၊ နှစ်ဖက် အသိသက်သေ ရှေ့နေများ စုစုပေါင်း ၅၀ ဦးကျော် တက်ရောက်ခဲ့ကြသည်။

ဇွဲကပင်ကေဘယ်လ်ကား ဖြစ်မြောက်ရေးကော်မတီ အထွေထွေ အတွင်းရေးမှူး ဦးအောင်မောင်းက 'ပီနန်ဆရာတော်ရှိစဉ်က ကေဘယ်လ်ကားဖြစ်ဖို့က အလှူငွေနဲ့ သွားမယ်လို့ လုပ်ထားတယ်။ အခု ပီနန်ဆရာတော် မြန်မာပြည် ပြန်မလာနိုင်တော့ အခြေအနေက ပြောင်းသွားတယ်။ ဒါပေမယ့် ဆက်ပြီး အကောင်အထည်ဖော်နေရင်းနဲ့ ဗိုလ်ချစ်သူတို့က ကရင်လက်နက်ကိုင်တွေ ပေါင်းစည်းပြီး လုပ်မယ်ဆိုပြီး သူတို့ကမ်းလှမ်းတော့ အခုလို ဆက်လုပ်ဖြစ်တာပါ' ဟု ပြောသည်။

နှစ်ဖက် သဘောတူစာချုပ်ပါ အချက်အလက်အရ စာချုပ် ချုပ်ဆိုသည့်နေ့မှစ၍ ၁၈ လအတွင်း ချစ်လင်းမြိုင် တိုယိုတာကုမ္ပဏီ ဘက်က အပြီးလုပ်ဆောင်ရမည် ဖြစ်သလို ဇွဲကပင်မြေ ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီဘက်ကလည်း ဖားအံမြို့နယ် တော်ပုံကျေးရွာ၊ ဇွဲကပင်တောင်ခြေရှိ ဇွဲကပင်တောင် ပိုင် ဥယျာဉ်ခြံမြေ ဧရိယာ ၁၂.၇၂ ဧကနှင့် ဇွဲကပင်ကာကွယ်တော မြေဧရိယာ ၀.၂၀ ဧကတို့အား အသုံးပြုခွင့်ပေးရမည် ဖြစ်သည်။

ကေဘယ်လ်ကား စီမံကိန်း ကော်မတီကို ၂၀၁၃ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး စီမံကိန်းအတွက် အလှူငွေများ စတင် ကောက်ခံခဲ့သလို ၂၀၁၆ ခုနှစ်တွင် တောင်ပေါ်သို့ ပစ္စည်းသယ်ယူရန်အတွက် ကေဘယ်လ်ကား အကြမ်းထည် စတင်တည်ဆောက်ထားကြောင်း ကော်မတီထံမှ သိရသည်။

ယင်းစီမံကိန်းကို ၂၀၁၃ ခုနှစ်က ပီနန်ဆရာတော် ဦးပညာဝံသ၊ ဇွဲကပင်ဆရာတော် ဦးကဝိဓနှင့် သုံးထပ်ကျောင်း ဆရာတော် ဦးပညိန္ဒတို့ ဦးဆောင်ပြီး မလေးရှားနိုင်ငံ SMET SDA BHD ကုမ္ပဏီနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှ ပညာရှင်များ ပူးပေါင်းကာ အကောင်အထည်ဖော်သွားရန် စတင်စီစဉ်ခဲ့ခြင်း ဖြစ်သည်။

ဖားအံမြို့တောင်ဘက် ၇ မိုင် အကွာရှိ ဇွဲကပင်တောင်သည် ပင်လယ်ရေမျက်နှာပြင်အထက် ၂၇၃၄ ပေမြင့်ပြီး တောင်နှင့်မြောက် မိုင် ၂၀ ခန့်မျှ သွယ်တန်းရှည်လျားကာ တောင်တက်တောင်ဆင်း ခရီးကို ခြေလျင်ဖြင့် ၃ နာရီကျော်ကြာ သွားရသည်ဟုသိရသည်။

(၄၇)ကြိမ်မြောက် ပြည်နယ်စာပေယဉ်ကျေးမှု စုပေါင်းသင်တန်းဆင်းပွဲတွင် မဂ္ဂဇင်းထုတ်ဝေမည်

ဧနီနဝါရီ ၂၉ ရက်၊ ၂၀၁၇ ခုနှစ်
နန်းဝေဖြိုးဇာ

ယခုနှစ် ကျရောက်သည့် ၄၇ ကြိမ်မြောက်ပြည်နယ် စာပေယဉ်ကျေးမှု စုပေါင်းသင်တန်းဆင်းပွဲတွင် အထိမ်းအမှတ်အဖြစ် **'ယဉ်ကျေးမှု အမြုတေ'**မဂ္ဂဇင်းကို ပထမဦးဆုံးအကြိမ် ထုတ်ဝေမည် ဖြစ်ကြောင်း သိရသည်။

လာမည့် မေလအတွင်း မွန်ပြည်နယ်၊ ပေါင်မြို့နယ် ဆင်ကျေးရွာ၌ ပြုလုပ်သွားမည့် ယင်းသင်တန်းဆင်းပွဲ၌ မဂ္ဂဇင်းကို ထုတ်ဝေသွားမည်ဖြစ်ပြီး ကရင်(အရှေ့ပိုးကရင်)နှင့် မြန်မာနှစ်ဘာသာဖြင့် ထည့်သွင်းဖော်ပြသွားမည်ဟု စီစဉ်သူ ပေါင်မြို့နယ် အလယ်ရွာ ဆရာတော် ဦးသုနန္ဒ(မာန်နာ်သွီးဝေါ်)က ကရင်သတင်းစဉ်သို့ မိန့်ကြားသည်။

'သင်တန်းဆင်းပွဲ ၄၆ ကြိမ်ရှိသွားပြီ။ မဂ္ဂဇင်းတခါမှ ထုတ်တာ မရှိဘူး။ အခု စိတ်အားထက်သန်မှုရှိလို့ ကူညီဖို့ စိတ်ပါတဲ့ လူအများကြီးရှိတယ်။ ထုတ်မယ့် ရည်ရွယ်ချက်က စာပေယဉ်ကျေးမှု တိုးတက်ဖို့၊ ကိုယ့်လူမျိုးတွေ အသိအမြင် ကျယ်လာဖို့ ဖြစ်ပါတယ်။ မွန်ပြည်နယ်မှာ ဒါ ပထမဦးဆုံးအကြိမ် သင်တန်းဆင်းပွဲကြီးလည်း ဖြစ်တော့ အထိမ်းအမှတ် တခု ကျန်ရှိစေချင်တာ ဖြစ်တယ်'ဟု ဆရာတော်က မိန့်ကြားသည်။

သင်တန်းတွင် အမီထုတ်ဝေ ဖြန့်ချီနိုင်ရန်နှင့် မဂ္ဂဇင်း ဖြစ်မြောက်ရန် စာပေဝါသနာရှင်များ အတွက် သတင်း၊ ဆောင်းပါး၊ ဝတ္ထုနှင့် ကဗျာ စသည့် စာမူများ ပေးပို့နိုင်ရန် စတင်ဖိတ်ခေါ်နေပြီ ဖြစ်သလို မဂ္ဂဇင်းအတွက် ပေးပို့ရမည့် စာမူထဲတွင် ဦးတည်ရေးသားရမည့် အချက် ၃ ချက် ရှိသည်ဟု သိရသည်။

အဆိုပါ အချက်များမှာ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနှင့် အမျိုးသား စည်းလုံးညီညွတ်ရေး၊ ကရင်စာပေနှင့် အမျိုးသား ယဉ်ကျေးမှု တိုးတက်မြင့်မားရေးကို အခြေခံရေးရမည်နှင့် စစ်မှန်သော ကရင်အမျိုးသားရေး အသိအမြင် အတွေးအခေါ်များဖြင့် မျိုးချစ်စိတ်ရှင်သန်ထက်မြက်ရေး ဇာတိဂုဏ်မြင့်မားရေးတို့ကို ရှေးရှု၍ ရေးသားကြရမည်ဟု ပါရှိသည်။

ကရင်ပြည်နယ် စာပေယဉ်ကျေးမှုကော်မတီ ဥက္ကဋ္ဌ စောအေးမြက 'သင်တန်းဆင်းပွဲအတွက် ဗွီဒီယို၊ ဓာတ်ပုံ မှတ်တမ်းတွေ ရိုက်ထားတာ ရှိတယ်။ မဂ္ဂဇင်းတော့ တခုမှ မရှိဘူး။ အခု မဂ္ဂဇင်းကို ဘယ်လိုထုတ်မလဲတော့ မသိဘူး။ ပြည်နယ် စာပေယဉ်ကျေးမှု ကော်မတီဘက်ကတော့ ဒီနှစ် ဆရာဖြစ်သင်တန်း မရောက်ခင် ၄၆ ကြိမ်ကထူးချွန်သူတွေ မှတ်တမ်းတွေစုပြီး မှတ်တမ်းစာစောင်ထုတ်ဖို့ အစီအစဉ်တော့ရှိတယ်'ဟု ပြောသည်။

ပြည်နယ်စာပေ ယဉ်ကျေးမှု စုပေါင်းသင်တန်းဆင်းပွဲကို ၁၉၆၈–၁၉၆၉ ခုနှစ်တွင် စတင်ပြုလုပ်ကျင်းပကာ သင်တန်းဆင်းပွဲများတွင် ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့ရှိ သင်တန်းသားများ စုပေါင်းတက်ရောက်ကြသည်ဟု သိရသည်။

(၂၇)ကြိမ်မြောက် ဝင်းရော်ဒေသ ကရင်ရိုးရာကောက်သစ်စားပွဲ ကျင်းပ

ဧနီနဝါရီ ၁၂ ရက်၊ ၂၀၁၇ ခုနှစ်
စောမြတ်ဦးသာ

ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ် ဝင်းရော်ဒေသ၏ ၂၇ ကြိမ်မြောက် ကရင်ရိုးရာ ကောက်သစ်စားပွဲကို ဧနီနဝါရီ ၁၂ ရက်တွင် ဒိုင်လွတ်–တမိုဝေါင်းကျေးရွာ၊ သိမ်ကွင်း၌ စုပေါင်းကျင်းပခဲ့ရာ တောင်ဒီး၊ ခလယ်၊ တံခွန်တိုင်၊ ထီမံထို၊ ကျုံ့ခဝန်၊ ထိုတကော၊ ဒိုင်လွတ်နှင့် တမိုဝေါင်း စသည့် ကျေးရွာမှ ဒေသခံ ၅၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

ကရင်လူမျိုးတို့သည် မိမိတို့၏ တောင်ယာ၊ လယ်မှ ရရှိလာသည့် ကောက်ပဲသီးနှံ ပေါ်ဦးပေါ်ဖျားများကို စုဆောင်းထားပြီးမှ ယခု ပြာသိုလတွင် မိသားစုအနေဖြင့် သော်လည်းကောင်း၊ ကျေးရွာအလိုက် သော်လည်းကောင်း စုပေါင်း ချက်ပြုတ် စားသောက်သည့်အနေဖြင့် ရိုးရာကောက်သစ်စားပွဲကို ကျင်းပရခြင်းဖြစ်သည်ဟု ကျင်းပရေးကော်မတီဝင်ဖြစ်သူ စောယောင့်သာအဲဆန်က ကရင်သတင်းစဉ်သို့ ပြောသည်။

'ပထမဦးဆုံး ခြံထွက် ကောက်ပဲသီးနှံနှင့် ဆန်စပါးတွေကို တအိမ်တတင်းစီ စုပေါင်းသိုလှောင်ထားပြီးမှ ကိုယ်ထက် အသက်ရှယ်ကြီး သူတွေကို သီးဦးသီးဖျားနဲ့ ချက်ထားတဲ့ ထမင်းဟင်းတွေကို ကျွေးမွေးပြီး ယုံကြည်မှုအရ ကုသိုလ်ယူတာပေါ့။ နောက်တချက် ဆန်ရေစပါးတွေ ဒီထက်မက တိုးပွားလာရအောင်ဆိုပြီး ဖီ့ဘူးယော် (စပါးစောင့်နတ်)ကို ဂုဏ်ပြုတာလည်း ပါတယ်'ဟု သူက ပြောသည်။

အဆိုပါ ရိုးရာကောက်သစ်စားပွဲတွင် ဖီ့ဘူးယော်အား ဂုဏ်ပြုခြင်း၊ သက်ကြီးဘိုးဘွား ကန်တော့ခြင်း၊ ကရင်ဒုံးအဖွဲ့ ၁၀ ဖွဲ့မှ ကပြ ဖြေဖျော်ခြင်း အပါအဝင် ကရင်လိုက် ထူ့လီ (အရှေ့ပိုးကရင်စာပေ) စာပေ ဝတ္ထု၊ ကဗျာနှင့် ဆောင်းပါးပြိုင်ပွဲများကိုလည်း ထည့်သွင်းပြုလုပ်ကျင်းပခဲ့သည်ဟု ကျင်းပရေးကော်မတီ တာဝန်ရှိသူများက ပြောသည်။

ထို့အပြင် ရိုးရာကောက်သစ်စားပွဲတွင် ပိန်းဥ၊ ဖား၊ ခရုများကို အဓိကထား ချက်ပြုတ်စားသောက်ကြပြီး အဓိပ္ပာယ်မှာ ပိန်းဥသည် ရာသီမရွေး ပြန်လည်ရှင်သန်ပေါက်ပွားလေ့ရှိသလို ဖား၊ ခရုမှာလည်း အလားတူ နွေ၊ မိုး၊ ဆောင်း သုံးရာသီစလုံး အသက်ရှင်သန် နေထိုင်နိုင်သည့်အတွက် ကရင်လူမျိုးတို့သည်လည်း မည်သည့်အခါမျှ သေဆုံးခြင်းမရှိ၊ အမြဲရှင်သန်နေမည်ဟူသော ရိုးရာယုံကြည်မှုအရ ပြုလုပ်ခြင်းဖြစ်သည်ဟု ဒေသခံများက ပြောသည်။

တမိုဝေါင်းကျေးရွာမှ နောင်ဖော့မီယို့က 'လူကြီးတွေ အစဉ်အဆက်ကတည်းက ကျင်းပလာခဲ့တာဆိုတော့ ဒီရိုးရာမပျောက်ရအောင် လူငယ်တွေစုပြီး ဝိုင်းဝန်းလုပ်ဆောင်တာပါ။ ရိုးရာပွဲတော်ဆိုပေမယ့် တဖက်က ကရင်စာပေ၊ ကရင် ဒုံးအကတွေပါ ဖော်ထုတ် မြှင့်တင် ဆောင်ရွက်ပေးတယ်။ အနယ်နယ်က သူငယ်ချင်းတွေလည်း အများကြီး တွေ့ဆုံခင်မင်ခွင့်ရတဲ့အတွက် ပျော်ပါတယ်'ဟု ဆိုသည်။

ဝင်းရော်ဒေသအနေဖြင့် ကရင်ရိုးရာကောက်သစ်စားပွဲကို နှစ်စဉ်ကျင်းပလာခဲ့ရာ ပြီးခဲ့သည့် ၂၆ ကြိမ်မြောက်ကို ဒိုင်လွတ်–တမိုဝေါင်း ကျေးရွာ၌ ကျင်းပခဲ့သည်။ အလားတူ ကရင်လူမျိုးများ နေထိုင်သည့် အခြားဒေသများတွင်လည်း ရိုးရာကောက်သစ်စားပွဲကို အစဉ်အလာအရ ကျင်းပလေ့ရှိသည်ဟု သိရသည်။

KTWG ၏ နှစ် ၂၀ ပြည့်မြောက်သည့် အခမ်းအနားကို KNU ဗာပွန်ခရိုင်တွင် ပြုလုပ်

ဧနီနဝါရီ ၂၅ ရက်၊ ၂၀၁၇ ခုနှစ်

ကရင်ကလေးငယ်များ၏ ပညာရေးအတွက် အထောက်အကူပြုပေးနေသည့် ကရင်ကျောင်းဆရာများ ပူးပေါင်းလုပ်ဆောင်မှုအဖွဲ့–KTWG ၏ နှစ် ၂၀ ပြည့်မြောက်သည့် အခမ်းအနားကို ကရင်အမျိုးသား အစည်းအရုံး KNU နယ်မြေတခုဖြစ်သည့် ဖာပွန်ခရိုင်၊ ဘူးသိုမြို့နယ် ဟိုကေကျေးရွာတွင် ဧနီနဝါရီလ ၂၄ ရက်နေ့က ပြုလုပ်ခဲ့ကြောင်း သိရသည်။

KTWG အဖွဲ့တာဝန်ခံ ဆရာမ နော်လယ်ထူးခင်က 'စစ်မက် အကြီးအကျယ် ဖြစ်ပွားခဲ့တဲ့အချိန်ကနေ ငြိမ်းချမ်းရေးလုပ်ချိန်အထိ လုပ်ဆောင်လာခဲ့တဲ့ နေရာမှာ အောင်မြင်မှုတွေရှိသလို စိန်ခေါ်မှုတွေလည်း ရှိခဲ့ပါတယ်။ အနှစ် ၂၀ ဖြတ်သန်းလာခဲ့တဲ့ အတွေ့အကြုံရှိပြီ ဖြစ်တဲ့အတွက် ကျမတို့အဖို့ အရမ်းအရေးကြီးတဲ့ အခမ်းအနားတခု ဖြစ်ပါတယ်'ဟု ပြောသည်။

ယမန်နေ့က ပြုလုပ်ခဲ့သည့် အခမ်းအနားကို KTWG အဖွဲ့ဝင်များအပါအဝင် ကရင်အမျိုးသမီး အစည်းအရုံး–KWO၊ ကရင် ပညာရေးဌာန–KED (ဗဟို)နှင့် ခရိုင်တာဝန်ရှိသူများ၊ Karen Office of Relief and Development –KORD, Drug and Alchohol Recovery Education- DARE network စသည့် အဖွဲ့အပါအဝင် လူဦးရေ ၃၀၀ ကျော် ပူးပေါင်းပါဝင် ကျင်းပခဲ့ကြကြောင်း သိရသည်။

တဆက်တည်းတွင် KTWG မှ လုပ်ဆောင်လာခဲ့သည့် လုပ်ငန်းများ၏ အားနည်းချက်၊ အားသာချက်၊ အောင်မြင်မှု၊ စိန်ခေါ်မှုနှင့် အတူ ငြိမ်းချမ်းရေးကာလနှင့် နိုင်ငံရေး အပြောင်းအလဲ ကာလအတွင်း မည်သို့ရှေ့ဆက် လုပ်ဆောင်သွားကြမည်စသည့် အဖွဲ့၏ ရှေ့လုပ်ငန်းစဉ် ဆိုင်ရာများကို ထိုနေ့တွင် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

လက်ရှိတွင် KTWG အဖွဲ့အနေဖြင့် ကရင်ပြည်နယ် KNU နယ်မြေ ဧရိယာအတွင်းရှိ ကရင်ပညာရေး ကျောင်းများမှ ဆရာ/ဆရာမ များအတွက် ဆရာဖြစ်သင်တန်းများ၊ မွမ်းမံသင်တန်းများနှင့် ကျောင်းစီမံအုပ်ချုပ်မှု သင်တန်းများအပါအဝင် လုပ်ငန်း ၆ ခုကို လုပ်ဆောင်ပေးနေသည့် အဖွဲ့ဖြစ်သည်။

ကရင်ကျောင်းဆရာ၊ ဆရာမများလုပ်ငန်းအဖွဲ့ KTWG သည် ကရင်ပြည်နယ်အတွင်း စစ်မက်ဖြစ်ပွားရာ ကာလများဖြစ်သည့် ပြီးခဲ့သည့် ၁၉၉၇ ခုနှစ်မှ စတင်ကာ ကရင်ပညာရေးဆိုင်ရာ လုပ်ငန်းများကို ယနေ့အထိ လုပ်ဆောင်နေဆဲဖြစ်သည့် ကရင်လူမှု အဖွဲ့အစည်း တခုလည်း ဖြစ်သည်။

ကျေးရွာ(၁၀၀)ကျော်အတွက် ဆိုလာများ တပ်ဆင်ပေးမည်ဟု ပြည်နယ်ကျေးလက်ဦးစီးဌာနပြော

ဧနီနဝါရီ ၁၄ ရက်၊ ၂၀၁၇ ခုနှစ်
ကဆောဝါး

ပြည်နယ်အစိုးရ၏ ၂၀၁၆–၂၀၁၇ ဘတ်ဂျက်နှစ် ကျေးလက်မီးလင်းရေး အစီအစဉ်အရ ကမ္ဘာ့ဘဏ်နှင့် ချိတ်ဆက်ဆောင်ရွက်နေသော ဆိုလာတပ်ဆင်ခြင်း လုပ်ငန်းကို ဧနီနဝါရီလကုန်ပိုင်းမှ စတင်ကာ ဖားအံ၊ ကြာအင်းဆိပ်ကြီး၊ ကော့ကရိတ်၊ လှိုင်းဘွဲနှင့် သံတောင်မြို့နယ်များရှိ ကျေးရွာပေါင်း ၁၄၃ ရွာမှ အိမ်ခြေပေါင်း ၁၁၄၄၂ အိမ်အတွက် ဆိုလာများ တပ်ဆင်ပေးသွားမည်ဟု ကျေးလက် ဦးစီးဌာနထံမှ သိရသည်။

ထိုသို့တပ်ဆင်ရာတွင် ပြည်သူထည့်ဝင်ငွေကို ဆိုလာတန်ဖိုး၏ ၁၀ ရာခိုင်နှုန်းသာ ငွေစုထည့်ဝင်စေပြီး ကျန်ငွေအား အစိုးရ၏ ကျေးလက်ရံပုံငွေနှင့် ကမ္ဘာ့ဘဏ်တို့က အချိုးကျ ကုန်ကျခံကာ ဆိုလာတပ်ဆင်သည့် ကုမ္ပဏီများအား တင်ဒါခေါ်ယူမည် ဖြစ်ကြောင်း၊ ၎င်းနောက် အရည်အသွေး စစ်ဆေး၍ စံချိန်စံညွှန်း ကိုက်ညီမှုရှိမရှိကို ကျေးရွာများသို့ စမ်းသပ် တပ်ဆင်သုံးစွဲစေပြီး အဆင်ပြေမှသာ ကျေးရွာများသို့ ဖြန့်ဖြူးတပ်ဆင်သွားရန် စီစဉ်ထားသည်ဟု ကျေးလက် ဦးစီးဌာန ပြည်နယ်ညွှန်မှူး ဦးနေလင်းက ပြောသည်။

ဦးနေလင်းက 'ကျနော်တို့ ဒီစီမံကိန်းက ကမ္ဘာ့ဘဏ်နဲ့ ချိတ်ဆက် လုပ်ဆောင်ရတာဆိုတော့ အရည်အသွေးတွေ စံချိန်စံညွှန်းတွေ၊ ငွေကြေးစီမံခန့်ခွဲ တွက်ချက်မှုအပိုင်းတွေ တိကျအောင် ဆောင်ရွက်နေတာကြောင့် ကြန့်ကြာနေတဲ့အပေါ် ပြည်သူကလည်း သူ ငွေသွင်းပြီး ဆိုလာ မတပ်ဆင်ခင်မှာ စိတ်ပူကြတာပေါ့။ အခု စမ်းသပ်တပ်ဆင်ပြီးရင်တော့ ဧပြီလလောက် နောက်ဆုံးထားပြီး အပြီးတပ်ဆင်သွားမှာပါ'ဟု ပြောသည်။

အဆိုပါ ဆိုလာမီးလင်းရေး အစီအစဉ်ကို ၂၀၁၆ နှစ်ဆန်းပိုင်းမှ စတင်ကာ ကရင်ပြည်နယ်ရှိ မြို့ ၅ မြို့နယ်အတွင်း ကျေးရွာပေါင်း ၁၄၃ ရွာမှ အိမ်ခြေပေါင်း ၁၁၄၄၂ စုမှ ကျပ်ငွေ ၄၃၉.၇၉ သန်း စုပေါင်းထည့်ဝင်ထားပြီး ဆိုလာတပ်ဆင်မှု ကြန့်ကြာနေသည့်အပေါ် ဒေသခံများဘက်မှ ထင်ကြေးအမျိုးမျိုးဖြင့် ပြောဆိုခဲ့ကြသည်။

ကော့ကရိတ်မြို့နယ်၊ နောင်တပွဲ ကျေးရွာမီးလင်းရေး ကော်မတီဝင် စောဖိုးဆောင်က 'ဒေသခံတွေ ဆိုလာတပ်ဖို့ ငွေသွင်းပြီး ကြာနေတော့ ထင်ကြေးပေး ပြောဆိုတာတွေ ရှိတယ်။ ကော်မတီက ငွေတိုးချစားတာလား၊ လိမ်တာလား၊ အမျိုးမျိုးပေါ့။ အခုတော့ ဌာနဆိုင်ရာတွေနဲ့ သေချာရှင်းလင်းပြတော့ သူတို့သဘောပေါက်ကြပါပြီ။ ဒီကိစ္စက တရွာထဲမှမဟုတ်တာ။ ရရင် အားလုံးရကြမှာပါ။ ကိုယ့်ရွာ ကျန်နေခဲ့တယ်ဆိုရင်တော့ ပြောပေါ့။ ဒေသခံတွေကို ကျနော်ပြောတယ်။ အာမခံတယ်။ နင်တို့ငွေ မဆုံးရှုံးစေရဘူး'ဟု ပြောသည်။

ၜင်းဆိုလာတပ်ဆင်ရေး အစီအစဉ်ကို NCTS ဆိုလာ တင်ဒါအောင်သည့် ကုမ္ပဏီမှ ကျေးရွာများတွင် လမ်း၊ ဆေးပေးခန်း၊ စာသင်ကျောင်း၊ ဘာသာရေး အဆောက်အဦးတို့အတွက် အခမဲ့ ဆိုလာစနစ် တပ်ဆင်ပေးမည်ဖြစ်ပြီး အချိုးကျ စုငွေ ထည့်ဝင်ထားသည့် အိမ်ထောင်စုများကို မိမိတို့ မှာယူထားသည့် အမျိုးအစားများအတိုင်း တပ်ဆင်ပေးသွားမည်ဟု ကျေးလက်ဖွံ့ဖြိုးရေးဌာန၏ ပြောပြချက်အရ သိရှိရသည်။

ကရင်ပြည်နယ် ကျေးလက်ဦးစီးဌာနအောက်တွင် ကျေးလက်ဖွံ့ဖြိုးရေးဌာန၊ ကျေးလက် မီးလင်းရေး ကော်မတီများ ထားရှိပြီး ကျေးလက်ဒေသဆိုင်ရာ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း သိရသည်။



ကြွက်ကြောင့် ပျက်စီးသွားသည့် လယ်မြေများအတွက် ကျပ်ငွေသိန်း(၄၀၀)ကျော် မွန်ပြည်နယ်အစိုးရ ထောက်ပံ့မည်

ဧနီနဝါရီ ၉ ရက်၊ ၂၀၁၇ ခုနှစ်
စောထွန်းလင်း

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ ကြခတ်ချောင်း ကျေးရွာအုပ်စုအတွင်းရှိ၊ ကျေးရွာ ၆ ခု၌ စပါးစိုက်ခင်းများကို ပြီးခဲ့သည့် နှစ်လယ်ပိုင်းခန့်မှစတင်ကာ ကြွက်များ ဖျက်ဆီးမှုကြောင့် ဆုံးရှုံးခဲ့ရသည့် ဒေသခံများအတွက် မွန်ပြည်နယ် အစိုးရအဖွဲ့မှ ကျပ် ၄၃၅ သိန်းကျော် ထောက်ပံ့ပေးသွားမည်ဟု မွန်ပြည်နယ်၊ ကရင်တိုင်းရင်းသားရေးရာဝန်ကြီး စောအောင်မြင့် ခိုင်က ကရင်သတင်းစဉ်သို့ ပြောသည်။

ဝန်ကြီးက 'ကျနော်တို့ မွန်ပြည်နယ် အစိုးရအဖွဲ့ကနေပြီးတော့ ဘီးလင်းမြို့နယ် ကြခတ်ချောင်း ကျေးရွာအုပ်စုထဲက ရွာတွေမှာ ကြွက်ဖျက်ဆီးခံရတဲ့ လယ်ယာမြေနဲ့ ဒေသခံတွေကို ၄၃၅ သိန်းကျော် သွားလျှောဖို့ရှိတယ်။ လာမယ့် ဧနီနဝါရီ ၁၆ ရက်နေ့မှာ သွားထောက်ပံ့ပေးဖို့ လျာထားပါတယ်'ဟု ဧနီနဝါရီလ ၈ ရက်နေ့က ပြောသည်။

အဆိုပါဒေသတဝိုက်ရှိ လယ်၊ ယာ သီးနှံ ဆုံးရှုံးခဲ့သည့် ဒေသခံများကို လူတဦးလျှင် ကျပ် ၇၅၀၀ နှုန်း၊ လယ်တဧကလျှင် ကျပ် ၅၀၀၀၀ နှုန်းဖြင့် စုစုပေါင်း လူ ၃၀၀၀ ဦးခန့်နှင့် လယ်ဧက ၄၅၅ ကျော်တို့ကို ထောက်ပံ့ပေးရန် စီစဉ်ထားသည်ဟုလည်း ကရင်ရေးရာဝန်ကြီးက ဆက်ပြောသည်။

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ် အတွင်းရှိ လမ်းပမ်းဆက်သွယ်ရေး ခက်ခဲသည့် ကျေးရွာများတွင် ယခင်နှစ် မိုးစပါး စိုက်ပျိုးချိန်နှင့် စပါးထွက်ပေါ်ချိန်များတွင် ကြွက်များဖျက်ဆီးမှုကြောင့် ဒေသခံများ စပါးအထွက်နည်းခြင်း၊ စပါးနှင့် တောင်ယာစိုက်ခင်းများ ပျက်စီးခြင်းများကို ကြုံတွေ့ခဲ့ရပြီး ဒေသတွင်း စားနပ်ရိက္ခာ ရှားပါးလာနိုင်သည့် အလားအလာများ ရှိနေသည်ဟု ဒေသခံများက ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်းက ကရင်သတင်းစဉ်သို့ ပြောသည်။

ဘီးလင်းမြို့နယ်၊ ကဝါထော့ ကျေးရွာသူကြီး စောမောင်စိုးက 'ဒီနှစ် တောင်ယာစပါးက စူးထိုးစိုက်ပျိုးကတည်းက ကြွက်တွေက စပါးစေ့တွေကို တူးဆွ စားသောက်။ အပင်ပေါက်လာတဲ့အခါ ကိုက်ဖြတ်ဖျက်ဆီး။ အသီးသီးတော့ လည်း ကိုက်ဖြတ်စားတယ်။ အဲဒါ အပြင် စပါးစိုက်ပြီး တလနှစ်လ လောက်မှာ ရာသီကြောင့် စပါးပင်တွေ အဝါရောင်သန်းတာ ရှိတယ်။ ဒီဒဏ်တွေကို တော်တော် ဆိုးဆိုးဝါးဝါး ခံနေရတယ်'ဟု ဒီဇင်ဘာလ ၁၈ ရက်နေ့က ပြောသည်။

ယခုကဲ့သို့ စပါးခင်းများကို ကြွက်များ ဖျက်ဆီးခံရမှုများမှာ ဒေသပြန့်ကြဲကာ ဖြစ်ပွားလျှက်ရှိပြီး ဘီးလင်းမြို့နယ်၊ ကဝါထော့ ကျေးရွာအုပ်စုအတွင်း ရွာတိုင်း နီးပါးကြုံတွေ့ခဲ့ရာ စပါးပေါ်ချိန်ဖြစ်သော်လည်း ဆန်စပါးရှားပါးမှုကြောင့် ဆန်များကို ပြင်ပမှ စတင်ဝယ်ယူ စားသောက်နေရသည်ဟု ဒေသခံတဦးက ပြောသည်။

လက်ရှိ ဘီးလင်းမြို့နယ်အတွင်း ကြခတ်ချောင်းကျေးရွာအုပ်စုအပါအဝင် ကရင်အမျိုးသား အစည်းအရုံး (ကေအဲန်ယူ) ထိန်းချုပ်နယ်မြေ ဘီးလင်းမြို့နယ်၊ နို့ဘဲဘော ကျေးရွာအုပ်စုရှိ ကဝါထော့ ကျေးရွာတွင် ကြွက်ဘေးကြောင့် ယခုနှစ် တောင်ယာစပါး အထွက်နှုန်းမှာ ပုံမှန်ထက် သုံးပုံတပုံခန့် လျော့နည်းသွားကြောင်း ဒေသခံ တောင်ယာစပါး စိုက်ပျိုးသူများက ပြောဆိုနေကြသည်။

ရာဘာ စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ ဈေးကောင်းရ၍ ရောင်းဝယ်မှုမြင့်တက်လာ

ဧနီနဝါရီ ၃ ရက်၊ ၂၀၁၇ ခုနှစ်
ကဆောဝါး

နိုင်ငံတကာ ရာဘာဈေးနှင့် ဒေါ်လာဈေး မြင့်တက်လာမှုကြောင့် ကရင်ပြည်နယ်တွင်းရှိ ရာဘာ စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ ဈေးကောင်းရပြီး အရောင်းအဝယ် မြင့်တက်နေကြောင်း ရာဘာအဝယ်ဒိုင်ဖွင့် ရောင်းဝယ်နေသူများနှင့် စိုက်ပျိုးထုတ်လုပ် ရောင်းချသူများထံမှ သိရသည်။

ကရင်ပြည်နယ်၏ စိုက်ပျိုးရေးထုတ်ကုန်တခုဖြစ်သည့် ရာဘာ အရောင်းအဝယ်အခြေအနေများ မြင့်တက်လာမှု အခြေအနေများနှင့် ပတ်သက်ပြီး ဖားအံမြို့ရှိ ရာဘာရောင်းဝယ်ရေးလုပ်ကိုင်နေသူ စောနေထွန်းအေးက ယခုလို ပြောသည်။

'ဒီတလောမှာ ဒေါ်လာငွေဈေးတက်တော့ နိုင်ငံတကာ ဝယ်လက်ဈေးလည်း မြင့်လာတယ်။ တောင်သူတွေ ဈေးကောင်းရတယ် ဆိုရမှာပေါ့။ ကျနော်တို့ဒိုင်တွေကတော့ ဈေးကျကျတက်တက် အမြတ်နှုန်းက ပိုမတက်ပါဘူး။ ပုံမှန်ထက် ရောင်းနိုင်၊ ဝယ်နိုင်၊ ပို့နိုင်တဲ့ပေါ်မှာပဲ တပေါင်ကို ငါးကျပ်၊ တဆယ် အကျိုးအမြတ်ယူပါတယ်။ အခုကတောင်သူတွေ လာရောင်းကြတာ ပုံနေရောပဲ။ တနေ့ကို ပေါင်ချိန် ၄ သောင်း ၅ သောင်းလောက် အဝယ်ပြုပေးနေရတယ်'ဟု ပြောသည်။

ရာဘာဈေးမှာ ပြီးခဲ့သည့် ၂၀၁၆ ဒီဇင်ဘာလအတွင်း နိုင်ငံခြားငွေ ဒေါ်လာဈေးမြင့်တက်စဉ် ရာဘာပြား အပါးအသန့် တပေါင်လျှင် ၁၁၀၀ ဝန်းကျင်ခန့်အထိ ဈေးကွက် အဝယ်ဈေးပေါက်ခဲ့ပြီး အထူပြားနှင့် မထူမပါး အပြားများမှာ ၈၀၀ /၉၀၀ ဈေးအထိ အဝယ်ဈေးဖြစ်ခဲ့ကြောင်း သိရသည်။

ယခု ၂၀၁၇၊ ဧနီနဝါရီလဆန်းပိုင်းတွင် အမေရိကန်ဒေါ်လာဈေး ပြန်လည်ကျဆင်းမှုကြောင့် အကြည်အပါး ရာဘာပြား တပေါင်လျှင် ၉၀၀ ကျော်နှုန်းခန့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ရာဘာအထူအပါးခြောက်သွေ့မှု သန့်ရှင်းသပ်ရပ်သည့် အရည်အသွေးများပေါ် မူတည်ပြီး ဈေးနှုန်းရာဂဏန်း အပြောင်းအလဲရှိကြောင်း ရာဘာခြံစိုက်တောင်သူများ၏ ပြောပြချက်အရ သိရှိရသည်။

ကော့ကရိတ်ခရိုင် ဝင်းကကျေးရွာအုပ်စုမှ ရာဘာလာရောက်ရောင်းချသူ မန်းတင်ရီက 'အခုကရွာကခြံတွေစုပြီး လာရောင်းတာ ဒီနှစ် ဈေးကောင်းတော့ အလုပ်သမားလည်းပျော်၊ အထွက်လည်းကောင်းတယ်။ ရွာမှာတော့ စိုက်ဧက ၁၀၀၀ ဝန်းကျင် ရှိတယ်။ ဓာတ်မြေသြဇာ အခက်အခဲတော့ နည်းနည်းရှိတယ်။ ကိုယ်သုံးချင်တဲ့ ဆေးတို့၊ ဓာတ်မြေသြဇာတို့က ဈေးကွက်မှာ ဝယ်မရတော့ အထွက်နှုန်းနဲ့ အရည်အသွေး ကွာတာတော့ ရှိတာပေါ့'ဟု ၎င်းက ဆိုသည်။

ကရင်ပြည်နယ် ဒေသထွက်ကုန် ရာဘာစေးအပြားများမှာ ဒေသတွင်း အဝယ်ဒိုင်များမှတဆင့် ရန်ကုန်၊ မန္တလေးနှင့် တရုတ် နိုင်ငံကုမ္ပဏီများမှ ဝယ်ယူကာ လူသုံးကုန်ပစ္စည်းများ၊ စက်ပစ္စည်း အစိတ်အပိုင်းများအဖြစ် ကုန်ချောထုတ်လုပ်သော စက်ရုံ၊ အလုပ်ရုံများရှိရာ ကမ္ဘာနိုင်ငံများသို့ တင်ပို့ရောင်းချသည့် ရာဘာထုတ်ကုန်ကုန်ကြမ်းများ ဖြစ်သည်။

ရာဘာပြား အရောင်းအဝယ်ဈေးကွက်မှာ ၂၀၁၃/ ၂၀၁၄/ ၂၀၁၅ ခုနှစ်က တပေါင်လျှင် ၅၀၀ ကျပ်၊ ၆၀၀ ကျပ် ဝန်းကျင်အထိ ဈေးနှုန်း ကျဆင်းမှုများကြောင့် ရော်ဘာအရောင်းအဝယ်နှင့် စိုက်ပျိုးသူ အငှားလုပ်ကိုင်သူတို့ အရှုံးပေါ်ခဲ့ပြီး ယခု ၂၀၁၆ ခုနှစ် နှစ်ကုန်ပိုင်းနှင့် ၂၀၁၇ ခုနှစ် နှစ်ဆန်းပိုင်းတွင် ဈေးနှုန်းပြန်လည် မြင့်တက်လာခြင်းဖြစ်သည်။

ကရင်ပြည်နယ်အတွင်း စိုက်ပျိုးရေးဌာန၏ ရာဘာစိုက်ဧက စာရင်းဇယားများအရ လက်ရှိ ရာဘာစိုက်ဧကပေါင်း ၂၆၈၁၀၀ ဧက ရှိကြောင်း စိုက်ပျိုးရေးဌာန တာဝန်ရှိသူများ၏ ပြောစကားအရ သိရှိရသည်။

မြန်မာရွှေ့ပြောင်းကျောင်းသူ/ကျောင်းသား(၁၅၆)ဦးအား ထိုင်းပညာရေးဌာန အသိအမှတ်ပြုလက်မှတ်ပေးအပ်

ဧန်နဝါရီ ၂၁ ရက်၊ ၂၀၁၇ ခုနှစ်
စဖန်းရှောင်း

ထိုင်းနိုင်ငံရှိ ပညာရေး ဖောင်ဒေးရှင်းတခုဖြစ်သည့် Suwanimit Foundation မှ ဖွင့်လှစ်သည့် သင်တန်းများတွင် တက်ရောက်ခဲ့သည့် ထိုင်း–မြန်မာနယ်စပ် လူမှုအဖွဲ့အစည်းများနှင့် မြန်မာရွှေ့ပြောင်းစာသင်ကျောင်းများမှ ကျောင်းသား/ကျောင်းသူ ၁၅၆ ဦးကို မဲဆောက်မြို့ရှိ တာ့ခ်ကွန်မြူနတီကောလိပ် (Tak Community College) မှ ထိုင်းပညာရေးဌာန အသိအမှတ်ပြု သင်တန်းဆင်း လက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းဆင်း လက်မှတ် ပေးအပ်ခြင်း အခမ်းအနားကို မြန်မာရွှေ့ပြောင်း ပညာရေးကျောင်း တခုဖြစ်သည့် ဆာသူးလေ အထက်တန်းကျောင်း၌ ဧန်နဝါရီ ၂၁ တွင် ကျင်းပခဲ့ပြီး Suwanimit Foundation မှ ဖွင့်လှစ်သည့် သင်တန်းများအတွက် ယင်းကောလိပ်မှ ပထမဆုံးအကြိမ်အဖြစ် သင်တန်းဆင်း လက်မှတ်များ ပေးအပ်ခဲ့ခြင်းဖြစ်သည်။

Suwanimit Foundation မှ ပညာရေး တာဝန်ခံ ဆရာ စောကွိက 'ဒီလိုလက်မှတ်ရခြင်းအားဖြင့် ဆက်တက်မယ့်သင်တန်း ဖြစ်ဖြစ် အလုပ်ခွင်ထဲမှာဖြစ်ဖြစ် ထိုင်းနိုင်ငံရဲ့ အသိအမှတ်ပြု လက်မှတ် ဖြစ်တဲ့အတွက် အလုပ်ခွင် ဝင်တဲ့အခါမှာ သူတို့တွေအတွက် အများကြီး အခွင့်အရေးတွေ ရှိလာမယ်'ဟု ကရင်သတင်းစဉ်သို့ ပြောသည်။

ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလမှစတင်ကာ Suwanimit Foundation က သင်တန်းများ ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ပြီး ယင်းသင်တန်းတွင် ကွန်ပျူတာ၊ အင်္ဂလိပ်စာ၊ ထိုင်းစာ၊ မြန်မာစာ၊ Decoration? Non-profit organization management နှင့် Community Development စသည့် ဘာသာရပ် ဆိုင်ရာများကို သင်ကြားပို့ချပေးခဲ့သည်။

Suwanimit Foundation မှ ဖွင့်လှစ်သည့် သင်တန်းများအတွက် အသက် ၁၅ နှစ်အထက်ရှိသူ မည်သူမဆို တက်ရောက်နိုင်ပြီး အချို့သော သင်တန်းများအတွက် အချိန် ၃ လခန့်ကြာမြင့်မည် ဖြစ်ပြီး သင်တန်း Course တခုအတွက် ပျမ်းမျှ ဘတ်ငွေ ၁၅၀ ခန့် ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းတွင် မယ်တော်ဆေးခန်း– MTC မှ ရုံးဝန်ထမ်းများ၊ Children Development Centre -CDC မှ ထိုင်းစာသင်ကြားသည့် ဆရာ၊ ဆရာမများ၊ Suwanimit Foundation မှ ရုံးဝန်ထမ်းများ၊ ဘုရားတောင်၊ ဟွေးခလုတ်စသည့် မြန်မာရွှေ့ပြောင်း ကျောင်းများမှ ကျောင်းသူ၊ ကျောင်းသားများ ပါဝင်ပြီး တာ့ခ်ကွန်မြူနတီ ကောလိပ်မှ ကျောင်းအုပ်ကြီးကိုယ်တိုင် အသိအမှတ်ပြု သင်တန်းဆင်း လက်မှတ်များ ပေးအပ်ခဲ့ခြင်း ဖြစ်သည်။

သင်တန်း တက်ရောက်ခဲ့သူ တဦးဖြစ်သည့် မယ်တော်ဆေးခန်းမှ စောမျိုးညွန့်က 'ကျနော် တက်တာ ထိုင်းဘာသာစကားသင်တန်းပေါ့။ ကိုယ်က ဒီမှာရွှေ့ပြောင်း အလုပ်သမား အဖြစ်ရှိနေတာဆိုတော့ ဒီနယ်မြေမှာ တစိတ်တပိုင်း အရ အထောက်အကူ ဖြစ်မယ်လို့ တော့ မြင်ပါတယ်။ နောက်ပြီး ဒီလက်မှတ်တွေက ထိုင်းပညာရေးဌာနက အသိအမှတ်ပြုထားတာဆိုတော့ အလုပ်လျှောက်တဲ့နေရာမှာ ဖြစ်ဖြစ် အသုံးဝင်မှာပါ'ဟု ပြောသည်။

ယနေ့ ကျင်းပသည့် သင်တန်းဆင်းလက်မှတ် ပေးအပ်ခြင်း အခမ်းအနားသို့ Suwanimit Foundation နှင့် တာ့ခ်ကွန်မြူနတီ ကောလိပ်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာရွှေ့ပြောင်း ကျောင်းများမှ ကျောင်းသူ၊ ကျောင်းသားများမှ အဆို၊ အက အစီအစဉ်များဖြင့် ဖျော်ဖြေ တင်ဆက်ခဲ့ကြသည်။

ထိုင်းနိုင်ငံရှိ ပညာရေး ဖောင်ဒေးရှင်းတခုဖြစ်သည့် Suwanimit Foundation က ဦးဆောင်ပြီး မြန်မာရွှေ့ပြောင်း ကျောင်းသူကျောင်းသားများအတွက် ရည်ရွယ်၍ တာ့ခ်ကွန်မြူနတီကောလိပ် တခုကို ၂၀၁၆ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့က ထိုင်းနိုင်ငံ၊ မဲဆောက်မြို့တွင် စတင်ဖွင့်လှစ်ပေးခဲ့ခြင်း ဖြစ်သည်။

ထိုင်းကျန်းမာရေးဌာနမှ ပေးအပ်သည့် ကျောင်းကျန်းမာရေးဆုကို မြန်မာရွှေ့ပြောင်းကျောင်း(၇)ကျောင်းရရှိ

ဧန်နဝါရီ ၂၇ ရက်၊ ၂၀၁၇ ခုနှစ်
စဖန်းရှောင်း

ထိုင်းနိုင်ငံ၊ တာ့ခ်ခရိုင် ကျန်းမာရေးဌာနနှင့် မဲဆောက်ဆေးရုံ အပါအဝင် ပညာရေး၊ ကျန်းမာရေး အသင်းအဖွဲ့များမှ ပေးအပ် ချီးမြှင့်သည့် ၂၀၁၆ ခုနှစ်အတွက် ကျောင်းကျန်းမာရေးဆု ၇ ဆုကို မြန်မာရွှေ့ပြောင်း ပညာကျောင်း ၇ ကျောင်းမှ အသီးသီး ရရှိသွားကြောင်း သိရသည်။

အဆိုပါ ဆုများကို တာ့ခ်ခရိုင် လက်ထောက်ကျန်းမာရေး တာဝန်ခံ ကိုယ်တိုင် ဧန်နဝါရီ ၂၆ ရက်နေ့က မဲဆောက်ဆေးရုံတွင် ပေးအပ်ခဲ့ခြင်းဖြစ်ပြီး ကျောင်းကျန်းမာရေး အစီအစဉ်တွင် ပါဝင်သည့် မြန်မာရွှေ့ပြောင်းကျောင်း ၁၁ ကျောင်းအနက် ၇ ကျောင်းကို ဆုအမျိုးအစား ၃ မျိုးဖြင့် ရွေးချယ်ပေးအပ်ခဲ့ခြင်းဖြစ်သည်ဟု ဆုရရှိသည့် ကျောင်းများအနက် အပါအဝင်ဖြစ်သည့် Children's Development Centre – CDC မှ ကျောင်းအုပ်ကြီး မန်းရွှေနှင်းက ပြောသည်။

သူက 'သူတို့ (ထိုင်းကျန်းမာရေးဌာန) အနေနဲ့ ဆုကို ရွေးချယ်တဲ့ နေရာမှာ သတ်မှတ်ထားတဲ့ ကျောင်းကျန်းမာရေးစံနှုန်း ၁၀ ချက်နဲ့ ကိုက်ညီတဲ့ကျောင်းတွေကို ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်ဆုတွေဆိုပြီး ပေးတာဖြစ်ပါတယ်'ဟု ကရင်သတင်းစဉ်သို့ ဧန်နဝါရီ ၂၇ တွင် ပြောသည်။

၂၀၁၆ ခုနှစ်အတွက် ကျောင်းကျန်းမာရေး ရွှေတံဆိပ်ဆုကို မြန်မာ ရွှေ့ပြောင်းကျောင်းများ ဖြစ်သည့် မြန်မာနိုင်ငံ အလုပ်သမားသွေးစည်း ညီညွတ်ရေးအဖွဲ့– BLSO ကျောင်းနှင့် New Wave၊ ငွေတံဆိပ်ဆုကို CDC နှင့် အာရုဏ်ဦး၊ ကြေးတံဆိပ်ဆုကို ပါရမီ၊ New Day နှင့် သုခဟာသ်ကျောင်းတို့မှ အသီးသီး ရရှိသွားကြောင်း သိရသည်။

ကျောင်းကျန်းမာရေး အစီအစဉ်အရ သတ်မှတ်ထားသည့် ကျန်းမာရေး စံနှုန်းများမှာ ရွှေ့ပြောင်းကျောင်းများဆိုင်ရာ မူဝါဒ၊ ကျောင်းစီမံခန့်ခွဲမှု၊ ကျောင်းနှင့် ရပ်ကွက်လူထုပါဝင်သည့် စီမံကိန်းအခြေအနေ၊ ကျန်းမာရေးနှင့် ညီညွတ်သည့် ကျောင်းပတ်ဝန်းကျင်၊ ကျန်းမာရေးဝန်ဆောင်မှု၊ ပညာပေးမှု၊ အဟာရနှင့် အစားအစာ ဘေးကင်း လုံခြုံမှု၊ လေ့ကျင့်ခန်းနှင့် စိတ်အပန်းဖြေခြင်း၊ နှစ်သိမ့်ဆွေးနွေးမှုနှင့် လူမှုရေးပံ့ပိုးမှုစသည့် အချက် ၁၀ ချက်ဖြစ်သည်ဟု သိရသည်။

ငွေတံဆိပ်ဆုရရှိသည့် CDC ကျောင်းမှ အဌမတန်းကျောင်းသားစောစိုးအဲဖောင်က 'ကျောင်းမှာက အမှိုက်ပုံးတွေကို အမှိုက်အမျိုးအစားလိုက် အပြာ၊ အစိမ်း၊ အဝါ၊ အနီ ဆိုပြီး ခွဲထားတယ်လေ။ အပြာက စားထားတဲ့မုန့် အိတ်ခွံတွေ ပစ်တာ။ အစိမ်းက စားကြွင်းစားကျန်တွေ။ အဝါက ဗူးခွံတွေနဲ့ အနီရောင်ပုံးက အန္တရာယ်ဖြစ်စေတတ်တဲ့ ပုလင်းကွဲတွေ၊ မှန်စတွေ ပစ်တာ အဲလိုခွဲထားတယ်။ ကျနော်တို့လည်း တော်တော် သန့်ရှင်းအောင် လုပ်ခဲ့ရတာပဲ။ အခုလိုကျောင်းက ဆုရတော့ ဝမ်းသာတာပေါ့'ဟု ပြောသည်။

ထိုင်း–မြန်မာနယ်စပ် တာ့ခ်ခရိုင်ရှိ မြို့နယ် ၄ မြို့နယ်တွင် မြန်မာရွှေ့ပြောင်း ပညာရေးကျောင်း ၆၄ ကျောင်းမှ ကျောင်းသူ/ ကျောင်းသားပေါင်း တသောင်းခွဝန်းကျင်နှင့် ဆရာ/ဆရာမ ၇၀၀ ကျော်ရှိသည်ဟု သိရပြီး အဆိုပါ မြန်မာ ရွှေ့ပြောင်းကျောင်းများထဲမှ ၁၁ ကျောင်းသာယင်း ကျောင်းကျန်းမာရေး အစီအစဉ်တွင် ပါဝင်နိုင်သေးသည်ဟု သိရသည်။

မြန်မာရွှေ့ပြောင်း ကလေးငယ်များ၏ ကျန်းမာရေးနှင့် ကျောင်းကျန်းမာရေး ဆောင်ရွက်မှုများတွင် သတ်မှတ်စံနှုန်းများနှင့်အညီ ဆက်လက် လုပ်ဆောင်နိုင်ရန်အတွက် ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်မှ စတင်ကာ ကျောင်းကျန်းမာရေး အစီအစဉ်ကို စတင် လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး ရွှေ၊ ငွေ၊ ကြေးတံဆိပ် ပေးအပ်မှုများကို ယခုနှစ်မှသာ စတင်ချီးမြှင့်ခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

နယ်စပ်ကျန်းမာရေးလုပ်သား(၃၉)ဦးကျန်းမာရေးအသိအမှတ်ပြုအောင်လက်မှတ်ရရှိ

ဧန်နဝါရီ ၁၄ ရက်၊ ၂၀၁၇ ခုနှစ်
စအိုင်ဆူး

ထိုင်း–မြန်မာနယ်စပ် အခြေစိုက် ကျန်းမာရေးလုပ်သားများအား အသိအမှတ်ပြုမှု ပိုမိုရရှိနိုင်ရန် ရည်ရွယ်ဖွင့်လှစ်သည့် လူထု ကျန်းမာရေး အောင်လက်မှတ် (Certificate in Public Health) ၏ အပတ်စဉ်(၅) သင်တန်းကျောင်းကို နယ်စပ်ဒေသရှိ ကျန်းမာရေးလုပ်သား ၃၉ ဦးက တက်ရောက်အောင်မြင်ခဲ့ပြီး သင်တန်းဆင်းပွဲကို ဧန်နဝါရီ ၁၄ ရက်နေ့က ထိုင်းနိုင်ငံ၊ မဲဆောက်မြို့၌ ပြုလုပ်ခဲ့သည်။

နယ်စပ်အခြေစိုက်သည့် မယ်တော်ဆေးခန်း– MTC၊ ကရင်ကျန်းမာရေးနှင့် ကယ်ဆယ်ရေးဌာန– KDHW၊ နယ်လှည့်ကျောပိုးအိတ် ကျန်းမာရေးလုပ်သားအဖွဲ့– BPHWT၊ Shoklo Malaria Research Unit -SMRU၊ မြန်မာနိုင်ငံ ဆေးပညာရှင်များ အသင်း– BMA နှင့် ဒုက္ခသည်စခန်းမှ ကျန်းမာရေး လုပ်သားများ အပါအဝင် စုစုပေါင်း သင်တန်းသား ၃၉ ဦးကို တပတ်လျှင် နှစ်ရက်၊ အချိန်ပိုင်းဖြင့် ၂၀၁၆ ခုနှစ်၊ မတ်လမှ ၂၀၁၇ ဧန်နဝါရီလအထိ ဆယ်လကြာ သင်ကြားပို့ချပေးခဲ့ခြင်းဖြစ်သည်။

သင်တန်းကျောင်း တာဝန်ရှိသူ စောအောင်သန်းဝေက 'ဒီနယ်စပ်က ကျန်းမာရေးလုပ်သားတွေကို မြန်မာအစိုးရကော၊ ထိုင်းအစိုးရကော အသိအမှတ်ပြုတာမျိုး မရှိဘူး။ အလုပ်သက်တမ်းနှစ် ဆယ်နဲ့ပဲချီချီ၊ ဘယ်လောက်ပဲ ကျွမ်းကျင်မှု ရှိပါစေ။ တခါတရံ အရေး

တဘက်စာမျက်နှာသို့ ▶▶▶

ကရင်တော်လှန်ရေးတွင် ဘုန်းကြီးရမ်ဘိုဟု ထင်ရှားသူ ဆရာတော်ဦးဝိဇာန ပုံ့လွန်တော်မူ

ဧနီနဝါရီ ၁၀ ရက်၊ ၂၀၁၇ ခုနှစ်
စောသိန်းမြင့်

ကရင်တော်လှန်ရေး ဘုန်းကြီးဟု ထင်ရှားသူ ဘုန်းကြီးရမ်ဘို (ဆရာတော် ဦးဝိဇာန) သက်တော် ၇၅ နှစ်၊ ဝါတော် ၅၆ ဝါသည် ၂၀၁၇ ခုနှစ်၊ ဧနီနဝါရီ ၉ ရက်နေ့တွင် မွန်ပြည်နယ်၊ မော်လမြိုင်မြို့ရှိ ငွေမိုးဆေးရုံ၌ ညနေ ၅ နာရီ ၂၀ မိနစ်အချိန်တွင် လူကြီးရောဂါဖြင့် ပုံ့လွန်တော်မူသွားခဲ့သည်ဟု သိရသည်။

ဆရာတော် ဦးဝိဇာနသည် ပြီးခဲ့သည့် ရက်အနည်းငယ်မှ စတင်ကာ နာမကျန်းဖြစ်ပွားပြီး ဝေမိုး အထူးကုဆေးရုံ၌ ၁၀ ရက်ကျော်ကြာ ဆေးကုသမှု ခံယူနေစဉ် ယခုလို ပုံ့လွန်တော်မူခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် ဆရာတော်ဦးဝိဇာန၏ ရုပ်ကလပ်တော်ကို ညီတော်ဖြစ်သူ ဦးဣန္ဒာသီရိ သီတင်းသုံးရာ မော်လမြိုင်မြို့၊ ဒိုင်းဝန်ကွင်းရှိ ဥဒါဟ ရုဏ် ကျောင်းတိုက်တွင် ပြန်လည်ထားရှိသည် ဟု ညီတော်ဖြစ်သူက မြွက်ကြားသည်။

ဦးဣန္ဒာသီရိက 'သူ ပုံ့လွန်တော်မူအပြီးမှာပဲ ဘုန်းကြီးရဲ့ ကျောင်းမှာ ရုပ်ကလပ်တော်ကို သယ်လာတယ်။ အခုလည်း ဘုန်းကြီးရဲ့ ကျောင်းတိုက်မှာပဲ ထားထားပါတယ်။ ဆွေမျိုးအသိုင်းအဝိုင်းနဲ့ သူရဲ့ အသိမိတ်ဆွေတွေ အားလုံးကို ဆိုင်ရာဆိုင်ရာကနေ အသိပေးမှုတွေ ဆက်လက် လုပ်ဆောင်နေပါတယ်'ဟု ကရင်သတင်းစဉ်သို့ မြွက်ကြားသည်။

ဆရာတော် ဦးဝိဇာနသည် ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ နဘူးကျေးရွာအုပ်စု အင်းရှည် (နို့ဖြူး)ကျေးရွာဇာတိဖြစ်ပြီး မွေးချင်းညီအစ်ကို ၅ ဦးအနက် စတုတ္ထမြောက်သား ဖြစ်သည်။ ဆရာတော်၏ ငယ်နာမည်မှာ စောကဒယ်ဖိုးဖြစ်ပြီး သက်တော် ၁၅ နှစ်တွင် ရှင်သာမဏေပြုကာ သက်တော် ၂၀ နှစ်တွင် ရဟန်းခံပြီးနောက် ရန်ကုန်မြို့သို့ ပညာတော်သင်ယူပြီး ဓမ္မကထိကဘွဲ့ကို ရယူခဲ့သည်။

၁၉၈၂ ခုနှစ်ကာလတွင် နေရပ်သို့ ခေတ္တပြန်လာနေထိုင်ပြီး ထိုကာလက ကရင်တော်လှန်ရေးနယ်မြေအတွင်း၌ သာသနာပြန့်ပွားရေးလုပ်ငန်းကို လုပ်ဆောင်ခဲ့ရာတွင် ကရင်အမျိုးသား အစည်းအရုံး (KNU)နှင့် ဆက်သွယ်သည်ဟု ဆိုကာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ (မဆလ)ခေတ်၌ အစိုးရ၏ ဖမ်းဆီးထောင်ချခြင်းကို ခံခဲ့ရသေးကြောင်း သိရသည်။

ဆရာတော်သည် KNU ဗဟို ဌာနချုပ်ဟောင်း မာနယ်ပလော၊ ဒုံးပလာယာခရိုင်အပြင် ထိုင်းနယ်စပ်ရှိ ဒုက္ခသည်စခန်းနှင့် မဲဆောက်မြို့များတွင် သီတင်းသုံးနေထိုင်ခဲ့ဖူးသည်။ တော်လှန်ရေးကာလတိုက်ပွဲအခြေအနေ ပြင်းထန်သည့် အချိန်တွင် ခါးကြားခ၌ သေနတ်ထိုး၍ တပည့်နှင့် သံယာတော်များ နှင့် အတူ သွားလာလှုပ်ရှားခဲ့သဖြင့် ဘုန်းကြီးရမ်ဘိုဟု လူသိများခဲ့သလို ကွယ်လွန်သူ KNU ဥက္ကဋ္ဌ ဟောင်း ဗိုလ်ချုပ်ကြီးစောဘိုမြ၏ မိတ်ဆွေရင်းတဦးလည်း ဖြစ်သည်။

ထို့အပြင် ဗေဒင်လက္ခဏာ ဟောခြင်း၊ ဆေးကုမှု အတတ်ပညာနှင့် အဆောင်လက်ဖွဲ့ အတတ်ပညာများကို နားလည်တတ်ကျွမ်းသည့် ဆရာတော်ဟူ၍ ၎င်းသီတင်းသုံးရာ အရပ်ဒေသများတွင် ကြည်ညိုကိုးကွယ်သူ များပြားသည့် ဘုန်းတော်ကြီးတပါးဖြစ်သည်။

KNU ခေါင်းဆောင်တဦးဖြစ်သူ ဒုံးပလာယာခရိုင် ဥက္ကဋ္ဌ ပဒိုစောရွှေမောင်းက 'သူက ဘုန်းကြီးတပါး ဖြစ်ပေမယ့် ကရင့်အမျိုးသားအရေးနဲ့ ပတ်သက်လာရင် ကြိုးစားရုန်းကန် ဆောင်ရွက်ခဲ့တဲ့ ပုဂ္ဂိုလ်တဦးပါ။ KNU ကနေ DKBA ခွဲထွက်မသွားခင်မှာ မဖြစ်သင့်တာ မဖြစ်ရအောင် သူ့အနေနဲ့ အတော်အားထုတ် ကြိုးစားခဲ့တာတွေ ရှိတယ်။ အခု သူ ပုံ့လွန်တော်မူသွားတာဟာ ကရင်အမျိုးသားအရေး ဆောင်ရွက်ခဲ့တဲ့ ပုဂ္ဂိုလ်တဦး ဆုံးရှုံးခဲ့ရသလို ခံစားရတယ်'ဟု ကရင်သတင်းစဉ်သို့ ပြောသည်။

ဦးဝိဇာန ပုံ့လွန်တော်မူချိန်တွင် ညီတော် ဦးဣန္ဒာသီရိ သက်တော် ၇၀ နှစ်၊ ဝါတော် ၅၀ ဝါ တပါးကျန်ရစ်ခဲ့ပြီး ၎င်း၏ ရုပ်ကလပ်တော်ကို ဧနီနဝါရီလ ၁၆ ရက်နေ့၊ မွန်းလွဲ ၁ နာရီအချိန်တွင် မော်လမြိုင်မြို့ ရှမ်းစုရပ်၊ ဒိုင်းဝန်ကွင်းရှိ သရီးကုန်းတွင် မီးသင်္ဂြိုလ်မည် ဖြစ်သည်။

▶ **တဘက်စာမျက်နှာမှ**

ကြီးလာတာက အောင်လက်မှတ်ပေါ့နော်။ အဲ့အတွက် ကျနော်တို့က IRC, Thammasat တက္ကသိုလ်နဲ့ လက်တွဲပြီးတော့မှ ကျနော်တို့ သင်တန်းသားတွေကို အသိအမှတ်ပြုမှု ပိုမိုရရှိရေးအတွက် ဖြစ်ပါတယ်'ဟု ပြောသည်။

Thammasat တက္ကသိုလ်၊ မကွေး လူထုကျန်းမာရေး တက္ကသိုလ်နှင့် International Rescue Committee တို့၏ ကူညီပံ့ပိုးမှုဖြင့် မယ်တော်ဆေးခန်းမှ ဦးဆောင်ကာ အဖြစ်များသောရောဂါများ ကာကွယ်နည်း၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ကျောင်းကျန်းမာရေး၊ မိသားစု ကျန်းမာရေး၊ လူမှုပတ်ဝန်းကျင်နှင့် ပတ်သက်သည့် ကျန်းမာရေး၊ ရှေးဦးသူနာပြု စသည့် လူထုကျန်းမာရေးနှင့် သက်ဆိုင်သော ဘာသာရပ်များကို အဓိက သင်ကြားပေးခဲ့သည်။

SMRU အဖွဲ့မှ သင်တန်းသားစောထူးဘောက 'ကျနော် ရည်ရွယ်တာက အသိအမှတ်ပြု လက်မှတ်တခုရပြီး ရှေ့လာမယ့် အနာဂတ်မှာ ပူးပေါင်းလုပ်ဆောင်မှုကို အသိအမှတ်ပြုနိုင်ဖို့အတွက် ဖြစ်တယ်။ ဒီကရတဲ့ပညာတွေနဲ့ ကျနော့်အဖွဲ့အစည်းနဲ့အတူ ၄က်ဖျား၊ TB တိုက်ဖျက်ရေးတွေမှာ ပိုပြီးမှ ပြန်လုပ်ဆောင်သွားပါမယ်' ဟု ကရင်သတင်းစဉ်သို့ ပြောသည်။

ထိုနေ့ ပြုလုပ်သည့် သင်တန်းဆင်းပွဲသို့ Thammasat တက္ကသိုလ်မှ Prof. Aj. Stephane၊ ထိုင်းနိုင်ငံ၊ မဲဆောက်ခရိုင် လူထု ကျန်းမာရေး ဌာနမှ ကျန်းမာရေးအရာရှိ၊ သင်တန်း ဆရာ၊ ဆရာမများ၊ သင်တန်းသူ၊ သင်တန်းသားများနှင့် ၎င်းတို့၏မိသားစုဝင်များ အပါအဝင် စုစုပေါင်း ၁၀၀ ဦးကျော် တက်ရောက်ခဲ့ကြသည်။

လူထုကျန်းမာရေး အောင်လက်မှတ် သင်တန်းကျောင်းကို ၂၀၁၃ ခုနှစ်တွင် စတင်ခဲ့ပြီး အချိန်ပြည့် သင်တန်း ၆ လတာနှင့် အချိန်ပိုင်းသင်တန်း ၁၀ လကြာ သင်ကြား ပို့ချပေးသည့် တက္ကသိုလ်အဆင့် သင်တန်းကျောင်း ဖြစ်သည်ဟု သိရသည်။

(၆၉) နှစ်မြောက် ကရင်အမျိုးသားနေ့ အခမ်းအနားကို ရန်ကုန်ကရင်လူငယ်များ စုပေါင်းကျင်းပမည်

ဧနီနဝါရီ ၂၆ ရက်၊ ၂၀၁၇ ခုနှစ်
စောထွန်းလင်း

ဖေဖော်ဝါရီ ၁၁ ရက်နေ့တွင် ကျရောက်မည့် ၆၉ နှစ်မြောက် ကရင်အမျိုးသားနေ့ အခမ်းအနားကို ရန်ကုန်မြို့ပေါ်ရှိ ကရင်လူငယ်များ စုပေါင်း ဦးဆောင် ကျင်းပသွားမည်ဟု အခမ်းအနား ကျင်းပရေး ဦးဆောင်စီစဉ်နေသူ တဦးဖြစ်သည့် နန့်စန္ဒာက ကရင်သတင်းစဉ်သို့ ဧနီနဝါရီ ၂၆တွင် ပြောသည်။

သူမက 'လာမယ့် ကရင်အမျိုးသားနေ့ကို ရန်ကုန်မြို့၊ အင်းစိန်မြို့နယ် စိန့်ပီတာ စိန်ပေါလ် ဘုရားကျောင်းမှာ ကျင်းပသွားမယ်။ အခမ်းအနား ဖြစ်မြောက်ဖို့အတွက် ရန်ကုန်မှာရှိတဲ့ ကရင်လူငယ်တွေ တွေ့ဆုံ ညှိနှိုင်းပြီးတော့ တာဝန်တွေ ခွဲဝေထားတယ်။ ဘယ်အဖွဲ့အစည်း၊ ဘယ်သူ တဦးတယောက်ရဲ့ ငွေကြေးနဲ့ မဟုတ်ပဲ ရန်ကုန်မြို့ခံ ကရင် လူထု ဆီကနေ အလှူငွေ ကောက်မယ်။ ရလာတဲ့ငွေကြေးနဲ့ စနစ်တကျ လုပ်သွားဖို့ စီစဉ်နေတယ်'ဟု ပြောသည်။

အဆိုပါ ကရင်အမျိုးသားနေ့ကို ကရင်လူမျိုးများ မိမိတို့ အမျိုးသားနေ့ ဖြစ်ပေါ်လာပုံသမိုင်းကို သိရှိပြီး မိမိတို့ နေ့ထူးနေ့မြတ်များကို ပြန်လည်ဖော်ထုတ်ကာ စုစည်းညီညွတ်မှု ရှိစေရန် ရည်ရွယ်ကျင်းပခြင်း ဖြစ်သည်ဟု ဦးဆောင်စီစဉ်နေသူ တဦးဖြစ်သူ နော်အုန်းလှက ဖြည့်စွက်ပြောသည်။

၆၉ နှစ်မြောက် ကရင်အမျိုးသားနေ့ အခမ်းအနားကို အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ ဘူတာရုံလမ်း အမှတ်(၂၁၂၉) ရှိ စိန့်ပီတာ စိန်ပေါလ် ဘုရားကျောင်းဝင်း၌ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီ ၁၁ ရက်၊ နံနက် ၉ နာရီမှ နေ့လည် ၁ နာရီထိ ပြုလုပ်သွားမည်ဖြစ်ပြီး အခမ်းအနားတွင် အမျိုးသားနေ့ ဖြစ်ပေါ်လာပုံသမိုင်းနှင့် အမျိုးသားနေ့နှင့်သက်ဆိုင်သည့် ဟောပြောခြင်း အစီအစဉ်များ ထည့်သွင်းကျင်းပရန် လျာထားကြောင်း အခမ်းအနား စီစဉ်နေသူများထံမှ သိရသည်။

ထို့အပြင် ယခင်နှစ် ၆၈ နှစ်မြောက် ကရင်အမျိုးသားနေ့ အခမ်းအနားကို ရန်ကုန်မြို့ပေါ်တွင် ပြုလုပ်ရန် စီစဉ်ခဲ့ဖူးသော်လည်း သက်ဆိုင်ရာက ခွင့်မပြုသည့်အတွက် ရန်ကုန်မြို့ပေါ်တွင် အခမ်းအနား မပြုလုပ်နိုင်ခဲ့ဖူးသည့် အပေါ် ယခုနှစ်တွင် အလားတူ အဖြစ်မျိုး မဖြစ်အောင် စီစဉ်ထားသည်ဟု ဦးဆောင် စီစဉ်သူများက ပြောသည်။

လွပ်လပ်ရေးရပြီးစ မြန်မာနိုင်ငံတွင် ကရင်ပြည် ရရှိရေးအတွက် ဦးနု ဦးဆောင်သည့် ဖဆပလ အစိုးရထံ ကရင်လူထု လေးသိန်းကျော်က ၁၉၄၈ ခုနှစ်၊ ဖေဖော်ဝါရီ ၁၁ ရက်နေ့တွင် ဆန္ဒထုတ်ဖော်ခဲ့သည့်နေ့ကို အစွဲပြုပြီး ကေအဲန်ယူ–ကရင်အမျိုးသား အစည်းအရုံးက ၁၉၅၃ ခုနှစ်၊ နိုဝင်ဘာ ၂၃ ရက်နေ့တွင် ပြုလုပ်သည့် ပြည်လုံးဆိုင်ရာ ကော်သူးလေကွန်ဂရက်တွင် ယင်းနေ့ကို ကရင်အမျိုးသားနေ့ အဖြစ် သတ်မှတ်ခဲ့ခြင်း ဖြစ်သည်။

နှစ်စဉ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ကရင်အမျိုးသားနေ့ အခမ်းအနားများကို ကေအဲန်ယူ ထိန်းချုပ်နယ်မြေ အသီးသီးတွင် ပြုလုပ်လေ့ရှိပြီး ရန်ကုန်မြို့၌ ယမန်နှစ်က ပြုလုပ်ရန် စီစဉ်ထားခဲ့သော်လည်း သက်ဆိုင်ရာက ခွင့်မပြုသဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်၊ မန်းကလိပ်ကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့ ပြောင်းရွှေ့ ပြုလုပ်ခဲ့ရကြောင်း သိရသည်။

လှိုင်းဘွဲ့မြို့နယ်အတွင်း ရွာသူကြီးတဦး မိုင်းနင်းမိ

ဧနီနဝါရီ ၂၆ ရက်၊ ၂၀၁၇ ခုနှစ်

ကရင်အမျိုးသား အစည်းအရုံး–KNU ၏ နယ်မြေတခုဖြစ်သည့် ဖားအံခရိုင်၊ လှိုင်းဘွဲ့မြို့နယ်၊ ထီးချားရာရွာ အနီးတွင် ဧနီနဝါရီလ ၂၅ ရက်နေ့ မနက်ပိုင်းက ရွာသူကြီးတဦးမိုင်းနင်းမိပြီး ဒဏ်ရာအနည်းငယ် ရရှိသွားသည်ဟု ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော်–KNLA တပ်မဟာ(၇) ဌာနချုပ်မှ အရာရှိတဦး၏ ပြောပြချက်အရ သိရသည်။

ဌာနအရာရှိက 'မနေ့က မနက် ၇ နာရီလောက် ကျနော်တို့ တပ်မဟာ(၇) ၇င်ထဲမှာပဲ ရွာသားတယောက် မိုင်းနင်းမိတယ်။ ကျနော်တို့ဆီကို ရောက်လာတယ်။ ခြေသလုံးရယ်၊ ပေါင်နဲ့ ခြေဖဝါးတွေမှာ အနည်းငယ်သာ ဒဏ်ရာရသွားတယ်။ ခြေဖဝါးမှာ ရောင်ရမ်းပြီး အရည်ကြည်ဖုလေး ထွက်လာတယ်။ ပြတ်ထွက်တဲ့အထိတော့ မဖြစ်ဘူး'ဟု ကရင်သတင်းစဉ်သို့ ပြောသည်။

မိုင်းကြောင့် ဒဏ်ရာရရှိသွားသူမှာ အဆိုပါ ထီးချားရာ သူကြီးဖြစ်သူ အသက် ၅၃ နှစ်အရွယ် စောလား ဆိုသူဖြစ်ပြီး လက်ရှိ KNLA တပ်မဟာ(၇) ဆေးခန်းတွင် ဆေးကုသမှု ခံယူနေရဆဲ ဖြစ်ကြောင်း သိရသည်။

အဆိုပါ မိုင်းများမှာ DKBA (ခွဲထွက်)မှ ဗိုလ်ဘိတို့ ထောင်ထားသည့် မိုင်း ဖြစ်ကြောင်း KNLA ဘက်မှ ပြောဆိုမှုများရှိသော်လည်း ယင်းပြောဆိုမှုများအပေါ် DKBA ခွဲထွက်အဖွဲ့ကို ကရင်သတင်းစဉ် အနေဖြင့် ဆက်သွယ်မေးမြန်း၍ မရသလို သီးခြား အတည်ပြုနိုင်ခြင်း မရှိသေးပေ။

၎င်း DKBA ခွဲထွက်မှာ မဲ့သဝေါဒေသအတွင်း တိုက်ပွဲများ ဖြစ်ပွားပြီးနောက် KNLA တပ်မဟာ(၇) နယ်မြေအတွင်း ဝင်ရောက်လှုပ်ရှားကာ ရွာအနီးဝန်းကျင်တွင် မိုင်းများ လာရောက်ထောင်ထားသည့် အခြေအနေများ ရှိလာကြောင်းလည်း အဆိုပါ KNLA အရာရှိက ပြောသည်။

DKBA ခွဲထွက်အနေဖြင့် လာရောက် ပူးပေါင်းမည်ဆိုပါက ကြိုဆို လက်ခံကြောင်း ပြီးခဲ့သည့် ၂၀၁၆ ခုနှစ် အောက်တိုဘာ ၄ ရက်နေ့က KNU ဘက်မှ သဘောထား ထုတ်ပြန်ထားသော်လည်း ခွဲထွက် အဖွဲ့ဘက်မှ ယနေ့ထိ လာရောက်ပူးပေါင်းသူ တဦးတယောက်မှ မရှိကြောင်းလည်း KNU ဘက်မှ ပြောဆိုမှုများအရ သိရသည်။

အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲလမ်းကြောင်းအပေါ်

ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ပဒိုမန်းမန်းမန်း

အား ဆက်သွယ်မေးမြန်းခြင်း

ကရင်ပြည်နယ် ဖားအံမြို့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲမှာ တင်သွင်းတဲ့စာတမ်းတွေက ကရင်လူထုတရပ်လုံးကို ဘယ်လောက်ထိ လွှမ်းခြုံနိုင်ပါသလဲ။ အားရကျေနပ်မှု ရှိပါလား။

နံပါတ်တစ်အချက်အနေနဲ့ပြောရရင်တော့ ဒီဟာတွေက KNU ရဲ့ နိုင်ငံရေးရည်မှန်းချက်တွေနဲ့ တထပ်တည်းဖြစ်တယ်လို့တော့ ကနဦးပြောချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ ကိစ္စနဲ့ပတ်သက်ပြီးတော့ ဖက်ဒရယ်ပြည်ထောင်စု အခြေခံမူ ၈ ချက်ကို ပြီးခဲ့တဲ့ ၂၀၀၅ ခုနှစ်ကတည်းက အစပျိုးချမှတ်ခဲ့တဲ့ အခြေခံမူတွေလို့ ပြောလို့ရတယ်။

နောက်ပြီးတော့ ကရင်နိုင်ငံရေးပါတီတွေ၊ ဒေသအလိုက်ဖြစ်တဲ့ တိုင်းနဲ့ပြည်နယ်တွေအပြင် ဘာသာရေးခေါင်းဆောင်တွေလည်း ပါလာတယ်ဆိုတော့ ဒါဟာ တမျိုးသားလုံးရဲ့ နိုင်ငံရေးရည်မှန်းချက်တွေအပေါ်မှာ သဘောတူချမှတ်နိုင်ခဲ့တယ်လို့ ပြောလို့ရတယ်။ ဖက်ဒရယ်ပြည်ထောင်စု အခြေခံမူသာမကဘဲနဲ့ ပြည်နယ်ဖွဲ့စည်းပုံဥပဒေနဲ့ ပတ်သက်ပြီးတော့မှ လမ်းညွှန်ချက် အခြေခံမူ ၈ ချက်ကိုပါ သဘောတူ ဆုံးဖြတ်နိုင်ခဲ့တဲ့အတွက် ကျေနပ်အားရမှုရှိတယ်လို့တော့ ပြောလို့ရပါတယ်။

နောက်ပြီး ဆွေးနွေးပွဲကနေ ထွက်ရှိလာတဲ့ရလဒ်တွေအပေါ်မှာ အဆင့်ဆင့် ဘယ်လိုပုံစံနဲ့ သွားကြမလဲဆိုတာ ရှင်းပြပေးပါခင်ဗျာ။

အခုထွက်ရှိလာတဲ့ရလဒ်တွေက လုပ်ငန်းကော်မတီအဖွဲ့ကနေတဆင့် UPDJC ကို ရောက်မယ်။ အဲဒီကနေ ဖြတ်ကျော်ပြီးမှ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံလို့ခေါ်တဲ့ ၂၁ပင်လုံကိုရောက်မယ်။ ဒီအဆင့်တွေမှာတော့ အခက်အခဲတွေ အများကြီး ရှိပါတယ်။ ခုနကပြောတဲ့ ကရင်တမျိုးသားလုံးရဲ့လိုလားချက်ဖြစ်တဲ့ ဖက်ဒရယ် ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ဖို့အတွက် အခြေခံမူတွေကို ရထားသော်ငြားလည်း ငြိမ်းချမ်းရေးဆွေးနွေးပွဲမှာ ဒါတွေကျလာဖို့ အဆင့်တွေများစွာ ကျော်ဖြတ်ရအုံးမှာ ဖြစ်ပါတယ်။

ဒီအဆင့်တွေကလည်း ဆုံးဖြတ်ချက်ကို ဘယ်လိုချကြမလဲ ဆိုတဲ့ အချက်ပေါ်မှာ အခြေခံပြီးတော့မှပဲ လက်ရှိ အခင်းအကျင်းအရကတော့ ကျော်နိုင်ဖို့ အကန့်အသတ်တွေ အများကြီး ရှိနေတယ်လို့ ပြောရမှာ ဖြစ်ပါတယ်။ သို့သော်လည်းဘဲ ဒါက ကျနော်တို့ နိုင်ငံရေး ရည်မှန်းချက်လည်း ဖြစ်တယ်။ ကရင်တမျိုးသားလုံးသာမကဘဲနဲ့ တနိုင်ငံလုံးနဲ့ သက်ဆိုင်နေတဲ့အတွက် ဒါကို ကျနော်တို့ တစိုက်မတ်မတ် တောင်းဆိုသွားမှာပဲ ဖြစ်ပါတယ်။ ထို့အတူပဲ ကေအဲန်ယူအနေနဲ့ ဒီနိုင်ငံရေးရပ်တည်ချက်အပေါ် မှာပဲ ရပ်တည်ကိုင်စွဲသွားမှာဖြစ်ပါတယ်။

ညီလာခံဆိုတာကလည်း ၆ လတကြိမ်ဖြစ်တဲ့အတွက် မကြာခင် အချိန်လေးမှာဆိုတော့ ဒီအဆင့်တွေကျော်ဖို့ အကန့်အသတ်တွေ အများကြီးဖြစ်သွားတဲ့ပုံပဲ။ အချိန်ကာလအရတင်မကပဲ ဆုံးဖြတ်ချက်တွေချတဲ့နေရာမှာ ဥပမာအားဖြင့် လုပ်ငန်းကော်မတီဘက်ကလည်း ကျနော်တို့ရဲ့ စာတမ်းတွေကို ဘယ်လိုဆုံးဖြတ်မလဲဆိုတာကအစ ဒါက အခက်အခဲ၊ အကန့်အသတ်တခု ဖြစ်မယ်။ နောက်တခုက UPDJC ကနေမှ နောက်ဆုံး ငြိမ်းချမ်းရေးညီလာခံကနေ ကျနော်တင်ပြချက်တွေကို ဘယ်လို ဆုံးဖြတ်ချက်ရယူမလဲဆိုတဲ့ အခက်အခဲတွေ အများကြီး ကျော်လွှားရမှာ ဖြစ်ပါတယ်။ ဒီအပေါ်မှာ အခြေခံပြီးတော့ ကျနော်တို့ လိုလားချက်တွေ ဘယ်လောက်အထိ ရလာမလဲဆိုတာ ကျနော်တို့ဘယ်လိုမှ တထစ်ချပြောလို့ မရဘူး။

နောက်တခုက နိုင်ငံရေးဆွေးနွေးပွဲနဲ့ နိုင်ငံရေးရလဒ်ဆိုတာက တခုနဲ့တခု ဆက်စပ်နေတဲ့အပိုင်း ဖြစ်ပါတယ်။ ဆိုလိုတာက ဟိုအပိုင်းကတော့ မရသေးဘူး။ ဒီအပိုင်းကိုတော့ ရမယ်ဆိုတာမျိုး သွားတာထက် စာရင် တစုံလုံးရဲ့ရလဒ် အထူးသဖြင့် အခြေခံမူတွေကိုတော့ ကျဖို့လိုမယ်ပေါ့နော်။ ဒီအခိကကျတဲ့ အခြေခံမူတွေကို အားလုံးက သဘောထားကျပြီး လက်ခံဖို့ လိုပါတယ်။ ဒီအခြေခံမူတွေရပြီးမှသာလျှင် ကျနော်တို့ ရှေ့ဆက်တိုးလို့ရမယ်။ ဒီအခြေခံမူတွေ မရသေးဘဲနဲ့ တချို့သော လုပ်ငန်းစဉ်တွေနဲ့ပဲ ခုနပုံကျော်လွှားသွားမယ်ဆိုရင်တော့ ကျနော်တို့ အတွက်က ရှေ့နောက်ပြန်ပြီး ထိန်းညှိရတာက အများကြီး အခက်အခဲဖြစ်သွားမယ်။ ဒီအခြေခံမူတွေ၊ လမ်းညွှန်ချက်တွေကိုတော့ ကနဦးအစပိုင်း နိုင်ငံရေးရလဒ်အဖြစ် ကျသွားအောင်တော့ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

လုံခြုံရေးဆိုင်ရာ ကဏ္ဍနဲ့ပတ်သက်ပြီး အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲမှာ ထည့်သွင်း မဆွေးနွေးရတဲ့အကြောင်း ရှင်းပြပေးပါအုံး ဆရာ။

ကဏ္ဍကြီး ၄ ရပ်မှာတောင် ဒီနိုင်ငံရေးကဏ္ဍက အဓိကပိုကျပါတယ်။ လုံခြုံရေးဆိုင်ရာကဏ္ဍ မပါလာနိုင်သေးတာကတော့ ကျနော်တို့အနေနဲ့ စိုးရိမ်စရာဖြစ်တယ်။ လုံခြုံရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေး ဆိုတာကလည်း နိုင်ငံရေးရလဒ်ပေါ်မှာ အခြေခံပြီးတော့မှ တထပ်တည်းသွားဖို့ လိုပါတယ်။ ဒါကိုလည်း ကျနော်တို့ကေအဲန်ယူက ပြည်ထောင်စု တပ်မတော်ကို ဘယ်လို ထားမလဲ။ လုံခြုံရေးဆိုင်ရာမူဝါဒ ဘယ်လိုထားမလဲ။ ပြည်ထောင်စုတပ်မတော် ဘယ်လိုစုဖွဲ့မလဲ။ ပြည်နယ်တပ်မတော် ဘယ်လို စုဖွဲ့မလဲ။ ကြားကာလမှာ ဘယ်လိုရပ်တည်မလဲဆိုတဲ့ ကျနော်တို့ဆီမှာ အခြေခံမူတွေ ရှိထားပြီးသားအပေါ်မှာ ဒီအတိုင်းပဲ ကျနော်တို့ ဆက်ရပ်တည်မှာဖြစ်တယ်။ ဒါတွေကိုတော့ ကျနော်တို့ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံမှာ တင်နိုင်သည်ဖြစ်စေ၊ မတင်နိုင်သည်ဖြစ်စေ ကျနော်တို့ချမှတ်ထားတဲ့ ဒီအခြေခံမူတွေအပေါ်မှာပဲ ရပ်တည်ကိုင်စွဲသွားမှာ ဖြစ်ပါတယ်။

တနင်္သာရီတိုင်းဒေသကြီးမှာလည်း ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေ ပြုလုပ်တဲ့အပေါ်မှာ ဘယ်လိုမြင်ပါသလဲ။

UPDJC က ချမှတ်အတိုင်း ခေါင်းစဉ်ကတော့ ဒီ ၄ ခုပဲလို့ သိရပါတယ်။ အဲဒီအပေါ်မှာ ခေါင်းစဉ်တူပေမယ့်လည်း သူတို့တွေတင်ပြလာတဲ့ စာတမ်းတွေမှာ တချို့ဟာတွေကတော့ ကွဲလွဲမှုရှိကောင်းရှိနိုင်တယ်။ ဒါကြောင့်မို့ အထူးသဖြင့် မြေယာနဲ့ ပတ်သက်ပြီး အများကြီး ရှုပ်ထွေးလာနိုင်တယ်။ တကယ်လို့သာ ဒါကို ပူးပေါင်းပြီး စနစ်တကျနဲ့ မချမှတ်နိုင်ဘဲနဲ့ ဒေသအလိုက် တခုလုပ်လိုက်၊ လူမျိုးအလိုက် တခုလုပ်လိုက်နဲ့ လူမျိုးဆိုတာကလည်း အများကြီးရှိတယ်။ ဒါတွေကို သေချာမူဘောင် မချနိုင်ဘဲနဲ့ ဒီလိုပဲဖွင့်ပြီးတော့သာ ဆောင်ရွက်မယ်ဆိုရင် ပြဿနာတွေကို ဖြေရှင်းတာထက် ရှုပ်ထွေးမှုတွေ ပိုဖြစ်လာမှာကို ကျနော်တို့ စိုးရိမ်မိပါတယ်။ ဒါတွေကလည်း ထည့်သွင်းစဉ်းစားရမယ့် အချက်တွေ ထဲမှာ ပါပါတယ်။

နောက်ဆုံးအနေနဲ့ ဘာများ ပြောချင်ပါသေးလဲခင်ဗျာ။

အချုပ်အနေနဲ့ ပြောရမယ်ဆိုရင်တော့ ဖားအံပွဲမှာ အထူးသဖြင့် ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံ ဥပဒေမှ ၈ ချက်ကို သဘောတူ ချမှတ်နိုင်ခဲ့တယ်။ ပြည်နယ်ဖွဲ့စည်းပုံ အခြေခံမူ ၈ ချက်ကိုလည်း သဘောတူ ချမှတ်နိုင်ခဲ့တယ်။ ဒီအပေါ်မှာပဲ အခြေခံပြီးတော့ ကျနော်တို့နဲ့အတူ တိုင်းရင်းသားအားလုံး စုစည်းညီညွတ်စွာနဲ့ ဒီအပေါ်မှာ ရပ်တည်ဆောင်ရွက်သွားဖို့ လိုအပ်မယ်လို့ပဲ ပြောချင်ပါတယ်။

ဖလုံ–စဝေါ် ဒီမိုကရက်တစ်ပါတီ ကော့မှူးတွင် ကြားဖြတ်ရွေးကောက်ပွဲ ဝင်ပြိုင်မည်

ဧန်နဝါရီ ၁၇ ရက်၊ ၂၀၁၇ ခုနှစ်
စောထွန်းလင်း

ကရင်ပြည်နယ်၊ ဖားအံမြို့ အခြေစိုက် ဖလုံ–စဝေါ် ဒီမိုကရက်တစ်ပါတီက လာမည့် ဧပြီ ၁ ရက်နေ့တွင် ပြုလုပ်မည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်နေရာ ဝင်ပြိုင်သွားမည်ဟု ပါတီဒုဥက္ကဋ္ဌ မန်းအောင်ပြည်စိုးက ဧန်နဝါရီ ၁၇ တွင် ကရင်သတင်းစဉ်သို့ ပြောသည်။

ၜင်းက 'ဖလုံ–စဝေါ်ပါတီ အနေနဲ့ တနိုင်ငံလုံးကို လွှမ်းခြုံဖို့ ကြိုးစားနေတယ်။ အခုလာမယ့် ကြားဖြတ် ရွေးကောက်ပွဲမှာ ကော့မှူးမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်နေရာကို ဝင်ပြိုင်သွားမယ်။ ကရင်လူမျိုးတွေ အများစု နေထိုင်တဲ့မြို့မှာ ကရင်ပါတီ တခု ဝင်ပြိုင်တာ မဆန်းပါဘူး' ဟု ကရင်သတင်းစဉ်သို့ ပြောသည်။

အဆိုပါ ကော့မှူးမြို့နယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် နေရာကို ဖလုံ–စဝေါ် ဒီမိုကရက်တစ်ပါတီ ကိုယ်စားပြု ကိုယ်စားလှယ်လောင်း စောတင်ဝင်း ဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်ပြီး ရွေးကောက်ပွဲ အနိုင်အရှုံးထက် ယှဉ်ပြိုင်ခြင်းသည်သာ အဓိကဟု မှတ်ယူထားကြောင်း ၜင်းက ကရင်သတင်းစဉ်သို့ ယခုလိုပြောသည်။

'ကော့မှူးက ကရင်တိုင်းရင်းသား မဲဆန္ဒရှင်တွေ အနေနဲ့ ကရင်ပါတီကို အားပေးမယ်လို့ မျှော်လင့်ထားတယ်။ ကြားဖြတ်ရွေးကောက်ပွဲက ခက်ခဲမယ်ဆိုတာတော့ သိတယ်။ တကယ်လို့ အရွေးခံရရင် လူမှုဘဝ ဖွံ့ဖြိုးအောင် လုပ်သွားမယ်။ ဥပမာ ရေမရှိရင် ရေရအောင်၊ မီးမရှိရင် မီးရအောင်ပေါ့။ ပါတီကတော့ ရွေးကောက်ပွဲနီးလာရင် မဲဆွယ်စည်းရုံးရေး လုပ်ငန်းတွေ လာကူလုပ်ပေးဖို့ ရှိပါတယ်' ဟု စောတင်ဝင်းက ပြောသည်။

လာမည့် ကြားဖြတ် ရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော် ၉ နေရာ၊ အမျိုးသားလွှတ်တော် ၃ နေရာနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် ၇ နေရာတို့တွင် ပြုလုပ်သွားမည်ဖြစ်ပြီး ကော့မှူးမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်နေရာကို အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ ဖလုံ–စဝေါ် ဒီမိုကရက်တစ်ပါတီ အပါအဝင် ပါတီ ၈ ခုနှင့် တသီးပုဂ္ဂလ ကိုယ်စားလှယ် တဦးအပါအဝင် ၉ ဦး ဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသည်။

ကရင်ပြည်နယ် အခြေစိုက် ဖလုံ–စဝေါ် ဒီမိုကရက်တစ်ပါတီ အနေဖြင့် ရန်ကုန်တိုင်း ဒေသကြီး ၌ ၂၀၁၀ ရွေးကောက်ပွဲတွင် ကျောက်တံတားမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်တွင် လည်းကောင်း၊ ၂၀၁၅ ရွေးကောက်ပွဲတွင် တာမွေမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်တွင်လည်းကောင်း ဝင်ရောက် ယှဉ်ပြိုင်ဖူးသော်လည်း အနိုင်မရရှိခဲ့ကြောင်း ပါတီ တာဝန်ရှိသူများထံမှ သိရသည်။

ပြည်နယ်တွင်း အခြေစိုက် ကရင်ပါတီ (၃)ခု ပေါင်းစည်းရေး ဖေဖော်ဝါရီတွင် စတင်ဆွေးနွေးမည်

ဧန်နဝါရီ ၈ ရက်၊ ၂၀၁၇ ခုနှစ်
စောထွန်းလင်း

ကရင်ပြည်နယ်အတွင်း အခြေစိုက် ကရင်ပါတီ ၃ ခု ပေါင်းစည်းရေးအတွက် လာမည့် ဖေဖော်ဝါရီတွင် စတင်ဆွေးနွေးရန် လျာထားသည်ဟု ဖလုံ–စဝေါ် ဒီမိုကရက်တစ်ပါတီ အထွေထွေ အတွင်းရေးမှူး စောကြည်လင်းက ဧန်နဝါရီ ၆ ရက်နေ့တွင် ပြောသည်။

စောကြည်လင်းက 'အခု လောလောဆယ် ကရင်ပါတီ ၅ ခု ပေါင်းစည်းရေးအတွက် လုပ်နေတဲ့ လုပ်ငန်းစဉ်လေးတွေ ရှိတယ်။ ဒါက တခုပေါ့နော်။ အခု ၅ ပါတီမှာ ကရင်ပြည်နယ်ထဲ အခြေစိုက်တဲ့ ပါတီ ၃ ခု၊ ပေါင်းစည်းရေးအတွက် လာမယ့် ဖေဖော်ဝါရီမှာ ဆွေးနွေးဖို့ ပြောဆိုထားတာ ရှိတယ်။ လောလောဆယ် ပါတီတွေလည်း လုပ်ငန်းစဉ်တွေ များနေတဲ့အတွက် ဖေဖော်ဝါရီကျမှ ဆွေးနွေးဖို့ ပြောဆိုထားတာပါ'ဟု ပြောသည်။

ထို့အပြင် ကရင်တိုင်းရင်းသားပါတီများအနေဖြင့် ပေါင်းစည်းရေး လုပ်ကိုင်ရာတွင် မအောင်မြင်ဘဲ ပါတီသစ်များ ထပ်မံပေါ်ထွက်လာသည်ကို တွေ့နေရသလို ပေါင်းစည်းရေးအောင်မြင်သည့် ရခိုင်ပါတီများပင်လျှင် ခိုင်ခိုင်မာမာ မဖြစ်သေးသည့် အခြေအနေများ တွေ့နေရသည့်အတွက် ကရင်ပါတီများလည်း သတိပြုလုပ်ကိုင်သွားရန် လိုသည်ဟု စောကြည်လင်းက ဆက်ပြောသည်။

လက်ရှိ ကရင်ပါတီ ၅ ခုဖြစ်သည့် ပြည်နယ်အခြေစိုက် ဖလုံ–စဝေါ် ဒီမိုကရက်တစ်ပါတီ၊ ကရင် ဒီမိုကရက်တစ်ပါတီ၊ ကရင်ပြည်နယ် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးရေးပါတီ၊ ရန်ကုန်မြို့အခြေစိုက် ကရင်ပြည်သူ့ပါတီ၊ ကရင်အမျိုးသားပါတီတို့ ပေါင်းစည်းရေးအတွက် ဆွေးနွေးနေသော်လည်း အဆင်မပြေသေးဘဲ ယခုလို ပြည်နယ်အခြေစိုက် ကရင်ပါတီသုံးခု ပေါင်းစည်းရေး ဆွေးနွေးသွားရန် စီစဉ်လာခြင်းဖြစ်ကြောင်း ပါတီတာဝန်ရှိသူများထံမှ သိရသည်။

ကရင် ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌ စောရဲဝင်းနိုင်က 'ပါတီတွေ ပေါင်းစည်းရေးအတွက်က အမျိုးသားရေးစိတ် အခြေခံနဲ့ လုပ်သွားရင် အောင်မြင်မယ်။ ပုဂ္ဂိုလ်ရေး အခြေခံနဲ့ လုပ်မယ်ဆို အောင်မြင်ဖို့ ခက်တယ်။ ပြည်နယ် အခြေစိုက် ပါတီတွေမှာလည်း ပါတီအလိုက် အားကောင်းတဲ့နယ်မြေတွေ ရှိတယ်။ ပူးပေါင်းလုပ်မယ်ဆို အားပိုကောင်းလာမယ်လို့ မြင်တယ်'ဟု ဧန်နဝါရီ ၆ ရက်နေ့တွင် ကရင်သတင်းစဉ်သို့ ပြောသည်။

ယခုလို ပြည်နယ်အခြေစိုက် ကရင်ပါတီ ၃ ခု ပေါင်းစည်းရေး ဆွေးနွေးသွားရန် ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလအတွင်းက အလွတ်သဘော တွေ့ဆုံစဉ် ဖေဖော်ဝါရီတွင် စတင် ဆွေးနွေးရန် သဘောတူခဲ့ခြင်းဖြစ်သည်ဟု သက်ဆိုင်ရာ ပါတီတာဝန်ရှိသူများက ပြောသည်။ လက်ရှိ ကရင် ၅ ပါတီ ပေါင်း စည်းရေးအတွက် ၂၀၁၅၊ နိုဝင်ဘာ ၂၂ ရက်နေ့ကတည်းက စတင် ဆွေးနွေးခဲ့သော်လည်း လက်ရှိအ ချိန်ထိ အောင်မြင်မှု မရရှိသေးဘဲ ဆွေးနွေးပွဲများ ရပ်တန့်နေကြောင်း ပါတီတာဝန်ရှိသူများထံမှ သိရသည်။

လက်နက်ရှင်

ထောင့်ကိုးရာခြောက်ဆယ် (၁၀)တန်းအောင်
ထောင့်ကိုးရာခြောက်ဆယ့်ငါးမှာ
သူဟာ နိုင်ငံရေးသိပ္ပံဘွဲ့နဲ့ ကျောင်းပြီးလို့
တို့အတွက် သီးပွင့်လာခဲ့တယ်
တကယ်ပါ တောကျောင်းကျေးရွာလေးရေ
ရွှေကြာကြီးတပွင့်
သင် ထမ်းပင့်မွေးထုတ်ပေးခဲ့တာ ကျေးဇူးပါ။

အရှုတ်အထွေး အလိမ်အညာများ
ကျောသားရင်သား ခွဲခြားတဲ့
စနစ်ရဲ့ ခေတ်လမ်းကြမ်းကြီးကြား
မှန်တရားကို သက်သေပြမယ်တဲ့
သူ လာခဲ့တယ် ပဲခူးရိုးမကြီးရေ
မြေလိုက္ပျင့်တဲ့ ရင်ဘတ်ကြီးနှင့်
အဆင့်ဆင့်ဇာတ်လမ်း ဇာတ်ရာ
ထောင့်ကိုးရာ ခြောက်ဆယ့်ငါးမှာ စခဲ့တယ်။

လောဘတွေ ဒေါသတွေ
အတ္တတွေ ဆုံးရှုံးနစ်နာမှုတွေ
ဝေဒနာ မည်ဿမှုတွေ
ပေကျံ့စွန်းထင်း နစ်ဝင်နေကြ
ဗကပနဲ့ ကေအဲန်ယူပီတို့ရဲ့
ဝါဒနဲ့ သဘောတရား တိုက်ပွဲအကြား
ကြားနေရင်း လေ့လာသင်ယူရင်း
တိုင်းရင်းသားလူမျိုးများရဲ့
တူညီတဲ့ တန်းတူရေး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်
အလင်းပွင့်ကြယ်စင်
သခင်ချစ် မကွယ်လွန်မီလေး
အရ ယူပေးနိုင်ခဲ့တယ်။

ငါးနှစ်ကြာ တရုတ်ခရီးစဉ်ဝယ်
ဒီမယ် သခင် ဗသိန်းတင်ရေ
တပြေ(ပြည်)ထောင်စနစ်နဲ့
ခင်ဗျားရဲ့ ပစ္စည်းမဲ့အာဏာရှင်ဝါဒ
ဗကပသာလျှင် ရင်ဆိုင်
နိုင်ငံရေးကြမ္မာကို ဖန်တီးနိုင်မယ်
အလွယ်ဆိုတဲ့စကား
တိုင်းရင်းသားတွေရဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တွေ
သဲထဲရေသွန်သလို
မှောင်ညိုတိမ်ဖုံး ဖြစ်ခဲ့ရဖူးပြီ။

မြောက်ပိုင်းမဟာမိတ်နဲ့ ဗကပ
စစ်မဟာမိတ်စာချုပ်ရဲ့အပြစ်
ရှစ်ဆယ့်ခြောက်ခုနှစ်မှာ
သူဟာ သာမန်ရဲဘော်ဘဝနဲ့ပဲ
တလွဲဒဏ်သင့်ခံခဲ့ရဖူးတယ်။

နွံမနစ်တဲ့ရွှေကြာ
သုံးနှစ်မှာ နလန်ထ
ဗိုလ်ချုပ်မြရဲ့ ကိုယ်ရေးအရာရှိအဖြစ်နဲ့လေ
အေဘီအက်စ်ဒီအက်ဖ်ကို
ပျိုမြစ်သစ်လွင်စွာ တည်ထောင်စုပျိုး
'သေ့ဘောဘိုး'ရေ နင် မှတ်မိနေအုံးမှာပေါ့နော်။

တဖက်လူကို အသက်ရှူကြပ်အောင်
လုပ်ဆောင်နေတဲ့ အာဏာရှင်စစ်အုပ်စု
တုပတွန်းလှန်နိုင်ဖို့ရာ
ညီညာတဲ့ တပ်ပေါင်းစုနဲ့သာ
လိုရာကို သွားနိုင်ကြမှာအမှန်
အဲန်စီယူဘီနဲ့ ဒီအေဘီ တပ်ပေါင်းကိုစုပြီး
ခရီးလမ်းကို စုစည်းပေးခဲ့တယ်။

၂၀၀၈ ဖေဖော်ဝါရီ ၁၄ အသွင်
ဗာလင်တိုင်း ချစ်သူများနေ့တွင်ပင်
ကရင့်တော်လှန်ရေး ကောင်းကင်ပြင်ကြီးမှာ
စစ်အာဏာရှင်ရဲ့လက်ဝေခံ
ကေအဲန်ယူရှိ လောက်ကောင်တချို့ကြောင့်
တောက်ပသော ကြယ်တပွင့်
ကြွေလွင့်သွားခဲ့ရရှာပြီ
အာဇာနည်ပီပီပါပဲ ပဒိုမန်းရှာ။

ရေဆန်ကလောင်လက်နက်နဲ့လေ
အသေခံ ထွက်ခဲ့တဲ့ဖထီး
ဒီခရီးမှာ ရေဆန်တဖက် သေနတ်တလက်
တို့တွက် ဒလစပ် ကာကွယ်ပေးခဲ့တယ်
တကယ် လက်သံပြောင်သလို
အပိုအလိုစကား မပြောခဲ့ရှာ
အာခံတွင်း ရဲရဲတောက်ခဲ့တဲ့ ဖထီး
နမျောပြီးရင်း နမျောမိပြီ
အဲဒီနေ့ အဲဒီနေရာ
ဖထီးသာ မရှိခဲ့ရင် အကောင်းသား။

တချို့က လက်နက်ကိုင် မူးယစ်ရာဇာ
တချို့မှာ လက်နက်ကိုင် နယ်ခြားစောင့်ကာ
တချို့မှာ လက်နက်ကိုင်တော်လှန်ရေးလုပ်စား
တချို့များ လက်နက်ကိုင် မက်လုံးထိုင်စား
တချို့များ လက်နက်ကိုင် ဒူးထောက်အညံ့မခံပြီ
ယုံကြည်ရာ ပန်းတိုင်အတွက်
ရှေ့ဆက်နေကြသူတွေရှိတယ် ဖထီး။

ကောင်းမွန်ရာ သုဂတိဘုံဌာန
ရွှင်ပြ အေးမြနေပါစေဖထီး
နေမင်းကြီးကွယ်ရင် လမင်းကြီးလာလိမ့်မယ်
တကယ်စံပြ ဖထီးလို
တာဝန်ကို သက်စွန့်ဆံဖျား
ထမ်းရွက်သွားရန်အတွက်
ကျုပ် လက်နက်ကိုင်ရန် လာနေပါပြီ ဖထီးရေ။

လက်ဘီပ
၂၃ ဇန်နဝါရီလ၊ ၂၀၁၇

လူငယ့်အသံ

"ပဒိုနော်စီဖိုးရာစိန်လို အမျိုးသမီး ခေါင်းဆောင်တဦးဖြစ်ချင်တယ်"

နိုင်ငံရေးကို စိတ်ပါဝင်စားတဲ့ အမျိုးသမီးလူငယ်တဦးဖြစ်ကာ လက်ရှိ အမျိုးသား နိုင်ငံရေးနယ်ပယ်မှာ ထင်ရှားကျော်ကြားတဲ့ ကေအဲန်ယူ–ကရင်အမျိုးသား အစည်းအရုံး၊ ဒုဥက္ကဋ္ဌ ပဒိုနော်စီဖိုးရာစိန်ကို အားကျပြီး သူလို ကရင်အမျိုးသားခေါင်းဆောင်တဦး ဖြစ်ချင်တယ်လို့ ဖွင့်ဟပြောဆိုလာသူကတော့ ပဲခူးတိုင်းဒေသကြီး၊ ကရင် လူငယ်ကွန်ရက် အဖွဲ့ဝင် နော်ထားလယ်ဖော်ဦး ပဲဖြစ်ပါတယ်။

အသက် ၁၇ နှစ်အရွယ်သာရှိသေးတဲ့သူမဟာ ပြီးခဲ့တဲ့ ဇန်နဝါရီ ၁၈ ရက်မှ ၂၀ ရက်နေ့ထိ ဖားအံမြို့မှာကျင်းပတဲ့ လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို ပဲခူးတိုင်းဒေသကြီး ကရင် လူငယ်ကွန်ရက် ကိုယ်စားလှယ်အနေနဲ့ ပါဝင်တက်ရောက်ခဲ့သူတဦး ဖြစ်ပါတယ်။

သူမကို ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်၊ ကျီးပင်စုကျေးရွာမှာ ဖခင်စောတင်ဦးနဲ့ မိခင်နော်လားဖောတို့ရဲ့ တဦးတည်းသော သမီးအဖြစ် မွေးဖွားလာခဲ့ပြီး မိဘတွေကတော့ ကျောင်းဆရာအလုပ်လုပ်နေတဲ့ သာမန် ဝန်ထမ်းတွေ ဖြစ်တယ်လို့ သူကပြောပြပါတယ်။ သူအနေနဲ့ တက္ကသိုလ်ဝင် စာမေးပွဲကို အထက မိုးညိုမှာပဲ အောင်မြင်ခဲ့ပြီး လက်ရှိ ဥပဒေပညာ ပထမနှစ်ကို တက်ရောက်နေသူတဦး ဖြစ်ပါတယ်။

သူမဟာ လူမျိုးခြားတွေထဲမှာ ကြီးပြင်းလာတဲ့ ကရင်လူငယ်တဦး ဖြစ်တာနဲ့အညီ ၁၀ တန်းအောင်မြင်တဲ့အထိ ကရင်စကား မပြောတတ်ခဲ့သလို၊ ကရင့်သမိုင်းတွေကိုလည်း မသိခဲ့ဘူးလို့ ပွင့်ပွင့်လင်းလင်း ပြောပြပါတယ်။ ဒါ့အပြင် ငယ်စဉ်ကျောင်းနေချိန်မှာလည်း အတန်းဖော်သူငယ်ချင်းတွေက သူရဲ့ ကရင်နာမည်ကို စနောက်တာ ခံရပြီး နာမည်ပြန်ပြောင်းချင်တဲ့အထိ ကလေးဘဝတုန်းက ဖြစ်ခဲ့ဖူးတယ်လို့ ဆိုပါတယ်။

အခုလိုအခြေအနေကနေ နိုင်ငံရေးစိတ်ဝင်စားလာဖြစ်ပုံနဲ့ ပတ်သက်ပြီး သူမက '၁၀ တန်းအထိ ညီမခေါင်းထဲမှာ ကျောင်းစာပဲ ရှိတယ်။ ၁၀ တန်းပြီးတဲ့နှစ်မှာ ညီမ KYN လူငယ် ကွန်ရက်အဖွဲ့ဝင်ဖြစ်လာတော့ လူငယ်အစည်းအဝေးတွေ တက်ရတယ်။ လူငယ်သင်တန်းတွေတက်တယ်။ အဲဒီကနေတဆင့် ညီမနိုင်ငံရေးကို စစိတ်ဝင်စားလာတယ်။ အခုဆိုရင် ကိုယ့်လူမျိုးအရေးနဲ့ပတ်သက်ပြီး ညီမ အရမ်းလုပ်ချင်တယ်။ လုပ်ဖို့လည်း ဆုံးဖြတ်ထားတယ်' လို့ ရှင်းပြပါတယ်။

သူမအနေနဲ့ အမျိုးသားနိုင်ငံရေး လုပ်ဆောင်ချင်လာတဲ့အပေါ် သူမရဲ့ မိခင်ဖြစ်သူက တဦးတည်းသောသမီး ဖြစ်တာနဲ့အညီ အားမပေးချင်ပေမယ့် ဖခင်ဖြစ်သူကတော့ အားပေးကူညီခဲ့တယ်လို့ သူမက အားတက်သရော ပြောပြပါတယ်။ ဒါ့အပြင် ငယ်ငယ်ရွယ်ရွယ်နဲ့ အမျိုးသားအရေး၊ လူငယ်အရေးအတွက် လိုက်ပါစည်းရုံး လုပ်ဆောင်မှုအပေါ် ပတ်ဝန်းကျင်ရဲ့ ကဲ့ရဲ့တာကို ခံခဲ့ရဖူးလို့ တချို့က နိုင်ငံရေးလုပ်ရင် ထောင်ကျတတ်တယ် ဆိုပြီး သူမပတ်ဝန်းကျင်ကရှေးရိုးစွဲ အမြင်ရှိသူတွေနဲ့လည်း အမြဲရင်ဆိုင်နေရတယ်လို့ ဆိုပါတယ်။

ဒါ့အပြင် သူမ ပတ်ဝန်းကျင်မှာ ဥပဒေပိုင်းအရ နားလည်မှု အားနည်းတဲ့အတွက် အခွင့်အရေးတချို့ ဆုံးရှုံးမှုတွေ ဖြစ်ပေါ်နေတာတွေ့နေရသလို တိုင်းရင်းသားတွေထဲမှာလည်း ထူးချွန်တဲ့ ဥပဒေပညာရှင်တွေ လိုအပ်တာနဲ့အညီ ဥပဒေဘာသာရပ်ကို တက္ကသိုလ်မှာ ရွေးချယ်တက်ရောက်ခဲ့တာလို့ ဆိုပါတယ်။ တချိန်ချိန်မှာ ဥပဒေပိုင်းဆိုင်ရာ လိုအပ်နေသူတွေကို တဖက်တလမ်းကနေ အကူအညီပေးဖို့ မျှော်မှန်းထားတယ်လို့ ဆက်ပြောပါတယ်။

သူမအနေနဲ့ လူငယ်တွေအတွက်ပြောချင်တဲ့ စကားလက်ဆောင်ကတော့ 'အမျိုးသားရေး၊ ကိုယ့်လူမျိုးအရေး ဝါသနာပါရင် လုပ်ချင်ရင် ထဲထဲဝင်ဝင်လုပ်ပါ။ ကြိုးစားလုပ်ပါ။ ကိုယ့်လူမျိုး မျက်နှာမငယ်အောင် ကိုယ့်စကားကို ပြန်ပြောပါ။ ကိုယ့်စာပေကို ပြန်သင်ယူပါ။ ကရင်စကားတတ်ပြီးသားလူတွေကလည်း ကရင်စကားကို မပြောပဲ မနေနဲ့၊ တန်ဖိုးထားပါလို့ ညီမလို ကရင်လူငယ်တွေအားလုံးကို တိုက်တွန်းချင်ပါတယ်'လို့ တိုက်တွန်း ပြောဆိုသွားပါတယ်။

တွေ့ဆုံမေးမြန်းခြင်း

နော်စုစဲန်နာလုလုစိုး

အမျိုးသားလွတ်တော်ကိုယ်စားလှယ်

ဦးဆုံးအနေနဲ့ ဆရာမတို့ အမျိုးသားလွှတ်တော်၊ အမျိုးသမီးနဲ့ ကလေးသူငယ် အခွင့်အရေးဆိုင်ရာကော်မတီရဲ့တနှစ်အတွင်းလုပ်ဆောင်ချက်အကျဉ်းချုပ်ကို ပြောပြပေးပါလား။

ပထမအနေနဲ့ ပြောချင်တာက အခုလက်ရှိ အမျိုးသမီးနဲ့ ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကော်မတီက ဒီနှစ်မှာ စတင်တယ်။ အရင်တုန်းက ဒါတွေက လွှတ်တော်မှာ မရှိခဲ့ဘူး။ အားလုံးက အမျိုးသမီးနဲ့ ကလေးအခွင့်အရေးကို မျှော်လင့်နေကြတယ်။ အခု လွှတ်တော်အသစ်ထဲမှာ ကျမတို့ကော်မီတီတဖွဲ့ ဖြစ်ပေါ်လာတဲ့အပေါ် ကျမတို့ အမျိုးသမီးနဲ့ ကလေးတွေအတွက် ဝမ်းသာစရာ ဖြစ်တယ်။

ကော်မတီအနေနဲ့ တနှစ်အတွင်း အမျိုးသမီးနဲ့ ကလေးသူငယ်ဆိုင်ရာ ဥပဒေတွေ ပြင်ဆင်တာ၊ အသစ်ရေးဆွဲတာတွေ ဘယ်လိုရှိလဲကို ရှင်းပြပေးပါလား။

ကော်မတီအနေနဲ့ ဘာတွေလုပ်ဖြစ်သလဲဆိုတော့ ကျမတို့ရဲ့ စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေတွေကို ပြန်သုံးသပ်တယ်။ ကလေးသူငယ် ဥပဒေကို သူတို့လုပ်ထားတာ ကြာပြီ။ အခု ကျမတို့ ပြန်လည်မွမ်းမံရတယ်။ အရင်တုန်းက ကလေးတွေရဲ့ အသက်အပိုင်းအခြားကို ဆုံးဖြတ်ထားတာ မတွေ့ရဘူး။ တချို့နေရာတွေမှာ ၁၄ နှစ် ဆုံးဖြတ်တယ်။ တခါတလေမှာ ၁၆ နှစ် ဆုံးဖြတ်တယ်။ အလုပ်လုပ်တဲ့ ကလေးတွေရဲ့ အသက်အပိုင်းအခြားကလည်း ကွာဟမှုရှိပြန်ကော။

အခု ကျမတို့ ပြန်လည်မွမ်းမံတဲ့ ကလေးဥပဒေ (Child Law)မှာ စံတခု ရှိတယ်။ ကလေးဆိုတဲ့အသက်က ကျမတို့ စဉ်းစားထားတာ ၁၈ နှစ်ပေါ့နော်။ အဲဒီထဲမှာမှ sub-chapter တွေ အများကြီးရှိတယ်။ protection of women law က ရှိပြီးသားအဟောင်း မဟုတ်ဘူး။ အသစ်ဖြစ်နေတယ်။ အသစ်ဆိုတာက လွန်ခဲ့တဲ့ ၂ နှစ်အတောအတွင်း လွှတ်တော်ထဲမှာ ကြိုးစားခဲ့ကြပေမယ့် မဖြစ်မြောက်ခဲ့ဘူး။ အခု ကျမတို့ စတင်လုပ်ဆောင်တာက ကျမတို့အမျိုးသမီးအဖွဲ့အစည်းတွေ၊ ပြီးတော့ ကွန်ရက်အဖွဲ့တွေ တွေ့ဆုံဆွေးနွေးခဲ့တာ ၂ ခါ၊ ၃ ခါ ရှိပြီ။ department of social welfare နဲ့လည်း ကျမတို့တွေ့ကြတယ်။ အခု ကျမတို့ မျှော်လင့်တာက ၂၀၁၇ ခုနှစ်မှာ ကျမတို့ ရပ်တည်ရမယ်။ Protection of violence against Women အမျိုးသမီးအကြမ်းဖက်မှုနဲ့ လုံခြုံရေးအတွက် ကျမတို့ တကယ် ရပ်တည်ကြရမယ်။

အခု အစိုးရလက်ထက် အမျိုးသမီးနဲ့ ကလေးသူငယ် အခွင့်အရေးတွေက ဘယ်လိုအပိုင်းတွေ တိုးတက်လာတာ ရှိသလဲ။

အရင်တုန်းက မလုပ်နိုင်တာတွေကို အခု လုပ်နိုင်တယ်။ စစ်သားတယောက်က မိန်းကလေးတယောက်ကို မုဒိမ်းကျင့်တယ်။ ပစ္စည်းတွေ ကိုယူတယ်။ ပြီးတော့ မိန်းကလေးကို သတ်လိုက်တယ်။ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး မိန်းကလေးရဲ့ မိသားစုက သိချင်တယ်။ အဲဒီစစ်သားက ထွက်ပြေးသွားလား။ ဒါမှမဟုတ် အပြစ်ပေးခံရလားဆိုတာ သူတို့သိချင်တယ်။ ကျမတို့ ကော်မတီက ပေါ်အောင် လုပ်ဆောင်ခဲ့တယ်။ အဲဒီစစ်သားကို ဖမ်းပြီးပြီ။ တရားရုံးကိုပဲ ပို့ရတော့မယ်။ အဲဒါ သူတို့ မိသားစုကို ပြန်ပြောပြတော့ သူတို့ ကျေနပ်တယ်။ ဘာကြောင့်လဲဆိုတော့ အရင်တုန်းက စစ်သားတွေ လုပ်တာတွေ ဘာမှမသိဘူး။ အခု ကျမတို့ရဲ့ ကော်မတီ မေးမြန်းတဲ့အပေါ်မှာ သူတို့ အဖြေပြန်ပြောပြရတယ်။ တိုးတက်တာတွေတော့ ရှိပါတယ်။

လက်ရှိပြည်တွင်းစစ်ဖြစ်ပွားရာ ဒေသတွေမှာရှိတဲ့ ကလေးသူငယ်တွေနဲ့ အမျိုးသမီးတွေရဲ့အခြေအနေကိုရောကော်မတီကဘာတွေကြားသိထားတာရှိသလဲ။ ဘာတွေကော ဆောင်ရွက်ပေးနေပါသလဲ။

အဲဒါတွေက ကွာတယ်။ တရားဝင် Complaint letter အနေနဲ့ စာတစောင်မှ မလာဘူး။ ရှမ်းပြည်ဘက်ကပဲဖြစ်ဖြစ်၊ ကချင်ပြည်နယ်ဘက်ကပဲဖြစ်ဖြစ် ကျမတို့ မျှော်လင့်တယ်။ ကျမတို့တယောက်ချင်းစီ လိုက်ကူညီတယ်။ ကော်မတီကို စာမရောက်တဲ့အတွက် ကော်မတီအနေနဲ့ ဝိုင်းဝန်းလုပ်ဆောင်လို့ မတတ်ဘူး။ သူတို့မသိတာလား မသိဘူးပေါ့နော်။ သူတို့ ကော်မတီကို တင်ပြမယ်ဆိုရင် ကျမတို့က ပွင့်ပွင့်လင်းလင်း ကူညီလို့ရတာပေါ့နော်။ တင်ပြလာချင်ရင်တော့

သို့

သဘာပတိ

အမျိုးသမီးနှင့် ကလေးအခွင့်အရေးဆိုင်ရာကော်မတီ

အမျိုးသားလွှတ်တော်

အခန်းအမှတ် (I-18)

နေပြည်တော်။

ကျမတို့ စာရရှိတယ်ဆိုရင် စာရရှိကြောင်း အကြောင်းပြန်တယ်။ ကျမတို့ ရှေ့နေနဲ့ ကူညီမယ်ဆိုရင် ရှေ့နေဖုန်းနံပါတ်တွေကို တခါတည်း ပေးတယ်။

ကော်မတီကို တိုင်ကြားလာတဲ့ တိုင်ကြားစာတွေအပေါ် ဘယ်လိုဖြေရှင်းသလဲ ပြောပြပေးပါလား။

ကျမတို့စာတွေ ရရှိတယ်။ အခက်အခဲတွေကို တင်ပြတယ်။ တချို့ အခက်အခဲတွေက ရိုးရိုးပဲ။ တချို့ အခက်အခဲတွေက ကြာပြီ။ မပြီးဆုံးသေးဘူး။ မလုပ်ဆောင်နိုင်သေးဘူး။ case တွေက ကြာပြီ။ အစိုးရသစ်တက်လာတဲ့အပေါ်မှာ သူတို့ပြန်တိုင်တာတွေ ရှိတယ်။ ၂၀၁၆ ခုနှစ်ထဲမှာ ကလေး၊ အမျိုးသမီးနဲ့ဆိုင်တဲ့ complain letter က အစောင် ၆၀ လောက် ရှိတယ်။ နောက်တခုက ကျမတို့ ရှေ့နေတွေနဲ့ တွေ့ဆုံဆွေးနွေးတာ ရှိတယ်။ court (တရားရေး) အခက်အခဲတွေကို ဆွေးနွေးတယ်။

ပြောရမယ်ဆိုရင်တော့ ကျမတို့ စတင်ဖွဲ့စည်းခဲ့တာက မေလပေါ့။ တနှစ်တော့ မပြည့်သေးဘူး။ စဖွဲ့တုန်းက အများသိအောင် ကြေညာတယ်။ အခက်အခဲတွေရှိရင် တိုင်ကြားနိုင်တယ်။ စာတွေကို ဒီလိုဒီလို ပို့ရမယ်။ ကျမတို့ ဒီလို ဖော်ပြကြေညာတဲ့အတွက် စာတွေကို ရရှိတာပါ။ အဲဒီကွန်ပလိန်းစာတွေထဲမှာ မိန်းကလေးက များတယ်။ ကလေးနဲ့ ပတ်သက်တာ ၂ မှုပဲ ရှိတယ်။

တိုင်းဒေသကြီးနဲ့ပြည်နယ်ဒေသတွေမှာကောဒီကော်မတီအနေနဲ့ဖွဲ့စည်းထားတာမျိုး ဘယ်လိုရှိပါသလဲ။

နေပြည်တော်မှာ အမျိုးသားလွှတ်တော်မှာပဲ ရှိတယ်။ ပြည်သူ့လွှတ်တော်မှာ မရှိဘူး။ မွန်ပြည်နယ်လွှတ်တော်မှာ သူတို့ဖွဲ့မယ်လို့ ကျမကြားတယ်။ တိုင်းနဲ့ပြည်နယ်မှာ ကော်မတီမရှိသေးဘူး။ ရှေ့ဆက် ပြည်နယ်နဲ့တိုင်းမှာ ကော်မတီရှိဖို့က သဘာပတိ(စပီကာ)နဲ့ ပြည်သူတွေအပေါ်မှာပဲ မူတည်တယ်။ သူတို့က ရှိသင့်တယ်လို့ထင်ရင် ဖွဲ့စည်းဖြစ်မှာပါ။ သို့သော် ကျမ ကြုံရတဲ့ အမှုတခုမှာက ကရင်နဲ့ဆိုင်တယ်။ ကျူးလွန်သူက ကိုယ့်ကိုယ်ကို ကရင်လို့ ဖော်တယ်။ တချို့က ကရင်မဟုတ်ဘူးလို့ ပြောတယ်။ သူ့ကိုယ်သူ ပြောတာက စောတာပလဲ။ သူ့ရဲ့အမှုက မန္တလေးကို ရောက်တယ်။ မိန်းကလေးကို အကြမ်းဖက်တယ်။ တရားရုံးရောက်တယ်။ ကျမလည်းရောက်ပြီးတော့ တွေ့ခဲ့တယ်။ သူ့ကိုယ်သူ ကေအဲန်ယူလို့ ဆိုတယ်။ ကျမ ကေအဲန်ယူကို မေးတယ်။ သူတို့လူ မဟုတ်ဘူးဆိုတာကို သူတို့စာထုတ်တယ်။ အဲဒီစာကို ကျမရုံးကို တင်တယ်။ ဒါကြောင့်မို့ ဒါက ကေအဲန်ယူနဲ့ ကျမတို့ ပူးတွဲလုပ်ဆောင်ခြင်းရဲ့ အားသာချက်ဖြစ်တာပေါ့နော်။ သူတို့လူမဟုတ်ကြောင်း သူတို့ တင်ပြနိုင်တယ်။ ဒီလိုလုပ်ဆောင်ခြင်းတွေက ကောင်းတာပေါ့နော်။

အခု လူမှုကွန်ရက်စာမျက်နှာတွေမှာ ကောလဟာလ သတင်းတွေထွက်လာတယ်။ အဲဒါက အမျိုးသမီးတွေ အိမ်ထောင်မပြု မနေရဆိုသလိုမျိုး၊ သမီးရည်းစားတွေအတူနေပြီး လက်မထပ်ရင် အရေးယူမယ်ဆိုတာမျိုး တရားဝင်မဟုတ်ဘဲ ပြောဆိုနေမှုတွေရှိတဲ့အပေါ်မှာ ဘယ်လိုပြောဆိုချင်ပါသလဲ။

အဲဒါတွေက မဟုတ်ဘူး။ ကျမထင်တာက တချို့က သူတို့ရဲ့သတင်းတွေကို ရောင်းရဖို့အတွက် ထူးခြားအောင် လုပ်တာပေါ့နော်။ အင်တာဗျူးမှာဆိုရင် အရှေ့က မထည့်ဘဲနဲ့ ဖြတ်ထည့်တာတွေကြောင့် အများက အမှန်လို့ ထင်ကြတယ်။ ဒါကြောင့်မို့ မီဒီယာတချို့ကလည်း မီဒီယာအက်သစ်(ကျင့်ဝတ်)ကို လိုက်နာသင့်တာပေါ့နော်။ လွှတ်တော်မှာ ကျမတို့ မဆွေးနွေးဘူး။ ကျမတို့ မဆုံးဖြတ်ဘူး။ မီဒီယာတချို့ရဲ့ အက်သစ်နဲ့ မညီတာတွေကြောင့် ဖြစ်ပါတယ်။

ရန်ကုန် အပါအဝင်မြို့တွေအတော်များများမှာ အနိုပ်ခန်းလို၊ ကာရာအိုကေဆိုင်လိုမျိုးတွေမှာ ကျေးလက်နေ အမျိုးသမီးတွေ လာရောက်လုပ်ကိုင်နေကြတာ ရှိတယ်။ သူတို့တွေကို အဖက်ဖက်က ကာကွယ်ပေးနိုင်ဖို့ ကော်မတီအနေနဲ့ ဘယ်လို ပြင်ဆင်ပေးထားလဲ။

sex worker နဲ့ ပတ်သက်ပြီးတော့ စည်းမျဉ်းစည်းကမ်းရှိတယ်။ ပြည့်တန်ဆာ နိုပ်ကွပ်ရေးဥပဒေကို အများက သဘောမတူဘူး။ အဲဒါကို ပြန်ပြင်ရမယ်ဆိုတာ ကျမတို့က လက်ခံတာပေါ့နော်။ သူတို့အတွက် ကျမတို့ ပြန်ပြင်ဆင်ရမယ်။ ကာရာအိုကေတို့၊ ဘာတို့ ဆိုပြီးတော့ သီးသန့်မရှိဘူး။ ဒါပေမယ့် သူတို့အလုပ်လုပ်မယ့် အချိန်ကတော့ အခွင့်အရေး ရှိရမှာပေါ့။ လစာတွေကလည်း အများနည်းတူ သူတို့အခွင့်အရေး ရှိရမယ်။

Complain letter (တိုင်စာ) ၆၀ မှာ အများအားဖြင့် ဖြေရှင်းလို့ရတယ်။ စစ်နဲ့ပတ်သက်တာတောင် ကျမတို့ ဖြေရှင်းနိုင်သေးတာပဲ။ ဒါပေမယ့် အခက်အခဲရှိတာက စောတာပလဲအမှုမှာ သူက ရုံးတော်က ခေါ်တယ်။ မလာဘူး။ ထွက်ပြေးလွတ်မြောက်တယ်။ ကျမ ကြားတာက Peace-council မှာ သွားဝင်တယ်။ ကေအဲန်ယူ လူမဟုတ်ဘူး။ ကျမ အကြံပြုချင်တာက Peace-council က လက်မခံသင့်ဘူး။ ဒီအမှုကို သူတို့ အရင်ဆုံး ဖြေရှင်းသင့်တယ်။ မဖြေရှင်းဘဲနဲ့ လက်ခံတာက အခက်အခဲ

တဘက်စာမျက်နှာသို့ ▶▶▶

> သတင်း အချက်အလက်တွေ မရှိဘူးဆိုရင် သူတို့ကို ဆင့်ခေါ်၊ ခေါ်တွေ့ဖို့ ပါဝါရှိပေမယ့် ကျမတို့ မလုပ်နိုင်ဘူး။ ကျမ ပြောချင်တာက ကျေးဂူးပြုပြီး ကျမတို့ကို information ပေးပါ။ နာမည်ဖော်စရာ မလိုဘူး။ သူတို့ရဲ့ လုံခြုံရေးကို ကျမ တို့သိတယ်။ ဒါပေမယ့် သတင်း အချက်အလက် အတွက် ကျမတို့နဲ့ ပူးပေါင်းလုပ်ဆောင်ပါ ...

အစိုးရအောက်မှာ စစ်တပ်ရှိရမယ်

မောင်ကျော်စွာ

၂၀၁၇ ခုနှစ်ကို ရောက်လာခဲ့ပြီ။ ဒီချုပ်ပါတီ အစိုးရသက်တမ်းလည်း များမကြာမီမှာ တနှစ်ပြည့်ပါတော့မယ်။

လူငယ်များနဲ့ ငြိမ်းချမ်းရေးစကားဝိုင်း (Peace Talk)ဆိုတာနဲ့ ၂၀၁၇ ခုနှစ်ကို စဖွင့်ခဲ့တယ်လို့ ပြောရမှာပါပဲ။ လူငယ်တွေနဲ့ စတယ်။ ငြိမ်းချမ်းရေးနဲ့စတယ်။ ဆွေးနွေးပြောဆိုမှုနဲ့ စတယ်ဆိုတော့ အစချီတဲ့ အချက်တွေက ကောင်းတဲ့အချက်တွေချည်းပါပဲ။

တိုင်းပြည်ရဲ့အနာဂတ်က 'လူငယ်တွေ'ပဲ မဟုတ်လား။ တိုင်းပြည် တိုးတက်ဖွံ့ဖြိုးမှုအတွက် မရှိမဖြစ်လိုအပ်တဲ့ အခြေခံ အာမခံချက်က အပြောသက်သက် ငြိမ်းချမ်းရေးမဟုတ်၊ စာရွက်ပေါ်က ငြိမ်းချမ်းရေး မဟုတ်၊ ပါးစပ်ဖျားက ငြိမ်းချမ်းရေး မဟုတ်ဘဲ တကယ့်အရှည်တည်တံ့ ခိုင်မြဲမယ့် 'ငြိမ်းချမ်းရေး'အပေါ်မှာ မူတည်နေတာ မဟုတ်လား။

ဒါ့အပြင် လွတ်လပ်ရေးသက်တမ်းနဲ့အမျှ ရှည်ကြာခဲ့ပြီဖြစ်တဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးပြဿနာတွေ (တနည်းအားဖြင့် ပြည်တွင်းစစ်ပြဿနာ)ဟာ တန်းတူရည်တူ 'ဆွေးနွေးညှိနှိုင်းတဲ့နည်း'(စကားဝိုင်း)နဲ့ ဖြေရှင်းအဖြေရှာကြရမှာ မဟုတ်လား။ ဒီလိုအချက်အလက်တွေ ဒီလိုမျှော်လင့်မှုတွေနဲ့ လူငယ်များနဲ့ ငြိမ်းချမ်းရေးစကားဝိုင်း (Peace Talk) ကြည့်လိုက်တော့ ၂၀၁၇ ခုနှစ်ကို အစချီတဲ့အချက်၊ တာထွက်လာတဲ့အချက်တွေဟာ ကောင်းတယ်လို့ ဆိုလိုက်ရတာပါ။

အကောင်းမြင်သူ၊ အကောင်းမြင်သမား သို့တည်းမဟုတ် အပြုသဘောအမြင်၊ အပြုသဘောဆောင်တဲ့သူဆိုတာ ဖြစ်ရပ်တွေကို ကြည့်တဲ့ အခါမှာ တဖက်သတ်၊ တကြောင်းတိုက် အကောင်းမြင်သူမျိုးမဟုတ်ပါ။ အခွင့်အလမ်းရှိမှုဘက်ကို သာသာထိုးထိုး ကြည့်မြင်ပြီး စိန်ခေါ်မှုဘက်ကို လျှော့တွက်သူမျိုးမဟုတ်ပါ။

အကောင်းမြင်၊ အကောင်းမြင်သမား သို့တည်းမဟုတ် အပြုသဘောအမြင်၊ အပြုသဘောဆောင်တဲ့သူဆိုတာ ဖြစ်ရပ်တွေကို စိန်ခေါ်မှုနဲ့ အခွင့်အလမ်းအဖြစ် တွဲပြီးမြင်သူဖြစ်ပါတယ်။ အခွင့်အလမ်းတွေကို မိမိရရ ဆုပ်ကိုင်ထားတဲ့ အခြေခံပေါ်မှာ စိန်ခေါ်မှုတွေကို တည်တည်ငြိမ်ငြိမ် ရင်ဆိုင်ဖြေရှင်းပြီး ကျော်ဖြတ်သွားသူမျိုးသာ ဖြစ်ပါတယ်။

ဒီကနေ့ တိုင်းပြည်နဲ့ အဖိနှိပ်ခံ လူမျိုးပေါင်းစုံ ပြည်သူများအတွက် မရှိမဖြစ် လိုအပ်နေတာ ငြိမ်းချမ်းရေးဖြစ်ပါတယ်။ ငြိမ်းချမ်းရေးဟာ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်ပါ။ အခြေခံအုတ်မြစ် ဖြစ်ပါတယ်။ ငြိမ်းချမ်းရေး အခြေခံမရှိဘဲ။ ဘယ်လိုဖွံ့ဖြိုးတိုးတက်မှုမျှ မတည်ဆောက်နိုင်ဘူး။ မထူထောင်နိုင်ခဲ့ဘူးဆိုတာ နှစ်ပေါင်း ၇၀ နီးပါး ကြာခဲ့ပြီဖြစ်တဲ့ လွတ်လပ်ရေးသက်တမ်းကို ပြန်ပြောင်းလေ့လာကြည့်ရင် အထင်အရှား တွေ့မြင်နိုင်မှာဖြစ်ပါတယ်။ မိမိကိုယ်ကိုနဲ့ အခြားသူများကို လိမ်ညာလှည့်ဖြားလိုသူ မဟုတ်ဘူးဆိုရင် နှစ်ပေါင်း ၇၀ နီးပါး လွတ်လပ်ရေးသက်တမ်းအတွင်းမှာ တိုင်းပြည်နဲ့လူထုဘဝ အဖက်ဖက်က ဆင်းရဲနိမ့်ကျသွားခဲ့ရတဲ့အချက်ကို ပွင့်ပွင့်လင်းလင်း အသိအမှတ်ပြုမှာပဲ ဖြစ်ပါတယ်။

'လူငယ်များနဲ့ ငြိမ်းချမ်းရေးစကားဝိုင်း'ကနေ ငြိမ်းချမ်းရေးရရှိဖို့နဲ့ ပတ်သက်ပြီး ယနေ့လူငယ်ထုရဲ့ ဦးနှောက်နဲ့နှလုံးသားကို ထင်ဟပ်နေတဲ့ အသံတခု၊ သဘောထားအမြင်တခုကို အခုလို ကြားရပါတယ်။

'ငြိမ်းချမ်းရေးရဖို့အတွက်ဆိုရင်တော့ အန်တီတို့ အစိုးရတခုရဲ့ အမိန့်အောက်မှာလေ၊ စစ်တပ်ရှိဖို့ လိုတယ်လို့ သမီးကတော့ ထင်တယ်'။

ဒီစကားကို ဆွေးနွေးပြောကြားသူက 'ရှမ်းပြည်နယ်ကိုယ်စားပြု နန်းမွေဆိုင်း'ဆိုတဲ့ လူငယ်ပျိုဖြူတဦး ဖြစ်ပါတယ်။ စကားဝိုင်းမှာ ပါဝင်ဆွေးနွေးသူတွေဟာ အသက် ၂၀ နဲ့ ၃၄ အကြား လူငယ်တွေ ဖြစ်ပါတယ်။ ဆိုလိုချင်တာ ဒီအသက်အရွယ်ဟာ ရွေးကောက်ပွဲမှာ ကိုယ်ပိုင်ဆင်ခြင်ဉာဏ်ကိုသုံးပြီး မဲပေးနိုင်တဲ့အရွယ်တွေ ဖြစ်ပါတယ်။

နန်းမွေဆိုင်း ဆွေးနွေးတင်ပြတဲ့ အချက်ထဲက 'အစိုးရအောက်မှာ စစ်တပ်ရှိရမယ်'ဆိုတာ တကယ့်ကို ရိုးရိုးရှင်းရှင်း တင်ပြ ဆွေးနွေးတဲ့ အချက် ဖြစ်ပါတယ်။ 'နိုင်ငံရေး စကားပြောတယ်၊ နိုင်ငံရေးဆွေးနွေးတယ်' ဆိုတာ လူတွေ နားမလည်နိုင်တဲ့ စကားကြီး၊ စကားကျယ်တွေပြောပြီး ဆွေးနွေးဖို့မှ မဟုတ်တာ။

နန်းမွေဆိုင်းပြောတဲ့ အစိုးရအောက်မှာ စစ်တပ်ရှိရမယ်ဆိုတာ ဒီကနေ့ လျှောက်လှမ်းကြရမယ့် ရည်မှန်းချက်ပဲဖြစ်ပါတယ်။ အဲဒီရည်မှန်းချက်ကို မယိမ်းမယိုင်၊ မဝေမဝါးဘဲ ဦးတည်လျှောက်လှမ်းကြဖို့ ဖြစ်ပါတယ်။

ငြိမ်းချမ်းရေးအတွက်၊ ဒီမိုကရေစီအရေးအတွက်၊ ဖက်ဒရယ်ပြည်ထောင်စုအရေးအတွက်ဆိုရင် စစ်တပ်ဟာ အစိုးရအောက်မှာ ရှိကိုရှိမှ ဖြစ်မယ်။

အစိုးရအောက်မှာ စစ်တပ်မရှိဘဲ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေးနဲ့ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးတွေဟာ အာမခံချက် လုံးဝ မရှိနိုင်ပါဘူး။ စစ်တပ်ဟာ အစိုးရအောက်ရှိမှသာ အရှည်တည်တံ့ ခိုင်မြဲမယ့် ငြိမ်းချမ်းရေးရနိုင်မှာဖြစ်တယ်။

ပြည်တွင်းစစ် စဖြစ်ပါပြီဆိုကတည်းက စစ်တပ်ဟာ အစိုးရခေါင်းပေါ် ရောက်လာခဲ့တာပါ။

အစပိုင်းမှာတော့ 'အိမ်စောင့်အစိုးရ'အဖြစ် အာဏာအရသာကို မြည်းစမ်းခဲ့တယ်။ နောက်ဆုံးမှာတော့ အခြေခံဥပဒေနဲ့ ရွေးကောက်ခံ အစိုးရကို ဖျက်သိမ်းပြီး စစ်တပ်က အာဏာသိမ်းခဲ့တာ အခုထိပဲ မဟုတ်ပါလား။

လက်ရှိ '၂၀၀၈ အခြေခံဥပဒေ'ရဲ့အနှစ်သာရဆိုတာဟာ စစ်တပ်ကို အစိုးရနဲ့ လွတ်တော်ရဲ့ ခေါင်းပေါ်မှာ ထာဝစဉ် ရွက်ထားရခြင်းပဲ ဖြစ်ပါတယ်။ ရိုးရိုးရှင်းရှင်းပြောရရင် ၂၀၀၈ အခြေခံဥပဒေ ဆိုတာ စစ်တပ်က၊ ကာချုပ်က အစိုးရနဲ့လွတ်တော်ကို စိတ်ကြိုက် ချယ်လှယ်နိုင်အောင် အကွက်ချပြီး စိတ်ကြိုက် ရေးဆွဲပြဋ္ဌာန်းထားတဲ့ အခြေခံဥပဒေသာ ဖြစ်ပါတယ်။ ဒီအခြေခံဥပဒေ စိုးမိုးနေသမျှ ဒီအနှစ်သာရ တည်မြဲနေသမျှ ငြိမ်းချမ်းရေးရဖို့ ဘယ်လိုမှ မလွယ်ကူပါဘူး။

နန်းမွေဆိုင်းပြောတဲ့ အစိုးရအောက်မှာ စစ်တပ်ရှိရမယ် ဆိုတာကို နဲနဲတိုးချဲ့စဉ်းစားကြည့်လိုက်တော့ –

အစိုးရနဲ့ လွတ်တော်ကို ပြည်သူလူထုက ရွေးကောက်ပွဲမှာ ဆန္ဒမဲပေးပြီး ရွေးချယ်လိုက်သူများနဲ့သာ ဖွဲ့စည်းရမယ်။

စစ်တပ်ဟာ ရွေးချယ်ခံအစိုးရရဲ့ ဝန်ကြီးဌာနတခုဖြစ်တဲ့ ကာကွယ်ရေးဝန်ကြီးဌာနအောက်မှာ ရှိရမယ်။

'ကာချုပ်'ဟာ ကာကွယ်ရေးဝန်ကြီးလက်အောက်မှာ ရှိရမယ်ဆိုတဲ့ အချက်တွေ အစီအရီပေါ်လာပါတယ်။

ဒီအချက်အလက်တွေ အကောင်အထည်ပေါ်လာဖို့အတွက် လူမျိုးပေါင်းစုံလူငယ်ထုရဲ့ ညီညွတ်တဲ့အင်အား မရှိမဖြစ် လိုအပ်ပါတယ်။ ဒီအတွက် အန္တရာယ်နှစ်ခုရှိပါတယ်။ လူမျိုးကြီးအစွဲအလန်းနဲ့ ဒေသန္တရ လူမျိုးငယ်အစွဲအလန်းကို တပြိုင်နက်ထဲ ဆန့်ကျင်ဖို့ လိုပါတယ်။ လူမျိုးကြီးအစွဲအလန်းကို ညာဖြောင့်လက်သီးနဲ့ ထိထိမိမိ ထိုးနှက်ဖို့ လိုသလို၊ အမျိုးမျိုးသော ဒေသန္တရ လူမျိုးငယ် အစွဲအလန်းကိုလည်း ဘယ်ဝိုက်လက်သီးနဲ့ ဝီဝီပြင်ပြင် ထိုးနိုင်ဖို့လိုပါတယ်။

ဒါ့အပြင် အမျိုးမျိုးသော ဘာသာရေး၊ လူမျိုးရေး မှိုင်းတိုက်၊ သွေးထိုး၊ လှုံ့ဆော် ဖြိုခွဲမှုတွေကို သတိမပြတ်ဖို့ အရေးကြီးပါတယ်။ ခိုင်ခိုင်မြဲမြဲ စွဲကိုင်လွှင့်ထူရမယ့် အလံတော်ကတော့ 'အဖိနှိပ်ခံလူမျိုးပေါင်းစုံ သွေးစည်းညီညွတ်ရေး အလံတော်'ပဲ ဖြစ်ပါတယ်။

မောင်ကျော်စွာ

▶ တဘက်စာမျက်နှာမှ

ကြီးကြီးမားမား ဖြစ်တယ်။ ဒီလိုအမှုတွေက မပြတ်သေးဘူး။

ကော်မတီရဲ့လုပ်ဆောင်မှုတွေမှာ အားနည်းချက်အားသာချက်တွေက ဘယ်လို ရှိတယ်လို့ ပြောနိုင်မလဲ ဆရာမ။

ကျမတို့ ကော်မတီက အဖွဲ့ဝင် ၁၅ ယောက်ရှိတယ်။ ကျမတို့ သဘာပတိက ဆရာဝန်ကြီးပေါ့နော်။ ကျမက အတွင်းရေးမှူး တခြားလူတွေက အဖွဲ့ဝင်တွေပေါ့နော်။ တချို့က သူတို့နဲ့ဆိုင်တဲ့ Gender တို့၊ women right, child right တို့ကို သိပ်မသိဘူး။ ဒါက သူတို့ရဲ့ အားနည်းချက်ချည်းပဲ မဟုတ်ဘူး။ ဘာကြောင့်လဲဆိုတော့ NLD ရဲ့ ပါလီမန် (MP)က အများအားဖြင့် နိုင်ငံရေးအကျဉ်းသားပေါ့နော်။ ထောင်ကျတဲ့အတွက် သိပ်မသိဘူးပေါ့နော်။ Gender ဆိုတာ သိပ်မကြားဘူးကြဘူး။ ဒါကြောင့်မို့ technical အခက်အခဲ ရှိတယ်။ တဖက်ကလည်း commitment ရှိတယ်။ ကျမတို့ အကောင်းဆုံးလုပ်မယ်။ အားနည်းချက်ကို ပြောမယ်ဆိုရင်တော့ knowledge တို့၊ skills တွေ အားနည်းချက် ရှိတာပေါ့။

အရင်က ဆရာမအနေနဲ့ အမျိုးသမီးနဲ့ ကလေးသူငယ် အခွင့်အရေးဆိုင်ရာကို တက်တက်ကြွကြွ၊ ထိထိရောက်ရောက် လုပ်ဆောင်ခဲ့တာ တွေ့မြင်ခဲ့ရတယ်။ အခု လွှတ်တော်ကိုယ်စားလှယ်ဖြစ်သွားတော့ လုပ်ဆောင်ရတာတွေက ကွာခြားမှု ဘာတွေရှိသလဲ။

ပြောရမယ်ဆိုရင် ကျမတို့ (MP)နဲ့ ကော်မတီရဲ့ အတွင်းရေးမှူး ဖြစ်တယ်ဆိုတော့ ပါဝါတော့ ရှိမှာပေါ့နော်။ စစ်သားတွေ၊ စစ်ဗိုလ်တွေ ခေါ်ယူမေးမြန်းနိုင်တယ်။ တရားသူကြီးတွေ မဟုတ်မမှန်တာတွေလုပ်ရင် ကျမတို့ ခေါ်ယူမေးမြန်းနိုင်တယ်။ ဥပဒေတွေကို ကျမတို့ လုပ်နိုင်တယ်။ တဖက်ကလည်း ပွင့်ပွင့်လင်းလင်းပြောဆိုဖို့က activate (အက်ထီဘိတ်) လို ပြောလို့မရ ဘူး။ ကျမ KWEG မှာလုပ်တုန်းက ကျမ မကြိုက်တာကို မကြိုက်ကြောင်း ပြောတယ်။ ပွင့်ပွင့်လင်းလင်း ပြောလို့ရတယ်။ ဒါပေမယ့် အခု ကျမ MP ဖြစ်နေပြီ။ ပွင့်ပွင့်လင်းလင်း ပြောလို့မရဘူး။ ဒါက ကွာခြားချက်တခု ဖြစ်တာပေါ့နော်။

အခြားဘယ်လို အဖွဲ့အစည်းတွေနဲ့ကော ကော်မတီက ပူးပေါင်းလုပ်ဆောင်မှုတွေ ရှိပါသေးလဲ။

အခုကျမတို့ women organization network တွေနဲ့ ပူးပေါင်းလုပ်ဆောင်တယ်။ Gender equality network တွေနဲ့လည်း ပူးပေါင်းလုပ်ဆောင်တယ်။ တဦးတယောက်ချင်းစီကလည်း လုပ်ဆောင်တာပေါ့နော်။ UN Women, UN organization, UNICEF နဲ့လည်း ပူးပေါင်းလုပ်ဆောင်မယ်။ ဘာကြောင့်လည်းဆိုတော့ တခါတလေ လိုအပ်တဲ့ information တွေအတွက် ကျမတို့ ပူးပေါင်းလုပ်ဆောင်ကြတယ်။

ဆရာမတို့ ကော်မတီက အမျိုးသမီးနဲ့ ကလေးတွေအတွက် ဆိုပေမယ့် ကော်မတီဥက္ကဋ္ဌကျတော့ အမျိုးသားဖြစ်နေတာကိုဝေဖန်မှုတွေရှိနေတဲ့အပေါ် ဘယ်လိုပြောချင်ပါသလဲ။

အမျိုးသမီးဆိုင်ရာ ကော်မတီဖြစ်တဲ့အတွက် သဘာပတိက အမျိုးသမီး ဖြစ်သင့်တာပေါ့နော်။ ဒါပေမယ့် ပထမဦးဆုံးအနေနဲ့ မရည်ရွယ်ဘဲ အတွေ့အကြုံ၊ အသက်အရွယ်အရ ကြည့်ပြီး သူတို့ထားတာ ဖြစ်ပါလိမ့်မယ်။ ဒါပေမယ့် အများ အပြောများတဲ့အတွက် နောက်တသုတ်မှာ အမျိုးသမီးခေါင်းဆောင် ဖြစ်လာမှာပါ။

မေးမြန်းတဲ့အထဲမှာမပါဝင်သေးတာ သို့မဟုတ်ထပ်မံဖြည့်စွက်ပြောလိုတာရှိရင် နောက်ဆုံးအနေနဲ့ ဘာတွေ ပြောဆိုချင်ပါသလဲ။

ကျမတို့ ကော်မတီက technical နဲ့ skills ပိုင်းမှာ အားနည်းချက်ရှိတယ်ဆိုတာကို ကျမပြောထားပြီးသားပဲ။ ကျမကိုကူတဲ့သူတွေလည်း ရှိတယ်။ ဒါပေမယ့် information သတင်းအချက်အလက် များများ လိုတယ်။ ဒါကြောင့်မို့ လွန်ခဲ့တဲ့လမှာ ကျမ အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့တွေကို ခေါ်ယူတွေ့ဆုံတယ်။ ဘာကြောင့် လဲဆိုတော့ အရင်တုန်းက သက်ငယ်မုဒိမ်းတွေက များတယ်။ သက်ငယ်မုဒိမ်းမှုနဲ့ပတ်သက်ပြီး တိုင်ကြားမှုတွေ ရှိလာတယ်။ ထောင်ချတာတွေက ၁ နှစ်ပဲ ရှိတယ်။ ၂ နှစ်ပဲ ရှိတယ်။

မသင့်တော်ဘူး။ ဘယ်သူတွေ လုပ်တာလဲ။ တရားသူကြီးနာမည်၊ တရားရုံးအမည်၊ မြို့နာမည်တွေ ပေးပါ။ ကျမမေးမြန်းပါ့မယ်။ ဒါပေမယ့် အဲဒါတွေ မပေါ်လာဘူး။ ဘယ်မြို့မှာ အဲဒီအမှုတွေ ဘယ်လောက်ရှိလဲ။ တရားရုံးကြာမြင့်မှု ဘယ်လောက်ရှိလဲ။ ကျမတို့ ဥပဒေတွေ ဆွဲရင် ပါအောင်ပေါ့။ ဒါပေမယ့် Complain တွေပဲ တက်လာတယ်။ ကျမလိုချင်တဲ့ information တွေ မတက်လာဘူး။

ကျမ CSO တွေကို ပြောချင်တာက ကျမတို့နဲ့ ပူးပေါင်းလုပ်ဆောင်ပါ။ သူတို့ရဲ့ သတင်းအချက်အလက်တွေက ground မှာ လာတဲ့အတွက် အဲဒါတွေကို ကိုင်စွဲပြီး တာဝန်ရှိတဲ့သူတွေ ရဲလား၊ စစ်တပ်လား။ ကျမတို့ ကိုင်လို့ရတယ်။ တရားသူကြီးချုပ်လား။ ကျမတို့ ပြောဆိုလို့ရတယ်။ ဒါပေမယ့် သတင်းအချက်အလက်တွေ မရှိဘူးဆိုရင် သူတို့ကို ဆင့်ခေါ်၊ ခေါ်တွေ့ဖို့ ပါဝါ ရှိပေမယ့် ကျမတို့ မလုပ်နိုင်ဘူး။ ကျမပြောချင်တာက ကျေးဇူးပြုပြီး ကျမတို့ကို information ပေးပါ။ နာမည်ဖော်စရာမလိုဘူး။ သူတို့ရဲ့ လုံခြုံရေးကို ကျမတို့သိတယ်။ ဒါပေမယ့် သတင်းအချက်အလက်အတွက် ကျမတို့နဲ့ ပူးပေါင်းလုပ်ဆောင်ပါဆိုတာကို ပြောချင်ပါတယ်။

နော်စူစန်နာလှလှစိုးသည် ရန်ကုန်မြို့ အခြေစိုက် ကရင်အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (Karen Women Endowment Group – KWEG) ကို စတင် ဖွဲ့စည်းတည်ထောင်ခဲ့သူဖြစ်ပြီး ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့က ကျင်းပခဲ့သည့် ပါတီစုံ အထွေထွေ ရွေးကောက်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးရှိ အင်းစိန်မြို့နယ်နှင့် မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်များတွင် အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် (NLD)ပါတီ၏ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အဖြစ် ဝင်ရောက်အရွေးခံရာမှ မဲအနိုင်ရရှိခဲ့သူဖြစ်သည်။

နာထူးစီ အခမ့ဲ စာဖတ်ဝိုင်းက ပဲ့တင်သံများ

စ'မနိုက်ဖောင်

ကရင်ပြည်နယ်၊ ဖားအံမြို့နယ်၊ လှာကမြင်ကျေးရွာအုပ်စုဝင်ဖြစ်တဲ့ ရသဝေါကျေးရွာမှာရှိနေတဲ့ 'နာထူးစီ'လို့ အမည်ပေးထားတဲ့ အခမ့ဲ စာဖတ်ဝိုင်းတခု ရှိပါတယ်။ အဲ့ဒီစာဖတ်ဝိုင်းဟာ အနီးအနားမှာရှိနေကြတဲ့ ရွာ ၃ ရွာက ကလေးသူငယ် ကျောင်းသားကျောင်းသူတွေဟာ ညနေ နေဝင်နှောင်းချိန် ထမင်းစားသောက်ကြပြီးနောက်ပိုင်း နာထူးစီ အခမ့ဲ စာဖတ်ဝိုင်းမှာ ပျော်ရွှင်စွာနဲ့ အတူတကွ လာရောက်စာဖတ်နေကြပါတယ်။

ကျောင်းဆိုပေမယ့် ဆောက်လုပ်ထားတဲ့ပုံကတော့ အမိုးက အင်ဖက်၊ ဝါးဘိုးတိုင်၊ ဝါးထရံအကာတွေနဲ့ ဆောက်လုပ်ထားတာ ဖြစ်ပါတယ်။ မြို့ကြီးပြကြီးတွေမှာလိုမျိုး လျှပ်စစ်မီးတွေ၊ လေအေးစက်တွေပါတဲ့ ခေတ်မီတိုက်တာအဆောက်အဦး မဟုတ်ပေမယ့်လည်း အလွန်ရိုးရှင်းစွာ ဆောက်လုပ်ထားတဲ့ အဆောက်အဦးတခုဖြစ်ပြီး သစ်ရိပ်ဝါးရိပ်တွေကြားမို့ ကျောင်းရဲ့ပတ်ဝန်းကျင် သဘာဝလေးဟာ စာကျက်လာကြတဲ့ကလေးတွေကို အေးမြစေတာ အမှန်ပါ။

အခုလို အခမ့ဲစာဖတ်ဝိုင်းကို လုပ်ဆောင်ရတဲ့ အကြောင်းရင်းကတော့ တချိန်ကဆိုရင် ကျူရှင်မတက်နိုင်ကြတဲ့ ကျောင်းသူ ကျောင်းသားတွေအတွက် အဓိက ရည်ရွယ်ထားခြင်းဖြစ်တယ်လို့ ဒေသခံရွာသားတွေက ပြောကြားချက်အရ သိရပါတယ်။ ဒီကျောင်းမှာလည်း အများစုလာရောက်တက်နေကြတဲ့ ကလေးတွေက ကျူရှင်ကြေး မတတ်နိုင်သူတွေ ပိုများပါတယ်။ နောက်ပိုင်း ဒီထက်မကတဲ့ ကျောင်းသူကျောင်းသားတွေရဲ့ စွမ်းရည်မြှင့်တင်ရေးတွေကိုလည်း နိုင်တဲ့ဘက်က လုပ်ဆောင်ပေးတာကိုလည်း တွေ့မြင်ရပါတယ်။

ကျောင်းသူကျောင်းသားတွေက မိမိတို့ကျောင်းက ဆရာဆရာမတွေ သင်ကြားပေးထားတဲ့ ကျောင်းသင်ခန်းစာ၊ ဘာသာရပ်တွေကို အိမ်ပြန်ရောက်လာလို့ မရှင်းလင်းတာတွေရှိလာတဲ့အခါ ညပိုင်းမှာ ဖွင့်ထားတဲ့ ဒီအခမ့ဲ စာဖတ်ဝိုင်းမှာ သွားရောက်မေးမြန်းနိုင်တဲ့အတွက်ကြောင့် ဒီစာဖတ်ဝိုင်းမှာ လာတက်တာဖြစ်တယ်လို့ အဌမတန်းကျောင်းသူ နန်းမိုးမိုးအေးက ချိုသာတဲ့ မျက်နှာလေးနဲ့ ပြောပါတယ်။

'သမီးတို့အိမ်မှာ စာကျက်ရင် ကျက်ချင်မှကျက်တယ်။ မကျက်ချင်ရင်လည်း ဘာမှမဖြစ်ဘူး။ မိဘတွေက ဘယ်လောက်ပြောပြော နားမထောင်ဘူး။ အခုလို နာထူးစီမှာ စာလာကျက်ရတာ ပျော်တယ်။ သူငယ်ချင်းတွေလည်း အများကြီးပါတော့ ဒီမှာ စာလာကျက်ရတာ ပျော်တယ်။ မသိတဲ့စာတွေကို သူငယ်ချင်းတွေနဲ့စုပြီး ဒီမှာရှိတဲ့ ဆရာ ဆရာမတွေကို မေးလို့လည်းရတယ်'လို့ ပြောပါတယ်။

ရသဝေါရွာမှာ နေထိုင်တဲ့ ဦးကျော်ကိုဟာ ကျောင်းသားမိဘ တယောက်ဖြစ်တယ်။ ဒီစာကျက်ဝိုင်းလေးရှိတာကို ကျောင်းသား မိဘ တယောက်အနေနဲ့ သဘောကျမိတယ်လို့ အခုလို ပြောပါတယ်။

'ကျနော့်ကလေးတွေက ဒီစာကျက်ဝိုင်းမှာ လာတက်တာ ပိုပြီး တိုးတက်လာတာတွေ့ရတယ်။ အိမ်မှာနေရင် စာဖတ်ခိုင်းလည်း သူတို့က မဖတ်ကြဘူး။ ကစားချင်လည်း ကစားကြတယ်။ ဒီလိုစာဖတ်ဝိုင်းရှိလာတော့ မိဘအနေနဲ့ အများကြီး သက်သာလာတာပေါ့'လို့ ပြောပါတယ်။

ဒီစာဖတ်ဝိုင်းကို ၂၀၁၂ ခုနှစ်မှာ စောဌေးကျော်မျိုးဆိုသူက ရွာမှာရှိတဲ့ ကျောင်းဆရာမတဦးနဲ့အတူ စတင်ထူထောင်ပြီး စာဖတ်ဝိုင်းရဲ့ စီမံခန့်ခွဲမှုနဲ့ သင်ကြားမှု ကဏ္ဍနှစ်ခုမှာ တဦးစီခွဲပြီး တာဝန်ယူလာခဲ့သလို စာဖတ်ဝိုင်း ထူထောင်ရတဲ့ အရင်းခံ အကြောင်းတရားကို စောဌေးကျော်မျိုးက အခုလို ပြောပါတယ်။

'ကျနော်တို့ နိစ္စဓူဝကြုံတွေ့ရတဲ့ ပညာရေးအခြေအနေတွေက စိတ်မသက်မသာ အားမလို အားမရတာတွေ ဖြစ်မိတယ်။ အဲဒါကို ကျနော်တို့က တတ်နိုင်တဲ့ဘက်က ပါဝင်လုပ်ဆောင်ရခြင်း ဖြစ်တယ်။ အကြောင်းရင်းကတော့ ၂၀၁၂ ခုနှစ်မတိုင်ခင် ကျူရှင်ဆိုတဲ့ အခေါ်ဝေါ်တွေ ပေါ့လေ။ တက်နိုင်တဲ့ကလေးနဲ့ မတက်နိုင်တဲ့ကလေးတွေရှိတယ်။ ပညာသင်ယူနေကြတဲ့ ကလေးတွေအားလုံး ပညာရေးကဏ္ဍမှာ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေရဖို့အတွက် အခုလို အခမ့ဲစာကျက်ဝိုင်းကို လုပ်ဆောင်ရခြင်း ဖြစ်ပါတယ်'လို့ ပြောပါတယ်။

စာဖတ်ဝိုင်းကိုတော့ ကျောင်းချိန်နောက်ပိုင်း ညနေ ၆ နာရီကနေ ညပိုင်း ၉ နာရီခွဲလောက်အထိ ဖွင့်လှစ်ထားပါတယ်။ ကျေးရွာမှာ ရှိကြတဲ့ ကျောင်းသူကျောင်းသားတွေကလာပြီး ကိုယ့်ဖာသာ စာကျက်တဲ့သူကျက်၊ အချင်းချင်း စာတွေကို မေးမြန်းကြပြီး မသိခဲ့ရင်လည်း ရှိနေတဲ့ ဆရာ၊ ဆရာမများကို မေးမြန်းလို့ရတဲ့အတွက်ကြောင့်ပါ။

စနေ တနင်္ဂနွေနေ့တွေမှာတော့ နာထူးစီ စာဖတ်ဝိုင်းမှာ ကလေးတွေက စာကျက်စာဖတ်ကြတာအပြင် စာစီစာကုံးရေးတာမျိုးတွေ၊ ကဗျာရေးတာမျိုးတွေနဲ့ တခြားဖွံ့ဖြိုးရေးတွေ အားကစားတာတွေ စတဲ့ လုပ်ဆောင်မှုမျိုးလည်း လုပ်ဆောင်ပေးနေတယ်လို့ စေတနာ့ဝန်ထမ်း ဆရာစောစိန်သိန်းအောင်က ပြောပါတယ်။

'ကျောင်းပိတ်ရက်တွေမှာ ကျနော်တို့က ကလေးတွေအတွက် စာစီစာကုံးတွေ ပေးရေးခိုင်းပြီး ပြိုင်ခိုင်းတာတွေမျိုးလည်း ရှိပါတယ်။ စကားရည်လုပွဲ လုပ်တာရှိတယ်။ ပြီးတော့ ဗဟုသုတတိုးလာအောင် Game တွေ ကစားပေးတာမျိုးလည်းရှိတယ်။ နောက် ပြင်ပအနေနဲ့ သူတို့တွေရဲ့ ယဉ်ကျေးမှုအကတွေလည်း သင်ကြားပေးပါတယ်'လို့ သူက ပြောပါတယ်။

ကျောင်းဆရာမတယောက်တည်းနဲ့ စတင်လာခဲ့တဲ့ ဒီအခမ့ဲစာဖတ်ဝိုင်းလေးဟာ အခုဆိုရင် ဆရာ၊ ဆရာမ ၈ ယောက်အထိ ရှိနေပြီး ဖြစ်ပါတယ်။ ဆရာဆရာမအားလုံးအား အခကြေးငွေမယူဘဲ စေတနာရှင်အနေနဲ့ လုပ်ဆောင်ပေးနေကြတာပါ။ ဒါပေမယ့် စာဖတ်ဝိုင်းဟာ ညပိုင်းဖြစ်တာကြောင့် ကလေးတွေ အသွားအပြန်တွေမှာ စိုးရိမ်စရာတွေ ရှိတယ်လို့ ဆိုကြပါတယ်။

ဒီစာဖတ်ဝိုင်းကို ပုံမှန် လည်ပတ်နိုင်ဖို့အတွက် အခက်အခဲတွေတော့ ရှိနေပါသေးတယ်။ အဆောက်အဦးနဲ့ စာရေးကိရိယာတွေ၊ သင်ကြားမှုအသုံးအဆောင်ပစ္စည်းတွေလည်း လိုအပ်နေတာကြောင့် အဲဒီအခက်အခဲကို ဖြေရှင်းနိုင်ဖို့အတွက် ရန်ပုံငွေအဖွဲ့ကို ဖွဲ့စည်းပေးလိုက်ပါတယ်။ အဲဒီအဖွဲ့ဟာ ကျေးရွာလူထုတွေဆီက စေတနာအလျောက် ထည့်ဝင်ငွေတွေကို ကောက်ခံကြပါတယ်။ ပုံမှန် လည်ပတ်ဖို့အတွက်တော့ ကျေးရွာက လူထုတွေက စေတနာအားဖြင့်တော့ ထည့်ဝင်ကြပေမယ့်လို့ ရေရှည်အတွက် ကုန်ကျမယ့် အဆောက်အဦးတို့၊ သင်ထောက်ကူပစ္စည်းတွေအတွက်တော့ ရန်ပုံငွေ အလုံအလောက်တော့ မရသေးပါဘူးလို့ ရန်ပုံငွေအဖွဲ့ဝင်သူ စောရွှေရိုးက ဆိုပါတယ်။

'ဘာပဲဖြစ်ဖြစ် ဒီစာဖတ်ဝိုင်းဟာ ၄ နှစ်အတွင်းမှာ အောင်မြင်မှုတွေကို မြင်တွေ့ကြတယ်လို့ တည်ထောင်သူတွေရော၊ ဆရာ၊ ဆရာမတွေကပါ ပြောကြပါတယ်။ ဒီစာဖတ်ဝိုင်းကို ဖြစ်မြောက်အောင် လုပ်ဆောင်ပေးတဲ့ သူတွေ အားလုံးဟာ အခကြေးငွေ မရပေမယ့်လို့ သူတို့ရရှိလိုက်တဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ အရာတခုကတော့ ကျေနပ်မှုဆိုတဲ့ ဝီတိပါဝ'လို့ စောရွှေရိုးက ဆက်ပြောပါတယ်။

ပိုးကရင်(အရှေ့)စကားနဲ့ဆို 'ဏါထေါ၀်.စေ၀်'လို့ ခေါ်ဝေါ်တဲ့ နာထူးစီ စကားလုံးဟာ ဗမာလိုအဓိပ္ပါယ်က 'ငွေခါးရိုး'ဖြစ်ပါတယ်။

ဒီနာမည်ကို ပေးရတဲ့အကြောင်းရင်းကတော့ အဓိက ပညာရဲ့ အစွမ်းထက်မှုကို ခါးရဲ့ ထက်မြက်မှုနဲ့ တင်စားထားတာ ဖြစ်ပါတယ်။ အမြင့်ကို၊ အဝေးကို မြင်စေချင်ရင် ခါးနဲ့ ခုတ်ထွင်ရှင်းလင်းပေးရသလို ပညာဆိုတာဟာလည်း လူ့ဘဝမြင့်မားမှုတွေ၊ အောင်မြင်မှုတွေ၊ အမြင်ကျယ်မှုနဲ့ ဗဟုသုတကြွယ်ဝမှုကို ဖန်တီးရယူနိုင်တာကြောင့် နာထူးစီ အခမ့ဲ စာဖတ်ဝိုင်းလေးဟာလည်း ထက်မြက်တဲ့ ပညာရှင်တွေ မွေးထုတ်သွားဖို့ ဖြစ်ပါကြောင်း ရည်ညွှန်းဂုဏ်ပြုလိုက်ရပါတယ်။

စ'မနိုက်ဖေါင် (ဖားအံ)

မည်မျှသော ညီမျှခြင်း

သာဝါးဇော

ပြည်တွင်းစစ်ကြောင့် ဒြိမ်းချမ်းမှုမရှိခဲ့သည့် နယ်စပ်ဒေသ အသီးသီးနှင့် ဝေးလံသီခေါင်သောဒေသရှိ ကျေးရွာလူထုအများစုမှာ ခက်ခဲကြမ်းတမ်းသော ဘဝကို ဖြတ်သန်းကြရသဖြင့် မိမိတို့၏သားသမီးများ အနာဂတ်ရေးအတွက် စာသင်ကြားပေးရန် မစဉ်းစားနိုင်ကြဘဲ သားသမီးများအား မိသားစု၏ စားဝတ်နေရေးတွင်သာ လုံးပမ်းနေခဲ့ကြသည်။

ယခုကာလအထိ စာသင်ကျောင်းမရှိသေးသော ကျေးရွာလူထုသည် မိမိတို့၏သားသမီးများ ပညာရေးအတွက် ကိုယ်ထူကိုယ်ထ ကျောင်းများကို အလျင်းသင့်သလို ဖွင့်လှစ်ချက်ရှိပြီး စာသင်ကြားနေသည့် ကလေးများအား တရားဝင် ကျောင်းသားများ ဖြစ်စေရေးအတွက် နီးစပ်ရာကျောင်း သို့မဟုတ် လွန်စွာ ဝေးလံလျှက်ရှိသော ဘုန်းတော်ကြီးသင် ပညာရေးများ၏ ကျောင်းသားစာရင်းတွင် ထည့်သွင်းနေကြရသည်။

အဆိုပါ ကိုယ်ထူကိုယ်ထကျောင်းများရှိ ကလေးသူငယ်အများစုသည် ၎င်းတို့၏ကျေးရွာတွင် အမြင့်ဆုံး သုံးတန်း၊ လေးတန်းအထိသာ စာသင်ကြားနေရသည်။ အရေအတွက် လွန်စွာနည်းသည့် အရပ်အခေါ် 'တောသူဌေး'အချို့၏ သားသမီးများသာလျှင် ဝေးလံသောဒေသရှိ ကျောင်းများသို့ သွားရောက်ပညာသင်နိုင်ကြသည်။ အခြေခံကောင်းများ မရရှိကြသည့် အဆိုပါကလေးများသည် အလယ်တန်းနှင့် အထက်တန်းတွင် သာမန်အဆင့်ထက်ပိုပြီး မရရှိနိုင်ကြဘဲ ဖြစ်နေသည်။

၎င်းတောသူဌေး မိဘများ၏ ဓနအင်အားမှာလည်း စားနိုင်သောက်နိုင်အဆင့်မျှသာရှိသဖြင့် ၎င်းတို့ကျေးရွာရှိ ကိုယ်ထူကိုယ်ထ ကျောင်းဆောင်၏ အမိုး၊ အကာ၊ အခင်းများ မပြည့်စုံကြသလို ကျောင်းအသုံးအဆောင်ဖြစ်သော စာသင်ခုံများ၏ အရည်အသွေးမှာလည်း ကောင်းမွန်ခြင်း မရှိပေ။

ထို့အပြင် လမ်းပန်းဆက်သွယ်ရေး လွန်စွာ ခက်ခဲသောဒေသနှင့် အတန်အသင့် ခက်ခဲသောဒေသရှိ ကျေးရွာအချို့တွင် အချိန်ကာလ အတန်ကြာ ဖွင့်လှစ်ခဲ့သည့် မူလတန်းနှင့် မူလွန်ကျောင်းအများစုသည် ကျောင်းဆောင်နှင့်ဆရာများ လိုအပ်ချက် ရှိနေဆဲပင် ဖြစ်သည်။ အသစ်ဖွင့်လှစ်သည့် မူလွန်ကျောင်းခွဲအများစုသည်လည်း ကျောင်းအမည်သာ ရှိပြီး ဆရာ မရှိခြင်း၊ ကျောင်းဆောင် မကောင်းခြင်းတို့ကြောင့် ယခင် မူလ ကိုယ်ထူကိုယ်ထ ကျောင်းအဆင့်အတိုင်းပင် ရှိလျက်နေသည်။

ကျေးလက်နေ မိဘအများစု၏ ပညာရေးတွင် စိတ်ဝင်စားမှု နည်းခြင်း၊ ယုံကြည်မှုကင်းခြင်းတို့ကြောင့် မိမိတို့၏သားသမီးများအား ခြောက်တန်း၊ ခုနှစ်တန်းမှ ဆယ်တန်းအထိ ရောက်ရှိနေသည့် ပညာသင်ကြားခြင်းကို ရပ်တန့်စေကာ တိုင်းတပါးသို့သွားရောက် အလုပ်လုပ်စေခြင်း၊ ပညာရေးနိမ့်ပါးမှုကြောင့် ကျေးလက်နေ ကလေးသူငယ်များ၏ အလုပ်အကိုင် အခွင့်အလမ်းရရှိမှု နည်းပါးခြင်းကို မီးမောင်းထိုးပြနေသည်။

ထိုသို့ရရှိလာမည့် အကျိုးဆက်မှာ လူကုန်ကူးမှုခံရခြင်း၊ ညှင်းပမ်းနှိပ်စက်မှုခံရခြင်း၊ အဓမ္မပြုကျင့်မှု ခံရခြင်းတို့အပြင် ပြည်ပတိုင်းပြည်များ၏ ရှုပ်ထွေးလှသည့် လူနေမှုစရိုက်နှင့် ယဉ်ကျေးမှုပုံစံတို့ကြောင့် လူငယ်ထုအတွင်း အမျိုးသားရေးလက္ခဏာ တစထက်တစ ယုတ်လျော့လာစေပြီး မျိုးချစ်စိတ်လျော့ပါးလာခြင်း၊ ကိုယ်ကျင့်တရား ပျက်ပြားလာခြင်း၊ အမျိုးသားယဉ်ကျေးမှု တန်ဘိုးထားတတ်မှု ဆုတ်ယုတ်လာခြင်း၊ ဗလင်းတန် ယိမ်းယိုင်လာသည်နှင့်အတူ မူးယစ်ဆေး၏ သားကောင်များဖြစ်နေရခြင်းတို့သည် တိုင်းပြည်အတွက် အနှုတ်လက္ခဏာပင် ဖြစ်သည်။

'ပေးကားပေး၏ မရ' ယင်းစကားသည် လွန်ခဲ့သည့်နှစ်များက ကရင်ပြည်နယ်၊ ဖားအံမြို့၊ ဒွဲကပင်ခမ်းမ လူထုတွေ့ဆုံပွဲတွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတဦး ပြောသွားခဲ့ခြင်းဖြစ်သည်။ စီမံခန့်ခွဲမှုအပိုင်းများတွင် အထက်နှင့်အောက် အပြန်အလှန် ညှိနှိုင်းပေါင်းစပ်မှုများသည် ခြေပြင်ရှိ ပကတိအခြေအနေနှင့် ကိုက်ညီမှုနည်းပါးခြင်း၊ ရိုးသားမှု၊ ပွင့်လင်းမှု၊ မျှတမှုနှင့် ဘက်စုံထောင့်စုံရှုမြင်ခြင်းတို့တွင် အားနည်းချက်များရှိနေခြင်းကြောင့် ပြည်သူအများ တန်းတူအခွင့်အရေး မရရှိခြင်းပင်ဖြစ်သည်။

ဆင်းရဲသော တိုင်းပြည်စာရင်း၏ အောက်အဆင့်မှာသာ ရှိနေသေးသော ကျွန်ုပ်တို့တိုင်းပြည်၏ ဘဏ္ဍာငွေဖြင့် တတိုင်းပြည်လုံးရှိ ကျောင်းအသီးသီးအား ကောင်းမွန်ကျယ်ဝန်းသော ကျောင်းဆောင်၊ ပြည့်စုံသော စာရေးခုံနှင့် သင်ထောက်ကူပြုပစ္စည်း လုံလောက်မှု၊ ဆရာဆရာမများ ထားရှိရန် အခက်အခဲရှိမည်ဖြစ်သော်လည်း ရှိတာလေးနှင့် မျှတစွာ ခွဲဝေခံစားသင့်ပေသည်။

ကရင်ပြည်နယ်အတွင်းရှိ အချို့သောကျောင်းများတွင် စာသင်ခန်းတခန်းလျှင် ကျောင်းသား ၁၀၀ ဝန်းကျင် သို့မဟုတ် ၁၀၀ ကျော်အား စာသင်ကြားပေးနေရသော ဆရာဆရာမများ ရှိနေခြင်းနှင့် ဝေးလံဒေသရှိ ကျောင်းအများစုတွင် 'ရွာခန့်' ဟုခေါ်သော ဆရာဆရာမအများစုဖြင့် စခန်းသွားနေကြရသည်မှာ အချိန်ကာလကြာမြင့်နေခဲ့ပြီး ဖြစ်သည်။

အချို့ကျောင်းများတွင် ကျောင်းသားအရေအတွက် နည်းသော်လည်း ဆရာဦးရေမှာမူ လိုအပ်သည်ထက် ပိုနေခြင်း၊ ၎င်းပိုနေသည့် ဆရာများအား ပေးချေရသော လစာငွေများ၊ ကျောင်းမှန်မှန်မတက်သည့် ဆရာ၊ လုံး၀ ကျောင်းမတက်သည့်ဆရာတို့အား ပေးချေနေရသည့် လစာငွေများ၊ အချို့သောကျောင်းများ သင့်တင့်လျောက်ပတ်သည့် ပြင်ဆင်ထိန်းသိမ်းခြင်း ရံပုံငွေ မရရှိသည့် အခြေအနေတွင် One Table စရိတ်ဖြစ်သွားသော ပြင်ဆင်ထိန်းသိမ်းခြင်း ရံပုံငွေများ၊ တိုင်းရင်းသားဘာသာစာပေ သင်ကြားခြင်းတွင် အမှန်တကယ် သင်ကြားခြင်းမရှိသော်လည်း ထုတ်ယူနေသည့် ချီးမြှင့်ငွေနှင့် သင်ကြားသည့်ဦးရေထက် ပိုမိုထုတ်ယူသည့် ချီးမြှင့်ငွေများ စသည်တို့၏ ယိုစိမ့်မှုကြောင့် နိုင်ငံတော်ဘဏ္ဍာငွေများ လေလွင့်စေသည်။

ဤသည်မှာ အနာဂတ်လူငယ်များအတွက် စံနမူနာဆိုးများ ဖြစ်နေသည့်အပြင် ပညာရေးမြှင့်တင်ခြင်းလုပ်ငန်းအတွက် နားလည်မှု စာချွန်လွှာ ရေးထိုးထားကြသည့် ဖွံ့ဖြိုးရေးမိတ်ဖက်နိုင်ငံများ၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများနှင့် ရံပုံငွေ ပံ့ပိုးပေးကြသည့် NGO, INGO အဖွဲ့များအပေါ် မျက်နှာပျက်စရာ ဖြစ်သည်။ နယ်မြေဒေသ အနေအထားအလိုက် ဆရာ၊ ဆရာမများအား သာတူညီမျှစွာ အလှည့်ကျ တာဝန်ထမ်းဆောင်မှု နည်းပါးခြင်း၊ MA., Msc. နှင့် Phd တန်း တက်ရောက်လိုသည့်အတွက် မူလတန်းကျောင်းအုပ်များအား ချန်လှပ်ထားခြင်းသည်လည်း ဗဟိုမှ ချမှတ်ထားသောစနစ် ဟုတ်ဟန်မတူပါ။

သင်ကြားရေးတွင်လည်းကောင်း၊ စီမံခန့်ခွဲမှုအပိုင်းတွင်လည်းကောင်း၊ မိမိတို့ကျောင်းနှင့် အနီးဝန်းကျင်ကျောင်းတို့၏ အခြေအနေ အရပ်ရပ်ကို ဆွေးနွေးတင်ပြခွင့်နှင့် အများပြည်သူသိရှိရန် ပြောဆိုခွင့် မရရှိခြင်းသည် ပညာရေးမြှင့်တင်ခြင်းလုပ်ငန်းအား အဟန့်အတား ဖြစ်စေသည်။

အောက်ခြေအဆင့် ဆရာ၊ဆရာမများသည် မိမိတို့၏ ကိုယ်ပိုင်အခွင့်အရေး၊ ကျောင်း၏အခြေအနေနှင့် အမှန်တကယ် ဖြစ်နေသည့် အနေအထားများကို ထုတ်ဖော်ပြောကြားရန် ဝန်လေးကြသည်။ အကြောင်းမှာ အခြေအနေမှန်ကို လက်မခံသော စီမံခန့်ခွဲသူတို့၏ ဖိအားပေးမှုအပေါ် ကြောက်ရွံ့နေကြခြင်းပင်ဖြစ်သည်။ ၎င်းအပြင် နေရာပြောင်းရွှေ့ခြင်းနှင့် ရာထူးတိုးမြှင့်ရေးတို့တွင် မျှတမှုမရှိသော အကျိုးသက်ရောက်မှု ဖြစ်ပေါ်နိုင်ကြောင်း ယုံကြည်ကြခြင်းပင် ဖြစ်သည်။

ဆရာ၊ ဆရာမအားလုံးသည် ရေငုံနှုတ်ပိတ်နေရမည့် အခြေအနေမှ မှန်ကန်ပွင့်လင်းစွာ ပြောဆိုတင်ပြခွင့် ရရှိကြမည်ဆိုပါလျှင် ပညာရေးမြှင့်တင်ခြင်းလုပ်ငန်း၏ အဟန့်အတားများအား အတိုင်းအတာတခုအထိ ဖယ်ရှားနိုင်မည်ဖြစ်သည်။ 'ပြုပြင်ပြောင်းလဲရေး' ဘက်စုံလွှမ်းခြုံသော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်း၏ ထောက်ခံအကြံပြုချက်ဖြစ်သော ပညာရေးကောလိပ်၊ တက္ကသိုလ်သင်တန်းသား ရွေးချယ်စိစစ်ရေးစနစ်တွင် ဆယ်တန်းရမှတ် တခုတည်းကိုသာမက ၀ါသနာပါမှု၊ ခံယူချက် သဘောထား စသည်တို့အပေါ် အခြေခံရမည်ဖြစ်သော်လည်း နယ်မြေဒေသ၏ ပကတိအခြေအနေမှန်ကို သိရှိမှုအားနည်းခြင်း၊ အချက်အလက်စုဆောင်းမှု အားနည်းခြင်းတို့ကြောင့် ဆယ်တန်းရမှတ်ကိုသာ မူတည်ပြီး လွယ်ကူသောနည်းဖြင့် ဗဟိုမှ တိုက်ရိုက်ရွေးချယ်ခြင်းသည် ပြည်သူများအပေါ် လွှမ်းခြုံမှုနည်းစေပါသည်။

ခွင့်တူခံစားမှုရရှိရန်နှင့် ကောင်းမွန်ပြည့်စုံသော ပညာရေးဝန်ထမ်းရွေးချယ်ရေးစနစ်တစ်ရပ် ထူထောင်ရန်အတွက် အစီအမံများကို စတင်ဆောင်ရွက်သင့်ပါသည်။ ကျောင်းသားဦးရေ များပြားလွန်းပြီး ဆရာမလုံလောက်သော ကျောင်းများတွင် ဆရာ၊ ဆရာမများ ဖြည့်ဆည်းပေးရန် တောင်းဆိုသည့်ကျောင်းများ ရှိပါသည်။ အဆိုပါကျောင်းများသို့ သွားရောက်တာဝန်ထမ်းဆောင်ရန် လျှောက်ထားသောဆရာများရှိပါက ပို့ပေးပါမည်ဟူသော နှစ်သိမ့်မှုသာရရှိကြသဖြင့် ဒေသခံပြည်သူများမှာ မျှော်လင့်ချက် ကင်းမဲ့နေကြရသည်။

ပြောင်းရွှေ့နေရာချထားရာတွင်လည်း ဆရာများ၏ သဘောဆန္ဒအရ သက်ရောက်သည့်စနစ်ဖြစ်ပါက စီမံခန့်ခွဲရာ၌ အားနည်းချက် ဖြစ်ပေါ်နေပြီး ဆရာလိုအပ်သောကျောင်းများသို့ ဆရာများ ရောက်ရှိနိုင်မည် မဟုတ်။ ထို့အပြင် ဆရာများ ပြည့်စုံနေသည့် အချို့ကျောင်းများသို့ ဆရာများ အလိုအလျောက် ထပ်မံ ရောက်ရှိနေခြင်းသည်လည်း မဖြစ်သင့်သည့်အရာပင် ဖြစ်သည်။

ကျေးရွာအချို့ရှိကျောင်းများတွင် ရွာခံဆရာများအား ခန့်အပ်မှုနည်းပါးပြီး အခြားသောဒေသများမှ ဆရာများ အားထားရှိနေကြခြင်း၊ ရွာခံ ဆရာများ မိမိတို့ကျေးရွာသို့ ပြန်လည်ပြီး တာဝန်ချထားမှု မရှိခြင်းကြောင့် ကျေးရွာ၏ သာရေးနာရေး၊ လူမှုရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် အားနည်းမှုဖြစ်စေသည့်အပြင် ဆရာများအချင်းချင်းကြားတွင်လည်းကောင်း၊ လူထုများကြားတွင်လည်းကောင်း သံသယပွားစေကာ စည်းလုံးညီညွတ်မှုကို ပျက်ပြားစေနိုင်ကြောင်း ရှုမြင်မိသည်။

အခြားသောဒေသများသို့ ရောက်ရှိနေကြသည့် ဆရာများအနေဖြင့် မိမိတို့ကျေးရွာသို့ ပြန်လည်တာဝန်ထမ်းဆောင်နိုင်ရေးအတွက် တောင်းဆိုသော ကျေးရွာလူထု၏ဆန္ဒများကိုလည်း အလေးထားသင့်သည်။ ထို့ကြောင့် ပြည်သူများ ခွင့်တူညီမျှမှု ရရှိနိုင်ကြစေရန် ပြည်သူများကသာ ဝိုင်းဝန်းကြိုးပမ်းလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း တိုက်တွန်းရေးသားလိုက်ပါသည်။

သာဝါးဇော

ကျောင်းသားဦးရေများလာသည့်အတွက် စာမေးပွဲဖြေဆိုခန်းမလုံလောက်မှုဖြစ်နေ

ဇန်နဝါရီ ၂၅ ရက်၊ ၂၀၁၇ ခုနှစ်
စောမြတ်ဦးသာ

မတ်လ ၈ ရက်နေ့တွင် စတင်မည့် ၂၀၁၆ –၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ခလယ်–တံခွန်တိုင် တိုက်နယ်၊ တံခွန်တိုင် စာစစ်ဌာနခ၌ စာမေးပွဲ ဖြေဆိုသူ ကျောင်းသူ/ကျောင်းသားဦးရေ ယခင်နှစ်ထက်များလာသည့်အတွက် စာမေးပွဲဖြေဆိုခန်း လုံလောက်မှု မရှိကြောင်း တံခွန်တိုင် အထက်တန်းကျောင်းအုပ် ဆရာကြီး ဦးမြင့်ထွန်းက ပြောသည်။

၎င်းက 'စာမေးပွဲဖြေဆိုခန်းမလုံလောက်ဘူးပေါ့နော်။ အခန်းလိုအပ်တာ ၂၄ ခန်း၊ အခု ၂၁ ခန်းပဲ ရှိသေးတယ်။ သုံးခန်း ထပ်လိုတယ်။ တည်းခိုဖို့နေရာတော့ အခက်အခဲမရှိဘူး။ ကိုယ့်အား ကိုယ်ကိုး ဆောက်ထားတဲ့ အဆောက်အဦးကိုတော့ ပညာရေးဌာနက ရံပုံငွေချပေးပြီးရင် ဖေဖော်ဝါရီလ အကုန်မှာ ပြီးစီးအောင် ဆောက်လုပ်သွားမယ်'ဟု ကရင်သတင်းစဉ်သို့ ပြောသည်။

တံခွန်တိုင်စာစစ်ဌာနခ၌ ခလယ်အထက၊ တံခွန်တိုင် အထက၊ တောင်ဒီး အထက(ခွဲ)၊ ထီမံထိုအထက(ခွဲ)၊ ကျုံခဝန် အထက(ခွဲ)၊ ဖားပြ အထက၊ အနန်းကွင်း အထက(ခွဲ)ကျောင်းတို့မှ ယခင်နှစ်ကတက္ကသိုလ်ဝင်တန်း ကျောင်းသူ/ကျောင်းသား ဦးရေ ၅၀၀ ကျော်ဝင်ရောက်ဖြေဆိုရာမှ ယခုနှစ် ကျောင်းသားဦးရေ ၇၀၀ ကျော်အထိ ဝင်ရောက်ဖြေဆိုကြမည်ဟု ဆရာကြီး ဦးမြင့်ထွန်းက ပြောသည်။

၎င်းကိစ္စအပေါ် ကြာအင်းဆိပ်ကြီးမြို့နယ် ဒုပညာရေးမှူး ဆရာကြီး ဦးအေးသိန်းက 'ယာယီ ကျောင်းဆောင်အတွက် တင်ထားတာ ရှိတယ်။ အပြီးသတ်လုပ်နိုင်ဖို့ ပညာရေးဌာနကနေ ဒီနှစ်မှာ ငွေချပေးသွားမယ်။ ကျောင်းပြင်ဆင်ထိန်းသိမ်းစရိတ်အတွက် တင်ထားတဲ့ ကျောင်းတွေကိုလည်း ငွေချပေးသွားမယ်'ဟု ဇန်နဝါရီ ၂၅ တွင် ကရင်သတင်းစဉ်သို့ ပြောသည်။

အစိုးရ ပညာရေး ဝန်ကြီးဌာနမှ ၂၀၁၆ –၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲကို မတ်လ ၈ ရက်မှ ၁၇ ရက်နေ့အထိ သက်ဆိုင်ရာ ဘာသာရပ်အလိုက် ဖြေဆိုရမည့် အချိန်စာရင်းကို ထုတ်ပြန်ထားပြီ ဖြစ်ပြီး ကြာအင်းဆိပ်ကြီး၊ ကျိုက်ဒုံ၊ ဘုရားသုံးဆူ၊ တံခွန်တိုင်စသည့် ကြာအင်းဆိပ်ကြီးမြို့နယ် စာစစ်ဌာန ၄ ခု၌ စုစုပေါင်း ကျောင်းသူ၊ ကျောင်းသားဦးရေ ၁၇၂၃ ဦး ဝင်ရောက်ဖြေဆိုမည်ဟု မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

ကရင်ပြည်နယ်၏ ယခင်နှစ် ၂၀၁၅–၂၀၁၆ ပညာသင်နှစ်တွင် တံခွန်တိုင်စာစစ်ဌာနတွင် ဖြေဆိုသူ ၅၅၂ ဦး၌ ၁၅၇ ဦး အောင်မြင်ခဲ့ပြီး တပြည်နယ်လုံးတွင် ဝင်ရောက်ဖြေဆိုသူ ၁၃၆၃၇ ဦး၌ ၃၇၀၃ ဦး အောင်မြင်ခဲ့သည်။ မြို့နယ်အလိုက် အောင်ချက်ရာခိုင်နှုန်းတွင် လှိုင်းဘွဲ့မြို့နယ် ပထမ၊ ကြာအင်းဆိပ်ကြီးမြို့နယ် ဒုတိယ၊ ဖားအံမြို့နယ် တတိယတို့ဖြင့် အသီးသီး ရပ်တည်ခဲ့သည်။

တက်ငန်းလင်း

မော်တော်ယာဉ်များစုံဖြန့်ဖြူးရောင်းချရေး

ဖုန်း - ၀၅၈ ၂၁၅၆၈၊ ၀၉ ၇၉၄ ၅၉၆ ၅၂၉

အမှတ် ၉/၆၉၊ ဗိုလ်ချုပ်လမ်း၊ (၉) ရပ်ကွက်၊ ဖားအံမြို့၊ ကရင်ပြည်နယ်။

အမှတ် ၂၆၃၊ ဗိုလ်ချုပ်လမ်း၊ (၉) ရပ်ကွက်၊ ဖားအံမြို့၊ ကရင်ပြည်နယ်။